# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်
# (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး
# (၂၃) ရက်မြောက်နေ့ မှတ်တမ်း

အကြမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၂ |
| ၃ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၄ |
| ၅ | ကျောက်ဖြူမြို့၊ အလယ်ပိုင်းရပ်ကွက် ဖြတ်လမ်း(၃)တွင်ရှိသည့် ဦးပိုင်အမှတ်(၁၁၈/ခ) မြေကွက်၏ မြေစာရင်းမှတ်ပုံတင်(၁/က) စာအုပ်၌ မှတ်တမ်းတင်ထားရှိသည့် မြေပုံမိတ္တူကို မိမိအားမည်သည့်အချိန်တွင် မည်သည့်အစီအစဉ်ဖြင့် ထုတ်ပေးပါမည်နှင့် စပ်လျဉ်းသည့်မေးခွန်း | ၅ |
| ၆ | ဥတ္တရသီရိမြို့နယ်တွင် ၂၀၁၇ ခုနှစ်အတွင်း သစ်တောပယ်ဖျက်ထားသော ကျေးရွာ(၁၁)ရွာ၏ ရွာမြေ၊ လယ်မြေနှင့် အများပိုင်မြေများ သတ်မှတ်တိုင်းတာရာတွင် ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိသည့် အကြောင်းအရာနှင့်စပ်လျဉ်း၍ စာရွက်ပေါ်မှ စာရင်းနှင့်မြေပြင် အမှန်တကယ်ရှိသော စာရင်းမှန်ကန်အောင် မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် ပယ်ဖျက်ထားသော ရွာနယ်နိမိတ်များနှင့် လယ်မြေများ ပြည်သူလက်ဝယ်ရောက်ရှိပြီး ပုံစံ(၇)ရရှိရေး တာဝန်ရှိသောဌာနများ မည်သို့ပေါင်းစပ်ဆောင်ရွက်နေပြီး မည်သည့်အချိန်တွင် ပြီးစီးအောင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၀ |
| ၇ | တောင်တွင်းကြီးမြို့နယ်အတွင်း ပဲခူးရိုးမပေါ်ရှိ ဝံအော်ကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို အခြေခံပညာမူလတန်းလွန်ကျောင်း အဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၆ |
| ၈ | အစိုးရဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံတစ်ဝန်း သုံးစွဲနေသော ပုံနှိပ်မီဒီယာများအားလုံး ကွန်ပျူတာပုံနှိပ် ဖော်ပြရာတွင် အသုံးပြုနေသော တစ်ချောင်းငင်အရှည်နှင့် အတိုသုံးစွဲမှုကို ပြည်ထောင်စုအစိုးရအဖွဲ့က ဦးဆောင်၍ စနစ်တကျမှန်ကန်အောင် ညွှန်ကြားပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၁၉ |

| | | |
|---|---|---|
| ၉ | မြန်မာတစ်နိုင်ငံလုံးရှိ ဆေးတက္ကသိုလ်များတွင် ဝင်ခွင့်ကို တိုင်းဒေသကြီး/ပြည်နယ်များ၏ လူဦးရေအပေါ် အခြေခံပြီး အချိုးကျ ခေါ်ယူပေးရန် အစီအစဉ်ရှိ/ မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၂၃ |
| ၁၀ | တန့်ယန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း တန့်ယန်း ကျောင်းဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာ(၃)လုံးအား ပယ်ဖျက်ပြီး (၁၀)ခန်းတွဲ(၃)ထပ် RC အဆောက်အဦ သို့မဟုတ် ထပ်မံပြောင်းရွှေ့ တာဝန်ထမ်းဆောင်မည့် ပညာရေးဝန်ထမ်းများ အတွက်ပါ သင့်တင့် မျှတသည့် အခန်းပါဝင်သည့် အဆောက်အဦ ဆောက်လုပ်နိုင်ရန် လျာထားဆောင်ရွက်ထားခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၂၆ |
| ၁၁ | အင်းစိန်မြို့နယ်အတွင်း အ.ထ.က(၃) အင်းစိန်မြေနေရာတွင် မြို့နယ် ကျောင်းပေါင်းစုံ အားကစားကွင်းနှင့် အ.ထ.က(၇)အင်းစိန်မြေနေရာတွင် မြို့နယ်ကျောင်းပေါင်းစုံ မိုးလုံလေလုံအားကစားရုံ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၉ |
| ၁၂ | ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း | ၃၂ |
| ၁၃ | ဒေါက်တာသန်းအောင်စိုး၊ မင်းလှမဲဆန္ဒနယ်က တင်သွင်းသည့် လူနှင့် တိရစ္ဆာန်များတွင် ခွေးရူးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းရေး အတွက် ဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ အားလုံး ပူးပေါင်းလျက် စီမံချက်ချမှတ်ရေးဆွဲပြီး ဆောင်ရွက်ရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များ က ဆွေးနွေးခြင်း | ၈၄ |
| ၁၄ | ဒေါက်တာသန်းအောင်စိုး၊ မင်းလှမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်း | ၁၁၃ |
| ၁၅ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၄) ရက် မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း | ၁၁၈ |

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# (၂၃)ရက်မြောက်နေ့ အစီအစဉ်

# [ ၁၁-၃-၂၀၁၉ ] (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့်အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးဘရှိန်၊ ကျောက်ဖြူ မဲဆန္ဒနယ်၏ **ကျောက်ဖြူမြို့၊ အလယ်ပိုင်းရပ်ကွက် ဖြတ်လမ်း(၃)တွင်ရှိသည့် ဦးပိုင်အမှတ် ၁၁၈/ခ မြေကွက်၏ မြေစာရင်း မှတ်ပုံတင် ၁/က စာအုပ်၌ မှတ်တမ်းတင်ထားရှိသည့် မြေပုံမိတ္တူကို မိမိအားမည်သည့်အချိန်တွင် မည်သည့် အစီအစဉ်ဖြင့် ထုတ်ပေးပါမည်** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးကျော်မင်းလှိုင်၊ ဥတ္တရသီရိ မဲဆန္ဒနယ်၏ **ဥတ္တရသီရိမြို့နယ်တွင် ၂၀၁၇ ခုနှစ်အတွင်း သစ်တောပယ်ဖျက်ထားသော ကျေးရွာ(၁၁)ရွာ၏ ရွာမြေ၊ လယ်မြေနှင့် အများပိုင်မြေများ သတ်မှတ်တိုင်းတာရာတွင် ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိသည့် အကြောင်းအရာနှင့် စပ်လျဉ်း၍ စာရွက်ပေါ်မှ စာရင်းနှင့် မြေပြင်အမှန်တကယ်ရှိသော**

**စာရင်း မှန်ကန်အောင် မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် ပယ်ဖျက်ထားသော ရွာနယ်နိမိတ်များနှင့် လယ်မြေများ ပြည်သူ လက်ဝယ်ရောက်ရှိပြီး ပုံစံ (၇) ရရှိရေး တာဝန်ရှိသောဌာနများ မည်သို့ ပေါင်းစပ်ဆောင်ရွက်နေပြီး မည်သည့်အချိန်တွင် ပြီးစီးအောင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးမင်းသိန်း၊ တောင်တွင်းကြီး မဲဆန္ဒနယ်၏ **တောင်တွင်းကြီးမြို့နယ် အတွင်း ပဲခူးရိုးမပေါ်ရှိ ဝံအော်ကြီးကျေးရွာ အခြေခံပညာမူလတန်း ကျောင်းကို အခြေခံပညာမူလတန်းလွန်ကျောင်းအဖြစ် အဆင့် တိုးမြှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးမောင်မောင်၊ ထီးချိုင့် မဲဆန္ဒနယ်၏ **အစိုးရဝန်ကြီးဌာနများနှင့် မြန်မာ နိုင်ငံတစ်ဝန်း သုံးစွဲနေသော ပုံနှိပ်မီဒီယာများအားလုံး ကွန်ပျူတာ ပုံနှိပ်ဖော်ပြရာတွင် အသုံးပြုနေသော “တစ်ချောင်းငင်အရှည်နှင့် အတို” သုံးစွဲမှုကို ပြည်ထောင်စုအစိုးရအဖွဲ့က ဦးဆောင်၍ စနစ်တကျ မှန်ကန်အောင် ညွှန်ကြားပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးသက်နိုင်ဦး၊ ရေဖြူ မဲဆန္ဒနယ်၏ **မြန်မာတစ်နိုင်ငံလုံးရှိ ဆေးတက္ကသိုလ်များ ဝင်ခွင့်ကို တိုင်းဒေသကြီး/ပြည်နယ်များ၏ လူဦးရေအပေါ်အခြေခံပြီး အချိုးကျခေါ်ယူပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးစိုင်းမောင်ပွင့်၊ တန့်ယန်း မဲဆန္ဒနယ်၏ **တန့်ယန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း တန့်ယန်းကျောင်းဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာ(၃)လုံးအား ပယ်ဖျက်ပြီး (၁၀)ခန်းတွဲ (၃)ထပ် RC အဆောက်အဦ သို့မဟုတ် ထပ်မံပြောင်းရွှေ့ တာဝန်ထမ်းဆောင်မည့် ပညာရေးဝန်ထမ်းများအတွက်ပါ သင့်တင့်မျှတသည့် အခန်းပါဝင်သည့်**

**အဆောက်အဦ ဆောက်လုပ်နိုင်ရန် လျာထား ဆောင်ရွက်ထားခြင်း ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးမောင်မောင်ဦး၊ အင်းစိန် မဲဆန္ဒနယ်၏ **အင်းစိန်မြို့နယ်အတွင်း အ.ထ.က(၃) အင်းစိန်မြေနေရာတွင် မြို့နယ်ကျောင်းပေါင်းစုံ အားကစားကွင်းနှင့် အ.ထ.က(၇) အင်းစိန်မြေနေရာတွင် မြို့နယ် ကျောင်းပေါင်းစုံ မိုးလုံလေလုံအားကစားရုံ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၆။ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ တင်ပြခြင်း၊

၇။ ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆွေးနွေး လိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၈။ ဒေါက်တာဦးသန်းအောင်စိုး၊ မင်းလှ မဲဆန္ဒနယ်က တင်သွင်းသည့် **"လူနှင့် တိရစ္ဆာန်များတွင် ခွေးရူးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းရေးအတွက် ဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ အားလုံးပူးပေါင်းလျက် စီမံချက်ချမှတ် ရေးဆွဲပြီးဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆိုကို အောက်ပါလွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဦးဘိုဘိုဦး၊ စမ်းချောင်း မဲဆန္ဒနယ်၊

(ခ) ဒေါက်တာဒေါ်ခင်စည်သူ၊ လှိုင်ကော် မဲဆန္ဒနယ်၊

(ဂ) ဦးရဲလွင်၊ အလုံ မဲဆန္ဒနယ်၊

(ဃ) ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ ပြည် မဲဆန္ဒနယ်၊

(င) ဒေါက်တာဦးစံရွှေဝင်း၊ ရေကြည် မဲဆန္ဒနယ်၊

(စ) ဦးအောင်ကျော်ကျော်ဦး၊ လှိုင် မဲဆန္ဒနယ်၊

(ဆ) ဒေါက်တာဦးမြင့်သိန်း၊ ညောင်လေးပင် မဲဆန္ဒနယ်၊

(ဇ) ဦးတိုးဝင်း၊ တာမွေ မဲဆန္ဒနယ်၊

(ဈ) ဗိုလ်မှူးဝင်းမင်းထွန်း၊ တပ်မတော်သားကိုယ်စားလှယ်၊

(ည) ဦးစိန်မြင့်၊ မြင်းခြံ မဲဆန္ဒနယ်၊

(ဋ) ဒေါက်တာမေဝင်းမြင့်၊ မရမ်းကုန်း မဲဆန္ဒနယ်၊

၉။ အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်း ဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၂၃)ရက်မြောက်နေ့မှတ်တမ်း

## ၁၃၈၀ ပြည့်နှစ်၊ တပေါင်းလဆန်း ၆ ရက်
## (၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်)
## (တနင်္လာနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါခင်ဗျာ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦးရှိသည့်အနက် ၃၉၄ ဦးတက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၀.၉၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့်စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၄ ဖြစ်ပါတယ်။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာလှမိုး(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၉ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ကျွန်တော် ဒေါက်တာလှမိုး၊ အောင်မြေသာစံမဲဆန္ဒနယ်က ကိုယ်စား ခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၃ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၉၄ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၂၉ ဦး ရှိပါတယ်။ ခွင့်ပန်ကြားသူကိုယ်စားလှယ်များကတော့-

(၁) ကျိုက်လတ်မဲဆန္ဒနယ်မှ ဦးရန်လင်း ခွင့် ၃ ရက်၊

(၂) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးကျော်မြင့် ခွင့် ၃ ရက်၊

(၃) ဝက်လက်မဲဆန္ဒနယ်မှ ဦးမြင့်သိန်း ခွင့် ၃ ရက်၊

**မူကြမ်း**

(၄) သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦး ခွင့် ၃ ရက်၊

(၅) ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင် ခွင့် ၁ ရက်၊

(၆) ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း ခွင့် ၁ ရက်၊

(၇) ပလက်ဝမဲဆန္ဒနယ်မှ ဦးစိန်အောင် ခွင့် ၁ ရက်၊

(၈) သရက်ချောင်းမဲဆန္ဒနယ်မှ ဦးအောင်စိုး ခွင့် ၅ ရက်၊

(၉) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၅ ရက်၊

(၁၀) ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင် ခွင့် ၁ ရက်၊

(၁၁) သာကေတမဲဆန္ဒနယ်မှ ဒေါက်တာဝေဖြိုးအောင် ခွင့် ၁ ရက်၊

(၁၂) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးနေမျိုးထက် ခွင့် ၁ ရက်၊

(၁၃) ကွမ်းခြံကုန်းမဲဆန္ဒနယ်မှ ဦးစိုးသူရထွန်း ခွင့် ၁ ရက်၊

(၁၄) မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါင်းဆိုင်ဟိန်း ခွင့် ၅ ရက်၊

(၁၅) နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးနိုင်ထူးအောင် ခွင့် ၅ ရက်၊

(၁၆) မန်တုံမဲဆန္ဒနယ်မှ ဒေါ်နန်းမိုး ခွင့် ၃ ရက်၊

(၁၇) မတ္တရာမဲဆန္ဒနယ်မှ ဦးဇော်မင်းလွင် ခွင့် ၁ ရက်၊

(၁၈) မယ်စဲမဲဆန္ဒနယ်မှ ဦးသန်းလင်းလင်း ခွင့် ၂ ရက်၊

(၁၉) မတူပီမဲဆန္ဒနယ်မှ ဦးပါထန်း ခွင့် ၅ ရက်၊

(၂၀) ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်း ခွင့် ၁ ရက်၊

(၂၁) ဘုတ်ပြင်းမဲဆန္ဒနယ်မှ ဦးနေလင်းထွန်း ခွင့် ၁ ရက်၊

(၂၂) ပေါင်းတည်မဲဆန္ဒနယ်မှ ဦးအေးမင်းအောင်(ခ)ဦးမင်းမင်း ခွင့် ၃ ရက်၊

(၂၃) မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော ခွင့် ၅ ရက်၊

(၂၄) ရွာငံမဲဆန္ဒနယ်မှ ဦးအောင်စိုးမင်း ခွင့် ၁ ရက်၊

(၂၅) တန့်ဆည်မဲဆန္ဒနယ်မှ ဦးမြင့်ထွန်း ခွင့် ၁ ရက်၊

(၂၆) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း ခွင့် ၁ ရက်၊

(၂၇) သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ် ခွင့် ၁ ရက်၊

(၂၈) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးဘုန်းမြင့်အောင် ခွင့် ၁ ရက်နှင့်

**မှူကြမ်း**

(၂၉) ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၁၀ ဦး၊ ယနေ့ ခွင့်ပန်ကြားသူ ၂၉ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၃၉ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၃ ဦး၊ ယခင်ကခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၁၀ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၉ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၃၉ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ကျောက်ဖြူမြို့၊ အလယ်ပိုင်းရပ်ကွက်ဖြတ်လမ်း(၃)တွင်ရှိသည့် ဦးပိုင်အမှတ်(၁၁၈/ခ)မြေကွက်၏ မြေစာရင်းမှတ်ပုံတင်(၁/က)စာအုပ်၌ မှတ်တမ်းတင်ထားရှိသည့် မြေပုံမိတ္တူကို မိမိအားမည်သည့်အချိန်တွင် မည်သည့်အစီအစဉ်ဖြင့်ထုတ်ပေးပါမည်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်က ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန် ဖြစ်ပါတယ်။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ လိုအပ်တဲ့နေရာတွေမှာ Power Point နဲ့တင်ပြခွင့်ပြုပါ။ ဒါကတော့ ကျွန်တော်မေးတဲ့မေးခွန်းပါ။ ဒီလိုမေးခွန်းမေးရခြင်းအကြောင်းအရင်းတွေကတော့ အများကြီးရှိပါတယ်။ ကျွန်တော်က လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ပါ။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ဆိုင်ရာဥပဒေတွေနဲ့ပတ်သက်ပြီးတော့ နည်းနည်းတင်ပြပါမယ်။ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၈ ပုဒ်ခွဲငယ်(ဃ)၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၉ ပုဒ်မခွဲ(ဃ)တို့မှာ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့တာဝန်ကို ဖော်ပြထားတယ်။ အဲဒီမှာ နိုင်ငံသားများ၏မူလအခွင့်အရေးများ ရရှိခံစားနိုင်ရေးကို ရှေးရှုဆောင်ရွက်ခြင်းဆိုတဲ့ပြဋ္ဌာန်းချက်ပါဝင်ပါတယ်။ နောက်တစ်ခါ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၉ ပုဒ်မခွဲ(ခ)၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ(ဂ)တို့မှာလည်း လွှတ်တော်ကိုယ်စားလှယ်များသည် အစိုးရဌာနအဖွဲ့အစည်းများထံမှ အချက်အလက်များရယူခြင်းလုပ်ပိုင်ခွင့်ရှိတယ်ဆိုတာ ပြဋ္ဌာန်းထားပါတယ်။ ဒါ့အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၆ နဲ့ ၃၅၇ တို့မှာ နိုင်ငံတော်သည် နိုင်ငံသားများ၏ တရားဝင်ရပိုင်ခွင့်ရှိသော ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများနှင့်စပ်လျဉ်း၍ ဥပဒေအရ ကာကွယ်ပေးရမယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်လျှင် နိုင်ငံတော်သည် နိုင်ငံသား၏ နေအိမ်ဥပစာလုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့်အခြားဆက်သွယ်မှုဆိုင်ရာလုံခြုံမှုတို့ကို ဥပဒေအရကာကွယ်ပေးရမယ်လို့ ပြဋ္ဌာန်းထားပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၄-၅-၂၀၁၂ ရက်နေ့က ကျောက်ဖြူမြို့နယ်တရားရုံးနှင့်မြေစာရင်းဌာနကတာဝန်ရှိပုဂ္ဂိုလ်တွေဟာ မိမိတို့ရဲ့ ရုံးဌာနအရှိန်အဝါကိုအသုံးပြုပြီးတော့ အထက်ဖော်ပြပါဦးပိုင်အမှတ်(၁၁၈/ခ) အိမ်ရာမြေရဲ့ ၁၀ ပေ၊ ပေ ၅၀ လောက်ကို မတရားသိမ်းယူပြီးတော့ ပိုင်ရှင် ဦးသန်းမြင့်တို့မိသားစုကို နေရာကဖယ်ရှားလိုက်ကြပါတယ်။ ဒါကတော့ မြေပုံမှာ အပြာဝိုင်းက ဦးပိုင်အမှတ်၁(၁၇/ဃ)။ အနီစက်ကတော့ ကျူးကျော်ထားတယ်ဆိုတဲ့မြေ။ ဒီဟာကတော့ ကျောက်ဖြူမြို့နယ်

ခရိုင်တရားရုံး တရားမကြီးအမှုအမှတ်(၁၁/၂၀၀၅) အမှုက (သက်သေခံ စျ-၁)မြေပုံဖြစ်ပါတယ်။ ဒါကတော့ စောစောက (သက်သေခံ စျ-၁)မြေပုံမှာ ဖော်ပြထားတဲ့ပုံကတော့ အပေါ်ပိုင်းကပုံ။ ၁၄-၂-၂၀၁၂ ရက်နေ့က တရားရုံးရယ်၊ မြေစာရင်းရုံးရယ် ဒီဌာနဆိုင်ရာတွေက ဦးသန်းမြင့်ရဲ့မြေကို မတရားကျူးကျော်သိမ်းပိုက်ထားတဲ့ဟာကို ဖော်ပြချက်ဖြစ်ပါတယ်။ ဒီပုံမှာ အပြာရောင်ကွက်ကတော့ ကျွန်တော် ဦးပိုင်အမှတ်(၁၁၇/ဃ) မြေကွက်ကို တရားဝင်ကူးယူရရှိတဲ့ပုံဖြစ်ပါတယ်။ အနီစက်က ဦးပိုင်အမှတ်(၁၁၈/ခ)ဆိုတာ ကျွန်တော် ဒီမေးခွန်းနဲ့တောင်းထားတဲ့ မြေကွက်ဖြစ်ပါတယ်။ ဘာကြောင့် ဒီမြေပုံကို တောင်းရလဲဆိုလို့ရှိရင် ဒီမှာ Slide(2)နဲ့ Slide(3)ကို ယှဉ်ပြီးတော့ပြထားပါတယ်။ ဘယ်ဘက်ကပုံကတော့ (သက်သေခံ စျ-၁)မြေပုံကို ညာဘက်ပုံရဲ့အပေါ်ပိုင်းမှာ မြေပြင်အနေအထားနဲ့ဖော်ပြထားတာ ဖြစ်ပါတယ်။ အောက်ကပုံကတော့ ၁၄-၅-၂၀၁၂ ရက်နေ့မှာ တရားရုံးက ဌာနဆိုင်ရာတွေနဲ့ မြေစာရင်းကဌာနဆိုင်ရာတွေ မတရားကျူးကျော်သိမ်းပိုက်ထားတဲ့မြေ။ ဒီဟာကတော့ ကျွန်တော့်အိမ်ရှေ့မှာ ဖြစ်နေတဲ့မတရားမှုတွေဖြစ်တဲ့အတွက်ကြောင့် ဒီဟာကို လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေနဲ့ လွှတ်တော်ကတစ်ဆင့် တာဝန်ရှိတဲ့လူတွေကို ပြောဆိုဆွေးနွေးပြီးတော့တင်ပြနိုင်အောင်လို့ အထက်ပါမေးခွန်းကို ကျွန်တော်မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဘရှိန်ရဲ့ ကျောက်ဖြူမြို့၊ အလယ်ပိုင်းရပ်ကွက်ဖြတ်လမ်း(၃)မှာရှိတဲ့ ဦးပိုင်အမှတ်(၁၁၈/ခ) မြေကွက်ရဲ့မြေစာရင်း မှတ်ပုံတင်(၁/က) စာအုပ်မှာ မှတ်တမ်းတင်ထားရှိတဲ့ မြေပုံမိတ္တူကို မိမိအား မည်သည့်အချိန်တွင် မည်သည့်အစီအစဉ်ဖြင့်ထုတ်ပေးပါမည်နဲ့ စပ်လျဉ်းသည့်မေးခွန်းအပေါ်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားပါ့မယ်ခင်ဗျား။ မြေပုံရေးကူးခွင့်နှင့်ပတ်သက်ပြီးတော့ လယ်ယာမြေစီမံခန့်ခွဲရေးနဲ့ စာရင်းအင်းဦးစီးဌာနအနေနဲ့ မြန်မာနိုင်ငံမြေစာရင်းလက်စွဲပါ ဥပဒေပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရပါတယ်။ အဆိုပါဥပဒေပါပြဋ္ဌာန်းချက်များဖြစ်တဲ့ အခန်း(၉) မှတ်တမ်းများကူးယူခွင့်ပြုခြင်း၊ အခန်းငယ်(က) မှတ်တမ်းထိန်းအမှုထမ်းများပြဋ္ဌာန်းချက်၊

အခန်းငယ်(ဂ)မိတ္တူများလျှောက်ထားခြင်း၊ အခန်းငယ်(ဃ)မှန်ကန်ကြောင်းသက်သေခံမိတ္တူပေါ်မှာ ကပ်ဖို့ ရုံးခွန်တံဆိပ်ခေါင်းများပါပြဋ္ဌာန်းချက်တွေအတိုင်း လိုက်နာဆောင်ရွက်ရတဲ့ အခြေအနေဖြစ်ပါတယ်။ မြန်မာနိုင်ငံမြေစာရင်းလက်ဆွဲဥပဒေအပိုဒ် ၃၈၀၊ ၃၈၅ နဲ့ ၃၈၇ ပါ ပြဋ္ဌာန်းချက်တွေကို လွယ်ကူရှင်းလင်းစွာ ကျင့်သုံးနိုင်ဖို့အတွက်လည်း ယခင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာနလက်ထက်ကတည်းက ၁၉၉၄ ခုနှစ်၊ မတ်လ ၃ ရက် ရက်စွဲဖြင့် အမိန့်အမှတ်(၁/၉၄)ကိုလည်း ထုတ်ပြန်ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း တင်ပြအပ်ပါတယ်။ မြေစာရင်း၊ မြေပုံမှတ်တမ်းများ မိတ္တူရေးကူးခြင်း နည်းလမ်းညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိတဲ့အနေအထားဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုကိစ္စပါ ကျောက်ဖြူမြို့အလယ်ပိုင်းရပ်ကွက် ဦးပိုင်အမှတ်(၁၁၈/ခ) မြေကွက်ရဲ့မြေပုံ မိတ္တူရယူလိုခြင်းကိစ္စရပ်မှာ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ သက်ဆိုင်ရာကို တင်ပြချက်တွေအရ မိမိတို့ဝန်ကြီးဌာနက ပြန်ကြားပေးခဲ့မှုအခြေအနေများနဲ့ လွှတ်တော်မေးခွန်းအပေါ် ပြန်လည်ပြီးဖြေကြားခဲ့မှုအခြေအနေနဲ့စပ်လျဉ်းပြီး နောက်ခံအချက်အလက်လေးများကို ရှင်းလင်းတင်ပြပါမယ်။ မိမိတို့ဝန်ကြီးဌာနကို ၂၀၁၇ ခုနှစ်၊ မေလ ၉ ရက် ရက်စွဲနှင့်ပေးပို့လာခဲ့မှုအပေါ်မှာ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနရုံးချုပ်ရဲ့ ၂၀၁၇ ခုနှစ်၊ ဇူလိုင်က ၂၈ ရက် ရက်စွဲပါစာဖြင့် ပိုင်ဆိုင်သူ၊ သက်ဆိုင်သူတို့က ရေးကူးပေးရန်လျှောက်ထားမယ်ဆိုရင် ဌာနရဲ့လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ပြန်ကြားပေးခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ရုံးကို တင်ပြခဲ့မှုအပေါ် ပြည်သူ့လွှတ်တော်ရုံးရဲ့ အကြောင်းကြားချက်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံးရဲ့ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂ ရက် ရက်စွဲပါစာနဲ့ တောင်းခံတဲ့မှတ်တမ်းမြေပုံများကို ဥပဒေလုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့် ဆောင်ရွက်ရန်လိုအပ်ပါသဖြင့် သက်ဆိုင်ရာမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးဦးစီးဌာနမှ ရေးကူးပေးခဲ့မှုမရှိခြင်းဖြစ်ပါကြောင်း ပြည်သူ့လွှတ်တော်ကိုလည်းပဲ အကြောင်းပြန်ကြားခဲ့မှုရှိပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေးမှာမေးမြန်းခဲ့တဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့မှာ ဒုတိယဝန်ကြီးကိုယ်တိုင် လွှတ်တော်ကိုတက်ရောက်ဖြေကြားပေးခဲ့ပါတယ်။ ဖြေကြားစဉ်ကတည်းကပင် ကာယကံရှင် သို့မဟုတ် တရားဝင်သက်ဆိုင်သူများ သို့မဟုတ် တရားဝင်ကိုယ်စားလှယ် လွှဲအပ်ခြင်းခံရသူမှာလျှောက်ထားဖို့လိုအပ်မှာဖြစ်ပြီး အများပြည်သူအကျိုးငှာ မိတ္တူရေးကူးခွင့်ကို မြေစာရင်းလက်စွဲဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်ထားပေးပို့လာပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ရေးကူးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားခဲ့ပြီး

**မူကြမ်း**

လည်းဖြစ်ပါတယ်။ ထိုစဉ်က လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းမေးမြန်းခဲ့ရာမှာ ထည့်သွင်းဖော်ပြသိရှိခဲ့ရတဲ့ ဦးမျိုးသိန်းအမည်ပေါက် ဘိုးဘွားပိုင်မြေကွက်ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးသို့ မြေစာရင်းပုံစံ(၁၀၅)ရေးကူးပေးခဲ့ခြင်းနှင့်စပ်လျဉ်းပြီး မြေစာရင်းလက်စွဲဥပဒေညွှန်ကြားချက်တွေအပေါ် လိုက်နာဆောင်ရွက်မှုမရှိကြောင်း စစ်ဆေးတွေ့ရှိရတဲ့အတွက် သက်ဆိုင်ရာတာဝန်ရှိဝန်ထမ်းတွေကိုလည်းပဲ နိုင်ငံ့ဝန်ထမ်းဥပဒေနဲ့အညီ ထိုက်သင့်တဲ့ပြစ်ဒဏ်ချမှတ် အရေးယူဆောင်ရွက်ခဲ့ခြင်းရှိခဲ့ပါတယ်။ နိုင်ငံတော်သမ္မတရုံးသုတေသန၊ သတင်းပြန်ကြားရေးနဲ့ တိုင်ကြားစာများဌာနကြီးရဲ့ အကြောင်းကြားချက်အရလည်း မြန်မာနိုင်ငံမြေစာရင်းလက်စွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အမည်ပေါက်သူကာယကံရှင် သို့မဟုတ် တရားဝင်သက်ဆိုင်သူများ သို့မဟုတ် တရားဝင်ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူမှ လျှောက်ထားလာပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ရေးကူးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြန်လည်တင်ပြခဲ့ခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးဘရှိန်ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး မိမိရှင်းလင်းတင်ပြခဲ့မှုနှင့်အညီ မြန်မာနိုင်ငံမြေစာရင်းလက်စွဲဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနဲ့ စာရင်းအင်းဦးစီးဌာနမှ ကိုယ်စားလှယ်ကြီးရဲ့ လိုအပ်ချက်မြေပုံမိတ္တူကို လျှောက်ထားလာပါက ရေးကူးပေးသွားနိုင်မည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးဘရှိန်(ကျောက်ဖြူမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းမေးခွင့်ပြုပါ။ မေးခွန်းကို ဖြေကြားသွားတဲ့ ဒုတိယဝန်ကြီးကို ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ဒီလိုဖြေကြားချက်တွေကို ကျွန်တော်လွှတ်တော်ထဲမှာ အကြိမ်ကြိမ်ကြားဖူးပြီးဖြစ်တဲ့အတွက်ကြောင့် အသစ်အဆန်းတော့မဟုတ်ပါဘူး။ ကျွန်တော်က လွှတ်တော်ကိုယ်စားလှယ်ပါ။ ကျွန်တော်တို့လွှတ်တော်တွေပေါ်တာက ၂၀၁၀ ခုနှစ်နောက်ပိုင်းမှာပေါ်တာ။ ဝန်ကြီးဖတ်ကြားသွားတာက ၁၉၉၄ ခုနှစ်က ညွှန်ကြားချက်တွေ။ လွှတ်တော်က ပြဋ္ဌာန်းထားတဲ့ဥပဒေကို ဒီဝန်ကြီးဌာနတစ်ခုက လိုက်နာဖို့လိုသလား၊ မလိုသလားဆိုတဲ့ဟာနဲ့ပတ်သက်ပြီးတော့ ဆက်စပ်ပြီးတော့မေးချင်ပါတယ်။ ကျွန်တော့်ကိုဝန်ကြီးဖြေကြားသွားတာက ၁၉၉၄ ခုနှစ်က ညွှန်ကြားထားတဲ့ညွှန်ကြားချက်တွေအကြောင်းကို ဖတ်ပြသွားတယ်။ အဲဒီမှာ ကာယကံရှင်တွေကတောင်းရင် ဘယ်လိုဘယ်လိုလုပ်မယ်ဆိုတာကိုဖော်ပြထားတယ်။ ကျွန်တော် ကာယကံရှင် မဟုတ်ပါဘူး။ ကျွန်တော် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်ပါ။ ကျွန်တော့်အိမ်ရှေ့မှာ မတရားမှု

တွေ ကြီးကြီးကျယ်ကျယ်ဖြစ်နေတဲ့ Power Point Slide (5)ကို ခဏပြပေးပါ။ အဲဒီမှာ ဘယ်ဘက်က ပုံကတော့ မြေတိုင်းဌာနကတိုင်းလို့ ဦးသန်းမြင့်က ကျူးကျော်ထားတယ်ဆိုတဲ့ပုံ။ အဲဒါကို မြေပြင်မှာ ညာဘက်ကပုံအပေါ်ပိုင်း ဖော်ပြထားပါတယ်။ ဒါပေမဲ့ တရားရုံးက မြို့နယ်မြေစာရင်းမှူးနဲ့ ပေါင်းပြီးတော့ ၁၄-၅-၂၀၁၂ ရက်နေ့မှာ ဒီလိုဖြစ်နေတယ်ဆိုတာကို ကျွန်တော်ကမြင်ရတဲ့ အတွက်ကြောင့် အဲဒီနောက်ပိုင်းမှာ ၂၀၁၂ ခုနှစ်နောက်ပိုင်းမှာ ကျောက်ဖြူမြို့နယ်မြေစာရင်းဌာနဦးစီး ကို လျှောက်ထားတဲ့အခါ မြေစာရင်းဦးစီးဌာနက ကျွန်တော့်ကိုတရားဝင်မြေပုံတစ်ပုံပေးပါတယ်။ Slide (4)ကို တစ်ချက်ပြပေးပါ။ ဒါတရားဝင်ပေးတဲ့ဟာ။ လွှတ်တော်ကိုယ်စားလှယ်ဖြစ်တဲ့အတွက်ကြောင့် ဥပဒေနဲ့အညီ တရားဝင်ပေးတာ။ ဒါကို ဒီလိုထုတ်ပေးတဲ့သူကိုအရေးယူမယ်ဆိုပြီးခြိမ်းခြောက်စာ ကျွန်တော့်ဆီကိုရောက်လာပါတယ်။ အဲဒီလိုခြိမ်းခြောက်တယ်ဆိုတာ ဥပဒေကိုဆန့်ကျင့်တဲ့အလုပ် ဖြစ်တယ်ဆိုတာလည်း တစ်ချက် ကျွန်တော်ကကြုံတုန်းကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်ကို အသိပေးလိုပါတယ်။ ကျွန်တော် အခုတောင်းနေတာက ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေများ၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေများနှင့်အညီ လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်က တာဝန်ရှိတဲ့ အလျောက် ဒီမေးခွန်းကိုမေးဖို့အတွက် လိုအပ်တဲ့အထောက်အထားတွေကို လိုအပ်တယ်ဆိုတာလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၆၊ ၃၅၇ တို့မှာ အကာအကွယ်ပေးရမယ်ဆိုတဲ့ အကာအကွယ်တွေကို ပေးနိုင်အောင်ဆိုပြီးတော့ ကျွန်တော်က မေးခွန်းတောင်းနေတာဖြစ်ပါတယ်။ လွှတ်တော်ဆိုင်ရာဥပဒေ ကို လေးစားလိုက်နာပြီးတော့ ဝန်ကြီးဌာနမှ ကျွန်တော်တောင်းတဲ့မြေပုံကို ထုတ်ပေးဖို့တာဝန် မရှိဘူးလားဆိုတာ အဲဒါဆက်စပ်မေးခွန်းအနေနဲ့မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင် ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာဝန်ကြီးဌာနက ဖြေကြားပေးနိုင်ပါရန်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ဥပဒေပုဒ်မ ၉ ပုဒ်မခွဲ(ခ)နဲ့ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၁၀ ပုဒ်မခွဲ(ဂ)မှာ ပြဋ္ဌာန်းထားတဲ့ လွှတ်တော်မှာတင်ပြဆွေးနွေးမယ့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖြစ်စေ၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းများနှင့် ယင်းတို့ကိုကိုယ်စားပြုတဲ့ အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များရဲ့ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ဖြစ်စေ မေးမြန်းခြင်း၊ ဆွေးနွေးခြင်းနှင့် အချက်အလက်ရယူခြင်းဆိုတဲ့ပြဋ္ဌာန်းချက်ကိုကိုးကားပြီး ယခု လွှတ်တော် ကိုယ်စားလှယ်ကြီးအနေနဲ့ မြေပုံမိတ္တူရယူလိုမှုအခြေအနေဖြစ်ကြောင်း သုံးသပ်ရရှိပါတယ်။ အဆိုပါ

မြေပုံရရှိလိုမှုနှင့်စပ်လျဉ်းပြီး မိမိတို့လယ်ယာမြေစီမံခန့်ခွဲရေးနဲ့စာရင်းအင်းဦးစီးဌာနက လက်ရှိကျင့်သုံးဆောင်ရွက်လျက်ရှိတဲ့ မြေစာရင်းလက်စွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အဆင်ပြေစွာလုပ်ကိုင်ဆောင်ရွက်နိုင်ဖို့အတွက် မြေပုံမိတ္တူရယူလိုတဲ့အခါမှာ ဆောင်ရွက်ရမယ့်အချက်အလက်တွေကို မိမိတို့အသိပေး စီမံဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ကိုယ်စားလှယ်ကြီးအနေနဲ့ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်ဥပဒေများနှင့်အညီ မြေပုံကိုတောင်းခံပိုင်ခွင့်ရှိပါတယ်။ အဲဒီလိုတောင်းခံရာမှာ သက်ဆိုင်ရာဌာနက စောင့်ထိန်းလိုက်နာရတဲ့ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေအပေါ်မှာ လိုအပ်ချက်တွေနဲ့စပ်လျဉ်းပြီးတော့ ယူဆောင်ရမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြလိုပါတယ်။ မြန်မာနိုင်ငံမြေစာရင်း လက်စွဲဥပဒေပါပြဋ္ဌာန်းချက်တွေအရ ဆောင်ရွက်ပေးနေခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၆၊ ၃၅၇ ပါပြဋ္ဌာန်းချက်တွေအတိုင်း နိုင်ငံသားတွေရဲ့ တရားဝင်ရရှိပိုင်ဆိုင်ထားတဲ့ မရွှေ့ပြောင်းနိုင်တဲ့ ပစ္စည်းတွေ၊ နိုင်ငံသားတွေရဲ့နေအိမ်ဥပစာလုံခြုံမှု၊ ပစ္စည်းလုံခြုံမှု၊ စာပေးစာယူနှင့်အခြားဆက်သွယ်ရေးဆိုင်ရာလုံခြုံမှုတွေကို အကာအကွယ်ပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးနေရခြင်းပဲဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ ကာယကံရှင်ရဲ့ကိုယ်စားပြုမှုကိုရယူပြီး သက်ဆိုင်ရာမြို့နယ်မှာ လာရောက်လျှောက်ထားပါက ဥပဒေနဲ့အညီဆောင်ရွက်ပေးလိုတဲ့ဆန္ဒရှိတဲ့အလျောက် ဆောလျင်စွာဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥတ္တရသီရိမြို့နယ်တွင် ၂၀၁၇ ခုနှစ်အတွင်း သစ်တောပယ်ဖျက်ထားသော ကျေးရွာ(၁၁)ရွာ၏ ရွာမြေ၊ လယ်မြေနှင့် အများပိုင်မြေများ သတ်မှတ်တိုင်းတာရာတွင် ပြီးစီးအောင် ဆောင်ရွက်နိုင်ခြင်းမရှိသည့် အကြောင်းအရာနှင့်စပ်လျဉ်း၍ စာရွက်ပေါ်မှ စာရင်းနှင့်မြေပြင်အမှန်တကယ်ရှိသော စာရင်း မှန်ကန်အောင် မည်ကဲ့သို့ ဆောင်ရွက်ထားသည်ကို သိလိုခြင်းနှင့် ပယ်ဖျက်ထားသော ရွာနယ်နိမိတ်များနှင့် လယ်မြေများပြည်သူလက်ဝယ်ရောက်ရှိပြီး ပုံစံ(၇)ရရှိရေး တာဝန်ရှိသောဌာနများ မည်သို့ပေါင်းစပ်ဆောင်ရွက်နေပြီး မည်သည့်အချိန်တွင် ပြီးစီးအောင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်းတို့နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဥတ္တရသီရိမဲဆန္ဒနယ်မှ ဦးကျော်မင်းလှိုင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးကျော်မင်းလှိုင်(ဥတ္တရသီရိမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များနှင့်

အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဥတ္တရသီရိမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကျော်မင်းလှိုင် ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့် မဲဆန္ဒနယ်ဖြစ်တဲ့ ဥတ္တရသီရိမြို့နယ်ဟာ ပဲခူးရိုးမနှင့်ထိစပ်နေတဲ့ ကျေးရွာအများစုပါဝင်ဖွဲ့စည်းထား တာဖြစ်ပါတယ်။ နေပြည်တော်ဖြစ်လာတဲ့အချိန်မှာ စီမံကိန်းနှင့်ပတ်သက်တဲ့အရာတွေမှာ ကြိုးဝိုင်း ပယ်ဖျက်ခြင်း၊ ဆောင်ရွက်ခြင်းတွေရှိခဲ့ပေမယ်လို့ ဒေသခံတွေဖြစ်တဲ့ သစ်တောတွင်းမှာရှိနေတဲ့ ကျေးရွာအများစု နောက်ပြီးသူတို့လုပ်ကိုင်နေတဲ့ လယ်ယာမြေတွေကတော့ ပယ်ဖျက်နိုင်ဖို့ မရှိခဲ့ပါဘူး။ ကျွန်တော်တို့ ၂၈-၁၂-၂၀၁၆ ရက်နေ့မှာ လယ်မြေတွေကို ပုံစံ(၇)ရရှိရေး၊ သစ်တောရွာတွေကို ပယ်ဖျက်ရေးဆိုပြီးတော့ နေပြည်တော်ကောင်စီကို တင်ပြခဲ့ပါတယ်။ နောက် ၂၈-၂-၂၀၁၇ ရက်နေ့မှာ လည်း ပြည်သူ့လွှတ်တော်မှာ မေးခွန်းမေးမြန်းခဲ့ပါတယ်။ အဲဒီတော့ သက်ဆိုင်ရာဝန်ကြီးဌာနကနေပြီး တော့ ကျွန်တော်တို့ ဥတ္တရသီရိမြို့နယ်မှာရှိတဲ့ အိမ်ခြေ ၅၀ အထက် ကျေးရွာ(၁၁)ရွာကို ပယ်ဖျက်ပေး မယ်ဆိုပြီးတော့မှ ဖြေကြားသွားပါတယ်။ အဲဒီလိုပဲ ကျွန်တော်တို့ ၃-၄-၂၀၁၇ ရက်နေ့မှာ (၄၆/၂၀၁၇) နောက် ၁-၆-၂၀၁၇ ရက်နေ့မှာ (၈၁/၂၀၁၇)နှင့် ဒီသစ်တောပယ်ဖျက်အမိန့်နှင့် ကျေးရွာ(၁၁)ရွာကို ပယ်ဖျက်ခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီပယ်ဖျက်ထားတဲ့ကျေးရွာတွေကို ရွာမြေတွေ၊ သာသနာပိုင်မြေတွေ၊ အများပိုင်မြေများကို တိကျမှုရှိစေဖို့နဲ့ ပယ်ဖျက်ပြီးလယ်မြေများ ပုံစံ(၇)ရရှိပြီးတော့မှ ဒီတောင်သူတွေ စိုက်ပျိုးစရိတ်ထုတ်ချေးနိုင်ဖို့အတွက်ကို သက်ဆိုင်ရာဌာနများက ဆောင်ရွက်နေတဲ့ဟာကို ပြီးစီးမှု ရှိ/မရှိ ကျွန်တော်တို့ မေးမြန်းခဲ့ပါတယ်။ အဲဒီလို စုံစမ်းနေတဲ့အချိန်မှာ ၂၀၁၈ ခုနှစ်အထိ ဆောင်ရွက်လို့ မပြီးတာကို တွေ့ရပါတယ်။ အဲဒီတော့ ၁၆-၄-၂၀၁၈ ရက်နေ့မှာ နေပြည်တော်ကောင်စီကို တင်ပြသော် လည်း ဒီဌာနချင်းတွေညှိနှိုင်းမှုမရှိတာကို တွေ့ရပါတယ်။ နောက်တိကျတဲ့ ဆောင်ရွက်ချက်တွေမရှိခဲ့တဲ့ အတွက် စာရင်းတွေလွဲမှားနေတာကို တွေ့ရပါတယ်။

နောက် ပြည်သူတချို့က ဒီဟာတွေကို ကိုယ်စားလှယ်တော်ကြီးက ပယ်ဖျက်တယ်ပြောပေ မယ်လို့ အခုထိဆောင်ရွက်မှုလည်း မရှိဘူး။ ကျွန်တော်တို့ ဘာမှလည်း လုပ်မရသေးဘူး။ အဲဒါတွေကို ဆက်လက်မေးမြန်းပေးပါဆိုပြီးတော့မှ တင်ပြလာတဲ့အတွက် သက်ဆိုင်ရာဌာနအသီးသီးနှင့် ညှိနှိုင်း ဆွေးနွေးပြီးတော့လည်းပဲ ဒါသစ်တောက ပယ်ဖျက်တဲ့စာရင်းမှာလွဲနေတယ်လို့ သိရပါတယ်။ ဒါလည်းပဲ ကျွန်တော်တို့ အရင်တည်းက ကျွန်တော်တို့ သိပါတယ်။ မေးခွန်းဖြေဆိုနေလျက်က ဒါစာရင်း တွေလွဲနေတယ်လို့ ကျွန်တော်တို့ တင်ပြခဲ့ဖူးပါတယ်။ တင်ပြတော့ ဒါပေမဲ့ ဒီတင်ပြထားတဲစာရင်း

ပယ်ဖျက်ခဲ့ရင် နောက် ကျန်တဲ့ဟာတွေ ဆက်လုပ်နိုင်မှာဖြစ်တဲ့အတွက် ဒါကိုစောင့်ဆိုင်းနေခဲ့ပါတယ်။ အဲဒီတော့ ဒီမြေစာရင်းကို ကျွန်တော်တို့ ခေါ်ပေးတော့လည်းပဲ သစ်တောကပေးတဲ့ Point နေရာလွဲနေတယ်။ မြေစာရင်းက တစ်ခါတလေ သစ်တောက ရွာလို့သတ်မှတ်ပေမယ်လို့ အဲဒီနေရာက ရွာမဟုတ်ဘဲနဲ့ ကုန်းဖြစ်ရင်ဖြစ်နေတယ်။ ဒီလိုမျိုးတွေလွဲနေတဲ့အတွက် ဒါပယ်ဖျက်ဖို့အခက်အခဲတွေကြုံတယ်ဆိုပြီးတော့ ရှင်းပြခဲ့ဖူးတာတော့ ရှိပါတယ်။ အဲဒါနဲ့ ကျွန်တော်တို့က ဒီသက်ဆိုင်ရာဌာန ဘယ်ဌာနမှာ အဓိကတာဝန်ရှိတယ်။ သစ်တောမှာ တာဝန်ရှိတယ်။ သစ်တောကလည်း ပယ်ဖျက်ပြီးနေပြီဖြစ်တဲ့အတွက် မြေစာရင်းမှာတာဝန်ရှိလား။ သစ်တောမှာ တာဝန်ရှိလား။ ဒီနှစ်ခုကို ညှိနှိုင်းပေါင်းစပ်မှု ဆောင်ရွက်စေချင်တဲ့အတွက် ဒီမေးခွန်းကိုလည်းပဲ ကျွန်တော်တို့ လွှတ်တော်ကမေးမြန်းရခြင်း ဖြစ်ပါတယ်။ အဲဒီတော့ ဒီသက်ဆိုင်ရာနေပြည်တော်ကောင်စီနဲ့ တာဝန်ရှိဌာနဆိုင်ရာအသီးသီးကိုလည်း ကျွန်တော်တို့ အခါအားလျော်စွာ ဒီဟာတွေနဲ့ပတ်သက်လို့ အမြဲတမ်းလည်းပဲ ဆွေးနွေးတယ်။ ညှိနှိုင်းတိုင်ပင်တယ်။

ဒါပေမဲ့ ဒီ ၂၀၁၉ ခုနှစ်အထိ ပြီးစီးမှု၊ ဆောင်ရွက်နေမှု အားနည်းချက်တွေကို အများကြီးတွေ့နေရပါတယ်။ အဲဒီတော့ ၁-၆-၂၀၁၇ ရက်နေ့က ပယ်ဖျက်ထားတဲ့ဟာက ၂၀၁၉ ခုနှစ်မှာတောင်မှပဲ ပြီးစီးအောင်ဆောင်ရွက်မှုအား အားနည်းချက်တွေရှိနေပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်တော်တို့ ၂၀၁၇ ခုနှစ်ကပယ်ဖျက်ထားတဲ့ ကျေးရွာ(၁၁)ရွာ၏ ရွာမြေ၊ လယ်မြေနှင့် အများပိုင်မြေများကို မြေပြင်တွင် အမှန်ရှိနေသော စာရင်းကို မှန်ကန်အောင် မည်သို့ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် ပယ်ဖျက်ထားသော ကျေးရွာများ၏ နယ်နိမိတ်များ၊ အများပိုင်မြေများ တိကျပြီး စိုက်ပျိုးလယ်မြေများ ပုံစံ(၇)ရရှိ၍ တာဝန်ရှိနေတဲ့ သက်ဆိုင်တဲ့ဌာနတွေက မည်ကဲ့သို့ပေါင်းစပ်ပြီး၊ မည်သည့်အချိန်တွင် ပြီးစီးအောင်ဆောင်ရွက်နေသည်ကို မဲဆန္ဒရှင်ပြည်သူများကိုယ်စား သိရှိလိုပါသဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥတ္တရသီရိမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မင်းလှိုင်ရဲ့မေးခွန်းကို နေပြည်တော်

ကောင်စီရဲ့ဖြေကြားချက်နှင့်အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့မြေနေရာတွေဟာ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ပြီးခဲ့တဲ့ ၂၀၁၇ ခုနှစ်အတွင်းက ကြိုးဝိုင်းတောမြေအဖြစ်က ပယ်ဖျက်ခဲ့တဲ့နေရာများဖြစ်ပါတယ်။ ကိုင်းကြိုးဝိုင်းကနေ ၁၁၃.၈၉၃ ဧက၊ ပလွေးကြိုးဝိုင်းကနေ ၃၇.၃၀ ဧက၊ တောင်ညိုကြိုးဝိုင်းကနေ ၁၀.၅၅ ဧကနှင့် ငလိုက်ကြိုးဝိုင်းကနေ ၆၁၇.၆၈၃ ဧက စုစုပေါင်း ၇၇၉.၄၂၆ ဧကကို ပယ်ဖျက်ပေးခဲ့တာ ဖြစ်ပါတယ်။ ဒီလို ပယ်ဖျက်ပေးခဲ့ရတဲ့ အကြောင်းအရင်းမှာ လယ်မြေအဖြစ် ၅၅၃ ဧကကျော်၊ ရွာမြေအဖြစ် ၁၈၁ ဧကကျော် အများပိုင်/သာသနာမြေအဖြစ် ၄၄ ဧကကျော် အသုံးပြုနိုင်ဖို့အတွက် ပယ်ဖျက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ ကြိုးဝိုင်းတောမြေအဖြစ်က ပယ်ဖျက်ပေးခဲ့တဲ့ ဧရိယာတွေ ဥတ္တရသီရိမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူတွေပါဝင်တဲ့အဖွဲ့များ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့တဲ့အခါမှာ လက်ရှိ မြေပြင်စစ်ဆေးပြီးတဲ့အထိ ကြိုးဝိုင်းတွေအနေအထားမှာ ကိုင်းကြိုးဝိုင်းဟာပယ်ဖျက်တဲ့ဧကဟာ ၁၁၄ ဧကခန့်ရှိပါတယ်။ တောင်ညိုကြိုးဝိုင်းကပယ်ဖျက်တာ ၁၀ ဧကကျော်၊ ငလိုက်ကြိုးဝိုင်းက ပယ်ဖျက်တာက ၁၉ ဧကခန့်နှင့် စုစုပေါင်း ၁၄၃ ဧကကျော်ဟာ ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့တဲ့ အမိန့်စာပါ မြေပုံညွှန်းရဲ့အပြင်ဘက်(သစ်တောဧရိယာမှ ပယ်ဖျက်ခြင်းမရှိသေးတဲ့ဧရိယာ)အတွင်း ကျရောက်နေ ကြောင်း စိစစ်တွေ့ရှိရပါတယ်။ ကွင်းဆင်းစစ်ဆေးဖို့ ကျန်ရှိနေသေးတဲ့ ပလွေးကြိုးဝိုင်းမှ ပယ်ဖျက်ဧရိယာနှင့် ငလိုက်ကြိုးဝိုင်းမှ ပယ်ဖျက်ဧရိယာတွေကိုလည်းပဲ ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြေပြင်မှာ မြေယာအနေအထားများဟာ အနည်းနှင့်အများ ရှုပ်ထွေးမှုရှိကြပါတယ်။ ယခုလို ကြိုးဝိုင်းတောမြေအဖြစ်မှ ပယ်ဖျက်ခဲ့တဲ့အနေအထားမှာ မြေပြင်တည်ရှိမှုအခြေအနေကွဲလွဲမှုတွေကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနဲ့ ညှိနှိုင်းဆောင်ရွက်ပြီး အမှန်တည်ရှိတဲ့ဧရိယာတွေကို စိစစ်ရရှိမှသာ မြေအတိုင်းအတာလုပ်ငန်း၊ မြေပုံထုတ်ခြင်းလုပ်ငန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွင်းမှာ ပြီးစီးအောင် ဆောင်ရွက်သွားမှုဖြစ်ပါတယ်။ အဲဒီလို ဆောင်ရွက်ပြီးသွားမှသာလျှင် ၂၀၁၇ ခုနှစ်၊ လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်တွေနဲ့အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇) ထုတ်ပေးနိုင်ဖို့ သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဆင့်ဆင့်မှ

စိစစ်ဆောင်ရွက်သွားနိုင်တဲ့အခြေအနေဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် နေပြည်တော်ကောင်စီရဲ့ ဖြေကြားချက်နှင့်အတူ ပေါင်းစပ်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးကျော်မင်းလှိုင်(ဥတ္တရသီရိမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျား။ အခုလိုမျိုး ဝန်ကြီးဖြေကြားပေးတာကိုလည်း ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ တချို့ဒီအခြေအနေတွေက ကျွန်တော်တို့လည်း သိနေပြီးသားဖြစ်ပါတယ်။ သက်ဆိုင်ရာ အောက်ခြေ ဌာနအဆင့်ဆင့်မှာ ကျွန်တော့်တို့အမြဲတမ်းတွေ့ဆုံဆွေးနွေးပြီးတော့မှ ဒီအလွဲမှားတွေကြောင့် မေးမြန်း နေခဲ့တာပါ။ ဆိုလိုချင်တာက ဘယ်သူကမှားနေပြီးတော့မှ ဘာဖြစ်လို့လုပ်မရတာလဲ။ အဓိက အဲဒါကို တိတိကျကျ သက်ဆိုင်ရာ အခုဟာက မြေစာရင်းကသစ်တောကပယ်ဖျက်လိုက်မှသာလျှင် မြေစာရင်း ကဒါကိုသွားလုပ်ရတာ။ အဲဒီတော့ မြေစာရင်းကလုပ်တဲ့အချိန်မှာကောင်းတယ်။ ခုနကဝန်ကြီးလည်း ဖြေသွားပြီးပြီ။ ဖြေသွားတဲ့နေရာမှာ သစ်တောကြိုးဝိုင်းအတွင်းမှာ တည်နေရာတွေလွဲနေတယ်။ အဲဒီ လွဲနေတဲ့ဟာကို တိတိကျကျ ဘယ်နေရာတော့လွဲနေတယ်။ လွဲနေတဲ့အတွက် သက်ဆိုင်ရာသစ်တော ဌာနနဲ့ ဒါတွေကပေးထားတာ လွဲနေတယ်။ ညှိနှိုင်းဖို့တိကျတဲ့ညွှန်ကြားချက် ဘယ်သူကညွှန်ကြားမှာ လဲ။ အဲဒါတွေကမှစပြီးတော့ နောက်ကျနေပါတယ်။ လွဲလည်းလွဲနေပါတယ်။ အဲဒီတော့ ၂၀၁၇ ကတည်းက ပယ်ဖျက်ထားတာ အခုပယ်ဖျက်တဲ့စာရင်းမှာလည်းပဲ ဥတ္တရသီရိမြို့နယ်က အဓိကသစ်တောအတွင်း လယ်မြေစာရင်းက ၂၀၁၅ ခုနှစ်ကောက်ထားတာရှိပါတယ်။ အဲဒါက ၄၆၄၈ ဧကကျော်လောက် လယ်ယာမြေရှိပါတယ်။ ဒါတွေ ကိုဆောင်ရွက်ဖို့လည်း ကျွန်တော်တို့ လုပ်ငန်းစဉ်တွေကျန်နေပါသေး တယ်။ အဲဒီတော့ ဒီစာရင်းတွေကို အမှန်ရမှ ကျန်တဲ့စာရင်းတွေကို ဆက်ပြီးတော့ ဆောင်ရွက်နိုင်မှာ ဖြစ်တဲ့အတွက် ဒါကိုမဲဆန္ဒရှင်ပြည်သူတွေရဲ့ကိုယ်စား ကျွန်တော်မေးမြန်းနေရခြင်းဖြစ်ပါတယ်။ အဲဒီတော့ လက်ရှိမြေပြင်တောင်မှာမှပဲ စုစုပေါင်း ၁၃၁၃.၄၇၇ ဒါမြေစာရင်းမှာလည်း ဒီစာရင်း ရှိပါတယ်။ ဧကရှိတယ်။ ရှိတော့အခုပယ်ဖျက်လိုက်တဲ့စာရင်းတောင်မှ ၇၇၉.၄၂၆။ ဒါ ၁-၆-၂၀၁၇ ရက်နေ့ နောက်ဆုံးထားပြီးတော့မှ ပယ်ဖျက်လိုက်တယ်။ အဲဒီလိုပယ်ဖျက်လိုက်တဲ့အနေအထားအပေါ်မှာ အခုနက ကျွန်တော်မေးတဲ့မေးခွန်းမှာလည်းပါတယ်။ ဘယ်အချိန်မှာ ပြီးစီးအောင်ဆောင်ရွက်မှာလဲ။ ၂၀၁၈-၂၀၁၉ ခုနှစ်မှာပြီးစီးမှာလား။ အဲဒါတွေ အကုန်လုံးကို မှန်အောင်လုပ်နိုင်မလား။ အခု သက်ဆိုင်ရာမြေစာရင်းဦးစီးကနေပြီးတော့မှ ဖြေကြားတယ်။ နေပြည်တော်ကောင်စီက ဖြေကြားတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကနေပြီးတော့မှ ဖြေကြားတယ်။ အဓိကက မှားနေတာက ကျွန်တော်တို့သိတာ သစ်တောကစပြီးတော့မှ လွှဲဆိုကတည်းက မှားနေတာပါ။ သစ်တောက ဒါတွေကို မှားနေပါတယ်။ ဒီအချက်အလက်တွေကို ဆက်လက်ပြီးတော့မှ ပြန်လည်ညှိနှိုင်းပြီးတော့မှ သက်ဆိုင်ရာ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ပါတယ်။ အခုနက အုပ်ချုပ်ရေးပါတယ်။ သက်ဆိုင်ရာပြည်သူလူထုပါတယ်။ ဝန်ကြီးဖြေသွားတဲ့အထဲမှာ။ ဒါပေမဲ့ အဲဒါတွေအားလုံးဟာ ကျွန်တော်တို့လည်း ပါပါတယ်။ မှားနေတယ်ဆိုတာကို သိနေတဲ့အတွက် ဒီမေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။ အဲဒီတော့ ဝန်ကြီးဌာနအနေနဲ့က ဒီအမှားတွေကို တိတိကျကျဖော်ပြပြီးတော့မှ သက်ဆိုင်တဲ့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနနှင့် ညှိနှိုင်းပေါင်းစပ်ပြီးတော့မှ ဖြေရှင်းပေးနိုင်မှုရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ လုပ်ငန်းတွေကို အချိန်နှင့်တစ်ပြေးညီပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်ဖို့အတွက် ဆက်စပ်မေးခွန်းမေးမြန်းတယ်လို့ ခံယူပါတယ်။ ဒီလုပ်ငန်းဟာဆိုလို့ရှိရင် အပိုင်းနှစ်ပိုင်းပါပါတယ်။ အဓိကကတော့ သစ်တောဧရိယာကနေပြီးတော့ ပယ်ဖျက်လိုက်တဲ့ဧရိယာပေါ်ထွက်လာမှ ဒုတိယအဆင့်အနေနဲ့ လိုအပ်တဲ့မြေတိုင်းတာခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ပြီး ပုံစံ(၇)ထုတ်ပေးရမယ့်အနေအထားဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာ သစ်တောဦးစီးဌာနရဲ့လုပ်ငန်းတစ်ခုကို အခြေခံထားသော်လည်းပဲ သက်ဆိုင်ရာဒေသရဲ့ နေပြည်တော်ကောင်စီအောက်မှာရှိတဲ့ဌာနအဖွဲ့အစည်းတွေရဲ့ ပေါင်းစပ်ညှိနှိုင်းမှုကလည်းပဲ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြသလိုပဲ အမှန်အရေးကြီးပါတယ်။ ဒီလုပ်ငန်းတွေကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားနိုင်ဖို့အတွက်ကို ဒီအဖွဲ့တွေဟာ ညှိနှိုင်းပေါင်းစပ်မှုကောင်းကောင်းနဲ့ ဆောင်ရွက်သွားဖို့လည်း လိုအပ်မှာဖြစ်ပါတယ်။ အဆင့်နှစ်ဆင့်ရှိတဲ့အလျောက် ကြိုးဝိုင်းတောမြေအဖြစ်မှပယ်ဖျက်ပေးခဲ့ပြီး ထွက်ပေါ်လာတဲ့မြေတွေကို ရရှိမှသာလျှင် မြေတွေရဲ့စာရင်းကို အတိအကျသိမှသာလျှင် မိမိတို့ ပုံစံ(၇)ထုတ်ပေးနိုင်မယ့်အခြေအနေဖြစ်ကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းအပေါ် ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အဲဒီမှာ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ လွှတ်တော်ကိုယ်စားလှယ် မေးမြန်းတဲ့ ကိစ္စများကို ပြန်လည်ညှိနှိုင်းဆောင်ရွက်ပေးဖို့ လိုအပ်မယ်လို့ ယူဆပါတယ်။ အဲဒါကိုလည်း ဝိုင်းဝန်း ဆောင်ရွက်ပေးဖို့ လိုအပ်မှာဖြစ်ပါတယ်။

**တောင်တွင်းကြီးမြို့နယ်အတွင်း ပဲခူးရိုးမပေါ်ရှိ ဝံအော်ကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို အခြေခံပညာမူလတန်းလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမင်းသိန်း(တောင်တွင်းကြီးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေ။ ကျွန်တော်ကတော့ တောင်တွင်းကြီးမဲဆန္ဒနယ်က ဦးမင်းသိန်း ဖြစ်ပါတယ်။ ကျွန်တော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာန ကို မေးမြန်းလိုတဲ့မေးခွန်းကတော့ တောင်တွင်းကြီးမြို့နယ်ရဲ့ နယ်ဆုံး ပဲခူးရိုးမတောင်တန်းကြီးပေါ်က ဝံအော်ကြီးမူလတန်းကျောင်းကို မူလတန်းလွန်ကျောင်းအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိ မေးမြန်းလိုခြင်းဖြစ်ပါတယ်။ ဒီမေးခွန်းကိုမေးမြန်းရခြင်း အကြောင်းအကျိုးကို ဖော်ပြပါမယ်။ ဒီဝံအော်ကြီးမူလတန်းကျောင်းတည်ရှိတဲ့ ဝံအော်ကြီးကျေးရွာဟာ တောင်တွင်းကြီး-နေပြည်တော် ကားလမ်းရဲ့ နံဘေးမှာရှိပါတယ်။ ဒါပေမဲ့လို့ တောင်တက်တောင်ဆင်း အကွေ့အကောက်များပြား လှတဲ့ တောင်တန်းများ၊ လျှိုမြောင်များကို ဖြတ်သန်းဖောက်လုပ်ထားတဲ့ကားလမ်းဖြစ်ပါတယ်။ ရွာသူရွာသားအများစုဟာ ပဲခူးရိုးမကိုမှီပြီးတော့ မိုးအခါ မျှစ်ချိုး၊ ဖားရိုက်၊ ငါးနှိုက်၊ နွေနဲ့ဆောင်းမှာ ကျတော့ ဝါးခုတ်၊ ထင်းခုတ်တောင်ယာအလုပ်နဲ့ အသက်မွေးကြရတဲ့သူများ ဖြစ်ပါတယ်။ စီးပွားရေး ကျပ်တည်းကြပါတယ်။ ရွာမှာ အိမ်ခြေတစ်ရာကျော်ရှိပါတယ်။ ဒီအိမ်ခြေတစ်ရာကျော်ဆိုတာလည်းပဲ လျှိုမြောင်တွေ၊ တောင်ကုန်းတွေပေါ်မှာပျံ့နှံ့တည်ရှိနေတာဖြစ်ပါတယ်။ ဒီရွာကလေးမှာ မူလတန်း ကျောင်းရှိပါတယ်။ တွဲဖက်မူလတန်းကျောင်းဘဝကနေစတင်ပြီး ဒီနေ့မူလတန်းကျောင်းအထိ နှစ်ပေါင်း ၂၀ ကျော်ကြာခဲ့ပါပြီ။ ဒီမူလတန်းကျောင်းကလေးနဲ့ အနီးဆုံး အလယ်တန်းကျောင်းကတော့ သပြေပင်ကျေးရွာ ၁၀ မိုင်ကျော်ကွာဝေးပါတယ်။ ကင်ပွန်းတောင် အထက်တန်းကျောင်းကတော့ ၁၅ မိုင်ခန့်ကွာဝေးပါတယ်။ ဒါဟာ အနီးဆုံးအလယ်တန်းကျောင်းနဲ့ အထက်တန်းကျောင်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီတော့ ဒီလို ၁၀ မိုင်ကျော်ဝေးတဲ့ အလယ်တန်းကျောင်း၊ အထက်တန်းကျောင်းကို ဒီဝံအော်ကြီးကျေးရွာက စတုတ္ထတန်းအောင်မြင်သွားတဲ့ ကျောင်းသားကျောင်းသူများ သွားရောက်တက်ဖို့ဟာ အလွန်တရာ ခက်ခဲလှပါတယ်။ ပဉ္စမတန်းကျောင်းသားအရွယ်ဆိုတာဟာ ၁၀ မိုင်ကျော် ရိုးမပေါ်ကလမ်းခရီးကို ဘယ်လိုမှသွားဖို့ အဆင်မပြေနိုင်ပါဘူး။ ဒါကြောင့် ဒီကျေးရွာ ဒီကျောင်းကကျောင်းသားကျောင်းသူလေးများဟာ စတုတ္ထတန်းအောင်ပြီးတာနဲ့ ကျောင်းဆက်မတက်နိုင်တော့ပါဘူး။ ဒီစတုတ္ထတန်းအောင်တဲ့ ကျောင်းသားကျောင်းသူလေးတွေဟာ ရိုးမတောင်တန်းပေါ် ရိုးမလျှိုမြောင်တွေကြားထဲမှာပဲ စတုတ္ထတန်းအောင်မြင်ပြီးရင် ရိုးမပျော်တဲ့ သစ်တောကျောင်းသားများ ဖြစ်ကုန်ကြပါတယ်။ သူတို့ရဲ့ မိဘတွေနဲ့အတူ မိုးမှာတောင်ယာအလုပ်၊ မျှစ်ချိုး၊ ဆောင်းမှာဝါးခုတ်၊ ထင်းခုတ်လုပ်ကြရပါတယ်။ ဒါကြောင့် ဒီရွာ၊ ဒီကျောင်း ဒီတော၊ ဒီတောင်အကြောင်းကို သိသာရန် Power Point ကျွန်တော့်အား ကျေးဇူးပြု၍ အသုံးပြုခွင့်ပေးပါခင်ဗျား။ ရွာလေးရဲ့ စုတ်စုတ်ပြတ်ပြတ် ဆိုင်းဘုတ်လေး မြင်ရတဲ့ အတိုင်းပါပဲ။ ရွာရဲ့ တောင်ပတ်လည်ဝိုင်းနေတဲ့ မူလတန်းကျောင်းကလေးကို မြင်တွေ့နိုင်ပါတယ်။ ပဲခူးရိုးမပေါ်က ကားလမ်းဖြစ်ပါတယ်။ အကွေ့အကောက် အလွန်တရာများပြားလှတာကို တွေ့မြင်နိုင်ပါတယ်။ ဒီလိုပါပဲ။ အကွေ့အကောက်များပြား၊ အတက်အဆင်းများပြားလှတဲ့ ဟိုဘက်က လျှိုမြောင်တွေကြားထဲက သွားရတဲ့လမ်းပါ။ ဒီလမ်းကို ငါးတန်းကျောင်းသား ဘယ်လိုမှသွားလို့ မဖြစ်ပါဘူး။ အနီးဆုံးအလယ်တန်းကျောင်းက ၁၀ မိုင်ကျော်ကွာဝေးပါတယ်။ ဒီအကြောင်းများကြောင့် ရိုးမတောင်တန်းတွေကြားက နေပြည်တော်လမ်းမကြီးနံဘေးက မူတန်းကျောင်းရဲ့ ကျောင်းသားလေးတွေ အလယ်တန်းပညာသင်ယူခွင့်ရဖို့ ကျောင်းသားအရေအတွက် စံသတ်မှတ်ချက် အဓိကမထားဘဲနဲ့ ပညာရေးစကားလုံးအရပြောရရင် Drop out လို့ခေါ်တဲ့ လွင့်ပျောက်မှုတွေမရှိရအောင် ဒီကျောင်းကို မူလတန်းလွန်ကျောင်းကလေးအဆင့်လောက်သာ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ပါရန် အစီအစဉ်ရှိ/မရှိ လေးစားစွာဖြင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရှိသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ချမ်းသာ

ခြင်း၊ ကိုယ်၏ကျန်းမာခြင်း ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သ အပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်းက မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမင်းသိန်း၏မေးခွန်းဖြစ်သော မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ပဲခူးရိုးမပေါ်ရှိ ဝံအော်ကြီးကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို အခြေခံပညာမူလတန်းလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ စပ်လျဉ်းတဲ့မေးခွန်းနဲ့ပတ်သက်လို့ ဖြေကြားတင်ပြမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကိုယ်စားလှယ်တော်ကြီး၏မဲဆန္ဒနယ်ဖြစ်သော မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်အတွင်းမှာ အခြေခံပညာမူလတန်းကျောင်းခွဲတစ်ကျောင်း၊ အခြေခံပညာမူလတန်းကျောင်းခြောက်ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်းငါးကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခွဲကိုးကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း ၁၃ ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းခွဲတစ်ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်းတစ်ကျောင်း စုစုပေါင်း အခြေခံပညာကျောင်းပေါင်း ၃၆ ကျောင်း ပြီးခဲ့တဲ့နှစ်အတွင်း အဆင့်တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊ ဝံအော်ကြီးအခြေခံပညာမူလတန်းကျောင်းနဲ့ မူလတန်းအဆင့်သင်ကျောင်းသားကျောင်းသူ စိစစ်တဲ့အခါမှာ ၈၃ ဦးသာ ရှိပါတယ်။ ဒါပေမဲ့ ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့ သွားရေးလာရေးခက်ခဲခြင်း၊ အနီးဆုံးပညာသင်ကျောင်းဖြစ်တဲ့ ကင်ချောင်းအခြေခံပညာအထက်တန်းကျောင်းနဲ့သာ ၁၃ မိုင်လောက်ဝေးတာ တွေ့ရပါတယ်။ သို့ဖြစ်ပါ၍ ကိုယ်စားလှယ်တော်ကြီးတင်ပြအပ်ပါသော တောင်တွင်းကြီးမြို့နယ် ဝံအော်ကြီးအခြေခံပညာမူလတန်းကျောင်းသည် ၂၀၁၉-၂၀၂၀ ပညာသင်နှစ်အတွင်း ကျောင်းအဆင့်တိုးမြှင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်တဲ့အခါမှာ အခြေခံပညာမူလတန်းလွန်ကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်။

**အစိုးရဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံတစ်ဝန်းသုံးစွဲနေသော ပုံနှိပ်မီဒီယာများအားလုံး ကွန်ပျူတာပုံနှိပ်ဖော်ပြရာတွင် အသုံးပြုနေသော တစ်ချောင်းငင်အရှည်နှင့် အတိုသုံးစွဲမှုကို ပြည်ထောင်စုအစိုးရအဖွဲ့က ဦးဆောင်၍ စနစ်တကျမှန်ကန်အောင် ညွှန်ကြားပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင် ဖြစ်ပါတယ်။ ဒီနေ့ကျွန်တော်မေးမြန်းမှာက အစိုးရဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံတစ်ဝန်းသုံးစွဲနေတဲ့ ပုံနှိပ်မီဒီယာများအားလုံး ကွန်ပျူတာပုံနှိပ်ဖော်ပြရာမှာ အသုံးပြုနေတဲ့ တစ်ချောင်းငင်အတိုနှင့်အရှည် သုံးစွဲမှုကို ပြည်ထောင်စုအစိုးရအဖွဲ့က ဦးဆောင်ပြီး စနစ်တကျမှန်ကန်အောင် ညွှန်ကြားပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းတဲ့မေးခွန်းဖြစ်ပါတယ်။ မေးခွန်းမှာ တစ်ချောင်းငင်ဆိုပေမဲ့ စာပိုဒ်ရှည်မှာ နှစ်ချောင်းငင်လည်းအပါအဝင်ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့မြန်မာနိုင်ငံတစ်ဝန်းအသုံးပြုရေးသားနေတဲ့ ကွန်ပျူတာပုံနှိပ်မီဒီယာအားလုံးမှာ အမှတ်တမဲ့သုံးရာကနေ အများကြာလာရင် နောင်မှာအမှန်ထင်ပြီး မြန်မာစာပေအရေးအသားမှန်မှန်ကန်ကန်ရှိစေလိုတဲ့ စေတနာနဲ့ ကြယ်ပွင့်ပြမေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ ပထမဦးစွာ တစ်ချောင်းငင်အရှည်ကို ဘယ်လိုနေရာမှာ သုံးတယ်ဆိုတာကို ကျွန်တော် လေ့လာမိသမျှတင်ပြလိုပါတယ်။ ပထမက စာလုံးထပ်တွေပါ။ ဥပမာ ပခုက္ကူ စက္ခုပါလ၊ စက္ကူ မိတ္တူ စသည်တို့ဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြုပါ။ ဒုတိယက ယပင့်နဲ့ တွဲသုံးရတဲ့ စကားလုံးတွေပါ။ (ဥပမာ) ဗိုလ်ချုပ်၊ ကျူပင်၊ ကျူးကျော်၊ ပျူ ဂျူး၊ ဗျူဟာတို့ ဖြစ်ပါတယ်။ တတိယကတော့ ဋ္ဌကြီးဖြစ်ပါတယ်။ (ဥပမာ) ဝေဋ္ဌုဝန်၊ ဗေဋ္ဌုဝနတ်စောင်း ဖြစ်ပါတယ်။ အထက်ပါကိစ္စရပ်တွေကလွဲရင် ကျန်တဲ့ ဗျည်းတွေနဲ့တွဲသုံးတဲ့အခါမှာ တစ်ချောင်းငင်အတိုကို သုံးစွဲလေ့ရှိပါတယ်။ ဥပမာပေးစရာများလို့ အများဆုံး အသုံးပြုတဲ့ နမူနာအချို့ကို တင်ပြလိုပါတယ်။ ဒီနေရာမှာ နှစ်ချောင်းငင်အတိုဟာ အမှန်ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တင်ပြချင်တဲ့ အခုမေးခွန်းရဲ့အဓိကဆိုလိုရင်းက အခုတင်ပြခဲ့တဲ့ တစ်ချောင်းငင်နဲ့ နှစ်ချောင်းငင်အတိုကိစ္စပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ ကွန်ပျူတာမပေါ်ခင် ခဲစာလုံးစီပြီး ရိုက်ခဲ့ရတဲ့ ပုံနှိပ်ခေတ်တစ်လျှောက်လုံး တစ်ချောင်းငင်အတိုကို အသုံးပြုတာမှန်ကန်ခဲ့ပေမဲ့ ကွန်ပျူတာခေတ်မှာမှ ဒီလိုအားနည်းသွားတာ ဖြစ်ပါတယ်။ ဟထိုးနှစ်ချောင်းငင်နဲ့ ရရစ်တစ်ချောင်းငင်တို့ဟာ ကွန်ပျူတာကီးဘုတ်လက်ကွက် Key Stoke ရိုက်တဲ့အခါမှာ Alter ခံပြီး ရိုက်ရတဲ့အတွက် စာစီသူတို့အတွက် နံပါတ်တွေမှတ်ရတာ လက်ဝင်တာလည်းဖြစ်နိုင်သလို အခုအသုံးပြုနေတဲ့ Font အမျိုးအစားမကိုက်ညီတဲ့ Software နည်းပညာအရလည်း ဖြစ်နိုင်ပါတယ်။ ဒါကိုကြာလာတဲ့အခါမှာ အမှားကို အမှန်ထင်မှာစိုးလို့ မှန်ကန်တဲ့အသုံးပြုမှုဖြစ်ဖို့အတွက် နိုင်ငံတော်အဆင့်က အထူးသဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ညွှန်ကြားနေတဲ့ e-Government အစီအစဉ်ကပြည်ထောင်စု Font မှာ ပါဝင်ဖို့ ပြည်ထောင်စုအစိုးရအဖွဲ့က သတ်သတ်မှတ်မှတ် ဦးဆောင်ညွှန်ကြားလမ်းညွှန်ပေးစေချင်တဲ့ဆန္ဒနဲ့မေးမြန်းရခြင်း ဖြစ်ပါတယ်။ ဆက်လက်ပြီး ယနေ့ထုတ်ဝေတဲ့စာအုပ်တွေနဲ့နိုင်ငံပိုင်သတင်းစာတွေမှာ အသုံးပြုနေတဲ့ မမှားသင့်တဲ့အထင်ကရတွေကို တင်ပြပေးပါ့မယ်။ ဒီနေရာမှာ တစ်ချောင်းငင်အတိုမှားနေတာပါ။ ညာဘက်က အမှန်ပါ။ ဘယ်ဘက်က မှားပါတယ်။ ဒီနေရာမှာအလျှုပါ။ အလျှုဟာ ဟထိုး၊ နှစ်ချောင်းငင်အတို သုံးရမှာပါ။ အများက ဒီဟာအမှန်လို့ ထင်နေကြပါပြီ။ ဒီနေရာမှာ မှုူးနှင့် ကြီးမှုူးမှာလည်း မှုူးသည် ဟထိုး၊ နှစ်ချောင်းငင်သုံးရမှာဖြစ်ပါတယ်။ လှုမှာလည်း ဟထိုး၊ နှစ်ချောင်းငင်အတို သုံးရမှာဖြစ်ပါတယ်။ ဒီမှာလည်း မှုူးပါ။ မှုူးမှာ ဟထိုးနှစ်ချောင်းငင်အတို သုံးရမှာ ဖြစ်ပါတယ်။ ဒါမှ အမှန်ဖြစ်မှာပါ။ ဒါ အခုက အများအားဖြင့် နှစ်ချောင်းငင်အရှည်သည် အမှန်လို့ထင်နေကြပါပြီ။ ဒါကတော့ တစ်ချောင်းငင်အတိုနဲ့ နှစ်ချောင်းငင်အတိုကို မှန်မှန်ကန်ကန် အသုံးပြုထားတဲ့ ပုံစံဖြစ်ပါတယ်။ နောက်တစ်ခုက အခုတက်ရောက်နေတဲ့ ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုလွှတ်တော်အခမ်းအနားတွေရဲ့ အခမ်းအနားမှုူးဆိုတဲ့ စာတန်းလေး၊ ဘုတ်ပြားလေး ဖြစ်ပါတယ်။ အခမ်းအနားမှုူးမှာ နှစ်ချောင်းငင်အရှည်ဖြစ်နေပါတယ်။ တကယ်တမ်းက နှစ်ချောင်းငင်အတိုဖြစ်ရမှာ ဖြစ်ပါတယ်။ ဒါမမှားသင့်တဲ့အမှားပါ။ ဒါသည် ပြဟ္မီခေတ်ကနေ ဒီနေ့အထိ တစ်ဖြည်းဖြည်းရွေ့လျားလာတဲ့ ကျွန်တော်တို့သုံးစွဲနေတဲ့ဗျည်းအက္ခရာ ၃၃ လုံးရဲ့ပြဟ္မီခေတ်။ အဲဒီကနေမှတစ်ခါ ပျူခေတ်၊ မွန်ခေတ်ကနေ တစ်ဆင့်ပြီးတစ်ဆင့်ပြောင်းလဲလာတဲ့ က၊ ခ ကို ပြောင်းလဲလာတဲ့အဆင့်ဖြစ်ပါတယ်။ ဒီလိုပြောင်းလဲတာလာတွေဖြစ်မှာစိုးလို့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။

အချုပ်ပြောရရင် ကျွန်တော်တို့ရဲ့မြန်မာစာအသုံးအနှုန်းကို မှန်မှန်ကန်ကန်ထိန်းသိမ်းစောင့်ရှောက်ဖို့ အထက်ပါမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ဆက်လက်ပြီး ကျွန်တော်ကပဲ စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမောင်မောင်ရဲ့မေးခွန်းဖြစ်သော ပြည်ထောင်စုမြန်မာနိုင်ငံအစိုးရဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံ တစ်ဝန်းသုံးစွဲနေသော ပုံနှိပ်မီဒီယာများအားလုံး ကွန်ပျူတာပုံနှိပ်ဖော်ပြရာတွင် အသုံးပြုနေသော တစ်ချောင်းငင်အရှည်နှင့်အတိုသုံးစွဲမှုကို ပြည်ထောင်စုအစိုးရအဖွဲ့က ဦးဆောင်၍ စနစ်တကျမှန်ကန် အောင် ညွှန်ကြားပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ယနေ့မျက်မှောက်ကာလ ပုံနှိပ်မီဒီယာများ၊ Online မီဒီယာများနှင့် လူမှုမီဒီယာများမှာ မြန်မာစာအရေးအသား၊ ရေထုံးနှင့် သတ်ပုံများ အလွဲအမှားများစွာဖြင့် ရေးသား၊ ထုတ်လွှင့်ပြောဆို နေချိန်တွင် ကိုယ်စားလှယ်တော်ကြီးက မြန်မာစာပေအရေးအသားမှန်မှန်ကန်ကန်ရေးသားနိုင်ရန် တိုက်တွန်းအကြံပြုထားခြင်းအတွက် အင်မတန်မှ ကျေးဇူးတင်ပါကြောင်းဦးစွာတင်ပြအပ်ပါတယ်။ မြန်မာစာ ရေးသားကြရာမှာ မြန်မာစာအဖွဲ့ကထုတ်ဝေသော မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းကို လိုက်နာကြရန် ပညာရေးဝန်ကြီးဌာနက ၁၉၈၆ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁/၈၆) ဖြင့် ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ အဆိုပါစာလုံးပေါင်းသတ်ပုံကျမ်းသည် ယနေ့အထိ အတည်ပြုပြဋ္ဌာန်းဆဲ ဖြစ်သည့်အပြင် လိုက်နာဆောင်ရွက်ကျင့်သုံးလျက်ရှိပါတယ်။ အနှစ် ၃၀ ကျော်ကာလရှိသော အဆိုပါ ကျမ်းကိုလည်း ပြင်ဆင်ဖြည့်စွက်ထုတ်ဝေနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြ အပ်ပါတယ်။ ရေးထုံးအနေနဲ့ အစဉ်အလာရေးခဲ့တဲ့စာလုံးပေါင်း ဖြစ်ပါတယ်။ အက္ခရာရေးဆွဲပုံ၊ အက္ခရာပုံသဏ္ဌာန်၊ စာလုံးပေါင်းသတ်ပုံတို့သည် ရေးထုံးမှာ အကျုံးဝင်ပါတယ်။ စာလုံးပေါင်းအနေနဲ့ ကတော့ ဗျည်း၊ သရ၊ ယပင့်၊ ရရစ်၊ ဝဆွဲ၊ ဟထိုး၊ အသတ်စသည်တို့ကို စာလုံးဖြစ်အောင် ရေးသားရတဲ့

ရေးထုံးနည်းဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီး မေးမြန်းတင်ပြထားတဲ့ ပြုမှုနှင့်အလှူ တစ်ချောင်းငင်အရှည်နှင့် နှစ်ချောင်းငင်အရှည်များဖြင့် ရေးသားမှုများကို တင်ပြထားချက်များမှာ ပြဋ္ဌာန်းထားတဲ့စာလုံးပေါင်းသတ်ပုံကျမ်း စာမျက်နှာ ၇၉၊ စာမျက်နှာ ၁၀၄ ၊ စာမျက်နှာ ၁၃၈ တို့တွင် ထိုကဲ့သို့ တစ်ချောင်းငင်အရှည်၊ နှစ်ချောင်းငင်အရှည်များဖြင့်ရေးရန် ပြဋ္ဌာန်းထားသည်ကို သတ်ပုံစာအုပ်အထောက်အထားဖြင့် တင်ပြအပ်ပါတယ်။ စာပေဟာ လူမျိုးရဲ့အသက်ဖြစ်ပါတယ်။ ပညာမြင့်မှ လူမျိုးတင့်ပါမယ်။ ပြည်သူများ၏အမိကအလင်းရောင်မှာလည်း ပညာတန်ဆောင်သာဖြစ်ပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၅၀ တွင်လည်း မြန်မာစာသည် ရုံးသုံးစာဖြစ်သည်လို့ပြဋ္ဌာန်းပါရှိပါတယ်။ ဒါ့အပြင် ပုဒ်မ ၄၅၂ နှင့် ၄၅၄ တို့တွင် မြန်မာစာပေအခန်းကဏ္ဍအရေးပါပုံကိုလည်း ပြဋ္ဌာန်းပြီးဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြထားတဲ့ တစ်ချောင်းငင်အတို၊ တစ်ချောင်းငင်အရှည်၊ နှစ်ချောင်းငင်အတို၊ နှစ်ချောင်းငင်အရှည်သုံးစွဲမှုသည် စာလုံးပေါင်းသတ်ပုံဆိုရင်းထက် အရေးပုံရိပ်မျှသာဖြစ်ပြီး သတ်ပုံမှားယွင်းမှုမဟုတ်ပါကြောင်းနှင့် ဖော်ပြပါ ပြု၊ မှုနှင့် အလှူစသည်တို့ဖော်ပြထားခြင်းသည် ပြဋ္ဌာန်းထားသည့် စာလုံးပေါင်းသတ်ပုံကျမ်းစာအုပ်ပါ အရေးပုံရိပ်အတိုင်းရေးသားခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ သို့ပါ၍ စာလုံးပေါင်းသတ်ပုံမှန်ကန်ရေးလုပ်ငန်းစဉ်များသည် ယခင်က ဆောင်ရွက်ပြီးလုပ်ငန်းနှင့် ယခုဆက်လက်ဆောင်ရွက်ဆဲလုပ်ငန်းများဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးမောင်မောင်(ထီးချိုင့်မဲဆန္ဒနယ်)**။ ။ ဝန်ကြီးဖြေကြားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဒီနေရာမှာ ကျွန်တော်တင်ပြလိုတာက အဲဒီ ဟထိုး၊ နှစ်ချောင်းငင် မှုးက ကွန်ပျူတာမှာ အခက်အခဲရှိပါတယ်။ ကျွန်တော်မနေ့က ကွန်ပျူတာစီတဲ့အခါမှာ၊ Power Point လုပ်တဲ့အခါမှာ အဲဒါတော်တော်ဒုက္ခတွေ့ပါတယ်။ ဒီဟာကြောင့်မို့လို့လည်း ဖြစ်နိုင်ပါတယ်။ ဒါကိုကျွန်တော်တို့က ယနေ့နိုင်ငံတော်သတင်းစာတွေမှာပါနေတဲ့ ဒီအမှားကြီးကို ကျွန်တော်တို့က ဆက်ပြီးမပါစေလိုပါဘူး။ ဒီဟာကိုနိုင်ငံတော်ကနေပြီးတော့မှ ဒီဟာကို ဥပမာဆိုကြပါစို့။ ကျွန်တော်တို့ဒီလွှတ်တော်ထဲမှာထုတ်တဲ့ ညွှန်ကြားရေးမှုးချုပ်တို့၊ ဒုတိယညွှန်ကြားရေးမှုးချုပ်တို့မှာဆိုရင် အဲဒီ ဟထိုး၊ နှစ်ချောင်းငင်အရှည်နဲ့ သုံးထားဖြစ်ပါတယ်။ တကယ်တမ်းက စီတဲ့နေရာမှာ အခက်အခဲရှိပါတယ်။ အဲဒါကို နိုင်ငံတော်ကနေမှ ဒီမမှားသင့်တဲ့အမှားကို မြန်စာအရေးအသားမှန်ကန်ဖို့အတွက် ဘယ်လိုပြင်ဆင်ပေးနိုင်မလဲ။ ပြင်ဆင်

ပေးနိုင်ဖို့အတွက် အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ဆက်စပ်မေးခွန်းမေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ မြန်မာစာအရေးအသား၊ ရေထုံး၊ သတ်ပုံတို့နှင့်ပတ်သက်လို့ အဆုံးအဖြတ်ပေးနိုင်ရန် သက်ကြီးမြန်မာစာပေပညာရှင်များပါဝင်တဲ့ မြန်မာစာအဖွဲ့ကို ကျွန်တော်တို့ဖွဲ့စည်းဆောင်ရွက်ထားပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြချက်များနှင့်စပ်လျဉ်းပြီး မြန်မာစာအဖွဲ့ရဲ့အဆုံးအဖြတ်ကို ရယူဆောင်ရွက်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

**မြန်မာတစ်နိုင်ငံလုံးရှိ ဆေးတက္ကသိုလ်များတွင် ဝင်ခွင့်ကို တိုင်းဒေသကြီး/ပြည်နယ်များ၏ လူဦးရေအပေါ်အခြေခံပြီး အချိုးကျခေါ်ယူပေးရန် အစီအစဉ်ရှိ/ မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရေဖြူမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသက်နိုင်ဦး(ရေဖြူမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး မင်္ဂလာပါခင်ဗျာ။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသက်နိုင်ဦး ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းကတော့ မြန်မာတစ်နိုင်ငံလုံးရှိ ဆေးတက္ကသိုလ်များဝင်ခွင့်ကို တိုင်းဒေသကြီး/ပြည်နယ်များ၏ လူဦးရေအပေါ်အခြေခံပြီး အချိုးကျခေါ်ယူပေးရန် အစီအစဉ်ရှိ/ မရှိ မေးခွန်းဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံတွင် လက်ရှိအနေအထားအရ နှစ်စဉ်ဆေးတက္ကသိုလ်ဝင်ခွင့်ရသူများစာရင်းကိုကြည့်လျှင် ရန်ကုန်မြို့ကြီးမှ ထက်ဝက်ခန့်ပါဝင်နေသည်ကို တွေ့ရပါတယ်။ တိုင်းဒေသကြီး/ပြည်နယ်များရဲ့ လူဦးရေအပေါ်အခြေခံပြီး ဆေးတက္ကသိုလ်ဝင်ခွင့်ရသူများ အရေအတွက်ကို နှိုင်းယှဉ်ကြည့်လျှင် မျှတမှုမရှိသည်ကို တွေ့ရပါတယ်။ တစ်ဖက်တွင်လည်း ကျောင်းသားကျောင်းသူများ အရည်အချင်းပေါ်အခြေခံပြီး တက္ကသိုလ်ဝင်ခွင့်ကို စဉ်းစားသည်ဆိုသော်လည်း ရန်ကုန်မြို့ကြီးတွင် ပညာသင်ကြားခွင့်ရသောအခြေအနေနှင့် ပြည်နယ်များတွင် ပညာသင်ကြားခွင့်ရသော အခြေအနေမှာ များစွာကွာခြားပါတယ်။ တချို့နယ်ကျောင်းများဆိုရင် ဆရာဆရာမမလုံလောက်ခြင်း၊ ပြောင်းရွှေ့သွားခြင်းတို့ကြောင့် အချိန်ပြည့်စာမသင်ရခြင်း၊ သင်ခန်းစာပြီးဆုံး

အောင်မသင်ရခြင်းစသည်ဖြင့် ကြုံတွေ့ရပါတယ်။ သို့သော်လည်း လေ့လာဆန်းစစ်မှုအရ အသက်မွေးဝမ်းကျောင်းတက္ကသိုလ်တစ်ခုခုကို နောက်ဆုံးအမှတ်များနှင့် ဝင်ရောက်ခွင့်ရပြီး မြို့ကြီးများမှာ တက်ရောက်ပညာသင်ကြားခွင့်ရတဲ့ နယ်ကျောင်းသားကျောင်းသူများဟာ မြို့ကြီးများရှိ ကျောင်းသားကျောင်းသူများနည်းတူ ပညာသင်ယူနိုင်တာကို တွေ့ရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လွှတ်တော်အတွင်း ကျန်းမာရေးနှင့်ပတ်သက်ပြီး လွှတ်တော်ကိုယ်စားလှယ်များ မေးခွန်းမေးမြန်းရာတွင်လည်း လစ်လပ်ဆရာဝန်များ ခန့်ထားပေးရေးကိစ္စ၊ ခန့်ထားပေးသည့်ဆရာဝန်များ မလာရောက်သည့်ကိစ္စ၊ လာရောက်သော်လည်း ခဏသာလာပြီး ဘွဲ့လွန်တက်ရောက်နေခြင်းစသည်ဖြင့် ကြားသိနေရပါတယ်။ အထူးသဖြင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းရင်းသားဒေသများတွင် ဆရာဝန်အင်အားနည်းပါးပြီး နိုင်ငံတော်အစိုးရမှ ခန့်ထားပေးသော်လည်း တချို့ဆရာဝန်များ တာဝန်ထမ်းဆောင်ခြင်းမရှိသည်ကို တွေ့ရပါတယ်။ တာဝန်ကျပြန်ရင်လည်း မိမိဒေသမြို့ကြီးပြကြီး ပြန်ရောက်အောင် နှစ်အနည်းငယ်အတွင်း ပြန်လည်ကြိုးစားကြသည်ကို တွေ့ရပါတယ်။ လက်ရှိ ကျွန်တော်တို့နိုင်ငံဟာ တိုင်းရင်းသားပြည်သူများ လိုလားတောင့်တနေသော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးကို ငြိမ်းချမ်းရေးကြိုးပမ်းမှုနှင့်အညီ ချီတက်နေခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အားလုံး သာတူညီမျှ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးစားဆောင်ရွက်နေသည့်အခြေအနေလည်း ဖြစ်ပါတယ်။ အရာရာတိုင်း သာတူညီမျှမဖြစ်နိုင်သော်လည်းတတ်နိုင်သလောက် ကြိုးစားပြီး ဆေးတက္ကသိုလ်ဝင်ခွင့်ဦးရေကို တိုင်းဒေသကြီး/ပြည်နယ်များရဲ့ လူဦးရေအပေါ် အခြေခံပြီး ခေါ်ယူပေးမည်ဆိုလျှင် တိုင်းရင်းသားဒေသများတွင် ပိုမိုအခက်အခဲဖြစ်နေသော ဆရာဝန်ရှားပါးမှုပြဿနာကို တစ်နည်းတစ်ဖုံ ကူညီဖြေရှင်းပေးနိုင်ပြီး ရေရှည်တွင်အဆင်ပြေသွားမည်ကို ယုံကြည်မိပါတယ်။ သို့ဖြစ်ပါ၍ ကျန်းမာရေးအခက်အခဲဖြစ်နေသော တိုင်းရင်းသားပြည်သူများ၏ လိုလားချက်ကို အနာဂတ်တွင် မျှတစွာဖြေရှင်းပေးနိုင်ရန်အတွက် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး

တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသက်နိုင်ဦး၏ မေးခွန်းဖြစ်သော မြန်မာတစ်နိုင်ငံလုံးရှိ ဆေးတက္ကသိုလ်ဝင်ခွင့်ကို တိုင်းဒေသကြီး/ပြည်နယ်များ၏ လူဦးရေအပေါ်အခြေခံပြီး အချိုးကျခေါ်ယူပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ဖြေကြားတင်ပြသွားမှာဖြစ်ပါတယ်။

ရိုသေလေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကိုယ်စားလှယ်တော်၏ မေးခွန်းပါ မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ ဆေးတက္ကသိုလ်များဝင်ခွင့်ကို တိုင်းဒေသကြီး/ပြည်နယ်များ၏ လူဦးရေအပေါ် အခြေခံပြီး အချိုးကျခေါ်ယူပေးရန်ကိစ္စနှင့်စပ်လျဉ်းလို့ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနမှ စီမံဆောင်ရွက်ခြင်းမရှိပါ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ ဆောင်ရွက်မှုဖြစ်ပါကြောင်း ဦးစွာတင်ပြလိုပါတယ်။ အဆိုပါမေးခွန်းနှင့်စပ်လျဉ်းပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ပေါင်းစပ်ဖြေကြားချက်များအား ကျွန်တော်မှတင်ပြမှာဖြစ်ပါတယ်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအနေဖြင့် ဆေးတက္ကသိုလ်အလိုက် အများဆုံးလက်ခံသင်ကြားပေးနိုင်သည့် လျာထားဦးရေအတိုင်း ကျောင်းသား၏စိတ်ပါဝင်စားမှု၊ ဦးစားပေးတက္ကသိုလ်လျှောက်ထားမှုများအပေါ်မူတည်ပြီး နောက်ဆုံးပြတ်ရမှတ်တွင် ရမှတ်တူညီသူများကို လျာထားချက်ထက်ပိုခြင်း၊ လျော့ခြင်းစသည်တို့ကို တိုင်းဒေသကြီး/ပြည်နယ်ခွဲခြားမှုမရှိဘဲ ရွေးချယ်ဆောင်ရွက်ခဲ့ပါတယ်။

ဝေးလံခက်ခဲသော ကျေးလက်ဒေသများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍လည်းကောင်း၊ ဆေးပညာကို အမှန်တကယ်ဝါသနာပါပြီး မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ပြန်လည်ထမ်းဆောင်နိုင်မည့် အရည်အသွေးပြည့်ဝသော ဆရာဝန်ကောင်းများပေါ်ထွန်းလာစေရေးအတွက်လည်းကောင်း ရည်ရွယ်ပြီးနိုင်ငံတော်မှ တုတ်ပြန်ထားသည့် ဒေသစရိတ်ခံစားခွင့်ရှိပြီး သွားလာရေးနှင့် လူမှုရေးခက်ခဲသောဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသကြီး ခြောက်ခု နာဂ၊ ဓနု၊ ပအိုဝ်း၊ ပလောင်၊ ကိုးကန့်၊ ဝတို့မှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက် ၎င်းဒေသများ၌ ပညာသင်ကြားပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသူများကို မူလပုံမှန်ပါဝင်ခွင့်ပြု အနိမ့်ဆုံးရမှတ်အောက်လျော့ပေါ့၍ ဆေးတက္ကသိုလ်များသို့ ၂၀၁၂ ပညာသင်နှစ်မှ ၂၀၁၆ ပညာသင်နှစ်အထိ စုစုပေါင်းဝင်ခွင့်ပြုကျောင်းသားဦးရေ၏ ၃ ရာခိုင်နှုန်းကို အဆိုပါဒေသမှ ကျောင်းသားကျောင်းသူများအတွက်လည်းကောင်း၊ ၂၀၁၇ ပညာသင်နှစ်မှစပြီးတော့ ၆ ရာခိုင်နှုန်းခန့် အဆိုပါဒေသမှ ကျောင်းသားကျောင်းသူများကိုလည်းကောင်း ဝင်ခွင့်ပြုထားပါကြောင်းနှင့် သွားလာ

ရေးနှင့် လူမှုရေးခက်ခဲသော ဒေသများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ ဆေးတက္ကသိုလ်တက်ရောက်ခွင့်ပြုခဲ့တဲ့ ကျောင်းသားကျောင်းသူများစာရင်းကို ပူးတွဲတင်ပြထားပါတယ်။

တင်ပြချက်အရ ကချင်ပြည်နယ်မှ စုစုပေါင်းရှစ်ဦး၊ ကယားပြည်နယ်မှ ၂၂ ဦး၊ ကရင်ပြည်နယ်မှ ၃၃ ဦး၊ ချင်းပြည်နယ်မှ ၅၇ ဦး၊ ရခိုင်ပြည်နယ်မှ ၃၅ ဦး၊ ရှမ်းပြည်နယ်မှ ၁၇ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ၇၆ ဦး၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ နှစ်ဦး၊ မကွေးတိုင်းဒေသကြီးအတွင်းမှ ၅၇ ဦး၊ နာဂအတွင်းမှကိုးဦး၊ ဓနုအုပ်ချုပ်ခွင့်ရဒေသမှ ၂၇ ဦး၊ ပအိုဝ်း ၃၄ ဦး၊ ပလောင်ရှစ်ဦး၊ ကိုးကန့်တစ်ဦး၊ ဝငါးဦး။ ယခု အချိန်အထိ ၃၉၁ ဦး တက်ရောက်ခွင့်ပြုပါကြောင်း တင်ပြထားပါတယ်။

သို့ဖြစ်ပါ၍ တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသက်နိုင်ဦး၏ မေးခွန်းဖြစ်သော မြန်မာတစ်နိုင်ငံလုံးရှိ ဆေးတက္ကသိုလ်များဝင်ခွင့်ကို တိုင်းဒေသကြီး/ပြည်နယ်များ၏ လူဦးရေအပေါ် အခြေခံပြီး အချိုးကျခေါ်ယူပေးရန် အစီအစဉ်ရှိ/မရှိ မေးခွန်းမေးမြန်းခြင်းအပေါ် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ဖြေကြားချက်အား ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနမှ ပေါင်းစပ်ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တန့်ယန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း တန့်ယန်းကျောင်းဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာ(၃)လုံးအား ပယ်ဖျက်ပြီး(၁၀)ခန်းတွဲ(၃)ထပ် RC အဆောက်အဦ သို့မဟုတ် ထပ်မံပြောင်းရွှေ့ တာဝန်ထမ်းဆောင်မည့် ပညာရေးဝန်ထမ်းများအတွက်ပါ သင့်တင့်မျှတသည့် အခန်းပါဝင်သည့် အဆောက်အဦ ဆောက်လုပ်နိုင်ရန် လျာထားဆောင်ရွက်ထားခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ တန့်ယန်းမဲဆန္ဒနယ်မှ ဦးစိုင်းမောင်ပွင့် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးစိုင်းမောင်ပွင့်(တန့်ယန်းမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် အစည်းအဝေး(၂၃)ရက်မြောက်နေ့သို့ တက်ရောက်လာသူအားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ မြို့နယ်အတွင်းရှိ ပညာရေးဝန်ထမ်းအိမ်ရာနှင့်ပတ်သက်သည့် ကြယ်ပွင့်ပြမေးခွန်းမေးမြန်းမည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းမောင်ပွင့် ဖြစ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ တန့်ယန်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီလစာရင်းအရ ကျောင်းသူကျောင်းသား ၁၈၈၁ ဦးရှိပြီး ဆရာဆရာမ ၅၀ ဦးရှိတဲ့အနက် ရပ်ဝေးမှလာရောက်တာဝန်

ထမ်းဆောင်သူ ၂၅ ဦးရှိပြီး ကျောင်းဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာသုံးလုံးတွင် ဒေသစုံမှဆရာဆရာမ ၁၇ ဦး လက်ရှိနေထိုင်ရပါတယ်။ လူလွတ်များ စုပေါင်းနေထိုင်ရပါတယ်။ အိမ်ထောင်သည်များမှာ ဖြစ်သလိုဆောက်ထားတဲ့ ယာယီတဲမှာနေထိုင်ရပြီး တချို့ဝန်ထမ်းများမှာ အိမ်ငှားရမ်းနေထိုင်ရပါတယ် ခင်ဗျား။ ၎င်းဝန်ထမ်းအိမ်ရာသုံးလုံးနှင့် ဖြစ်သလိုဆောက်လုပ်နေထိုင်ရတဲ့ ယာယီတဲများ၏ ပကတိအခြေအနေမှန်ကို သိရှိနိုင်ပါရန် Power Point သုံးစွဲမေးမြန်းခွင့်ပြုပါရန် ပန်ကြားအပ်ပါတယ် ခင်ဗျား။ ဒါကတော့ ဖြစ်သလိုတည်ဆောက်ထားတဲ့ ဆရာဆရာမများရဲ့ ယာယီတဲများ ဖြစ်ပါတယ် ခင်ဗျား။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပုံတွင်မြင်ရသည့်အတိုင်း ဆောက်လုပ်ခဲ့သည်မှာ နှစ်ပေါင်း ၅၀ နီးပါး ကြာမြင့်ခဲ့ပြီဖြစ်တဲ့ သွပ်မိုးထရံကာ ပျဉ်ခင်းအဆောက်အဦများနဲ့ ယာယီတဲများဟာ ဟောင်းနွမ်းပျက်စီး ပြီး အန္တရာယ်ရှိသည့် အခြေအနေဖြစ်နေပါတယ်။ မိုးတွင်းမှာမိုးယို၊ ဆောင်းတွင်းမှာချမ်းအေးလှတဲ့ ရှမ်းပြည်အအေးဒဏ်ကို ကြံ့ကြံ့ခံရင်ဆိုင်ကာ စေလိုရာစေ တာဝန်ကျရာ လာရောက်တာဝန်ထမ်း ဆောင်တဲ့ ဥယျာဉ်မှူး ပန်းပျိုးလက်ပိုင်ရှင် ဆရာဆရာမများရဲ့ဘဝကို စာနာသောအားဖြင့် လုံလောက်တဲ့ဝန်ထမ်းအိမ်ရာများကို အသစ်ပြန်လည်ဆောက်လုပ်ရန် လိုအပ်နေပြီဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ မေးမြန်းလိုသည်မှာ တန့်ယန်းမြို့ အခြေခံပညာအထက်တန်းကျောင်း ကျောင်းဝင်းအတွင်း ရှိ ဝန်ထမ်းအိမ်ရာဟောင်းများကိုပယ်ဖျက်ကာ မြေနေရာကန့်သတ်ချက်ကို ထောက်ကြည့်၍ (၁၀) ခန်းတွဲ (၃)ထပ် RC အဆောက်အဦ သို့မဟုတ်ရင်လည်း နောက်ထပ်ပြောင်းရွှေ့လာနိုင်မည့် ပညာရေး ဝန်ထမ်းများအတွက်ပါ ကြိုတင်တွက်ချက်ကာ သင့်တင့်မျှတနိုင်မည့် အဆောက်အဦ တည်ဆောက်နိုင် ရန် အစီအစဉ်ရှိ/မရှိနှင့် မရှိသေးပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးနိုင်မည် ကို သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ရှမ်းပြည်နယ်၊ တန့်ယန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး

ဦးစိုင်းမောင်ပွင့်၏မေးခွန်းဖြစ်သော ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း တန့်ယန်းကျောင်းဝင်းအတွင်းရှိ ဝန်ထမ်းအိမ်ရာသုံးလုံးကို ပယ်ဖျက်ပြီး (၁၀)ခန်းတွဲ (၃)ထပ် RC အဆောက်အဦ သို့မဟုတ် ထပ်မံပြောင်းရွှေ့တာဝန်ထမ်းဆောင်မည့် ပညာရေးဝန်ထမ်းများအတွက်ပါ သင့်တင့်မျှတသည့် အခန်းများပါဝင်သည့် အဆောက်အဦ ဆောက်လုပ်ရန် လျာထားဆောင်ရွက်နိုင်ခြင်းရှိ/မရှိနှင့် မရှိသေးပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်နိုင်မည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။

ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကိုယ်စားလှယ်တော်ကြီး၏မဲဆန္ဒနယ်ဖြစ်သော ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်အတွက် ယခုပညာသင်နှစ်အတွင်းမှာ ငွေလုံးငွေရင်း တည်ဆောက်ရေးအနေနဲ့ အခြေခံပညာကျောင်းဆောင်များ လုပ်ငန်း ၁၂ ခုကို လျာထားဆောင်ရွက်ပေးနေပါကြောင်း တင်ပြအပ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြသော ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်၊ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှာ လက်ရှိ ဆရာ ဆရာမ ဝန်ထမ်းဦးရေ ၆၀ ရှိပြီး လောလောဆယ်အားဖြင့် ဝန်ထမ်းအိမ်ရာမှာ နေထိုင်သူဟာ ၁၇ ဦးသာရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြသကဲ့သို့ အဆိုပါကျောင်းဟာ (၁၂၀ ပေ x ပေ ၃၀) Steel Structure တစ်ထပ် ဝန်ထမ်းအိမ်ရာအသစ်တစ်ဆောင် ဆောက်လုပ်ပေးရန်အတွက် လိုအပ်သောရန်ပုံငွေကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းခေါင်းစဉ်အောက်မှ လျာထားသတ်မှတ်ပြီး ရန်ပုံငွေရရှိမှုအခြေအနေပေါ် မူတည်၍ ဆောင်ရွက်ပေးပါမည်ဖြစ်ကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ မိုက်ပေးပါ။

**ဦးစိုင်းမောင်ပွင့်(တန့်ယန်းမဲဆန္ဒနယ်)။** ။ ဆက်စပ်မေးခွန်း မေးမြန်းခွင့်ပြုပါခင်ဗျား။ ခုနကျွန်တော်မေးတဲ့မေးခွန်းထဲမှာ အခုဆောက်မယ့်ဟာ တွက်ချက်ထားတဲ့ဟာက အခုလက်ရှိ ဝန်ထမ်းတွေအတွက်ပဲ လုံလောက်မှာဖြစ်ပါတယ်။ နောက်ထပ်ရောက်ရှိလာမယ့် ဝန်ထမ်းတွေအတွက် ရော ကြိုတင်တွက်ချက်ပြီးတော့ ဆောက်လုပ်ပေးနိုင်ရန် အစီအစဉ်ရှိ/မရှိ ဆိုတာကို ဖြေကြားပေးဖို့ ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနဝန်ကြီးဌာနက ဖြေကြားပေးရန် ဖြစ်ပါတယ်။

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ အခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွက် လျာထားရန်ပုံငွေသတ်မှတ်ချက်တော့ ကျွန်တော်တို့ အကြမ်းရပါပြီ။ အဲဒီအရတော့ ကျွန်တော်ခုနတင်ပြသကဲ့သို့သော လျာထားဆောင်ရွက်ခြင်းရှိပါကြောင်းနှင့် အသစ်ရောက်ရှိမယ့် ဝန်ထမ်းအတွက်တွေကတော့ ရောက်ရှိမှသာ ထပ်မံရရှိမယ့်ဘဏ္ဍာရေးအခြေအနေအရသာ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။

**အင်းစိန်မြို့နယ်အတွင်း အ.ထ.က(၃)အင်းစိန်မြေနေရာတွင် မြို့နယ်ကျောင်းပေါင်းစုံ အားကစားကွင်းနှင့် အ.ထ.က(၇)အင်းစိန်မြေနေရာတွင် မြို့နယ်ကျောင်းပေါင်းစုံ မိုးလုံလေလုံအားကစားရုံ ဆောက်လုပ်ပေးရန်အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဦးမောင်မောင်ဦး(အင်းစိန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး ဖြစ်ပါတယ်။ လေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီနေ့ ဥက္ကဋ္ဌကြီးကတစ်ဆင့် မေးမြန်းလိုတဲ့မေးခွန်းကတော့ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်ရှိ အ.ထ.က(၃)အင်းစိန်မြေနေရာတွင် ကျောင်းပေါင်းစုံအားကစားကွင်းတစ်ကွင်းနှင့် အ.ထ.က(၇)အင်းစိန်မြေနေရာတွင် ကျောင်းပေါင်းစုံ မိုးလုံလေလုံအားကစားရုံ တည်ဆောက်ပေးရန်နှင့် ဆောက်လုပ်ပေးမည်ဆိုပါက မည်သည့်အချိန်တွင်စတင်ဆောက်လုပ်ပေးမည်ကို သိရှိလို၍ မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ ပြည်သူ့အစိုးရလက်ထက်မှာ ကျောင်းသားလူငယ်များနှင့်ပတ်သက်၍ ကာယ၊ ဉာဏဖွံ့ဖြိုးတိုးတက်စေရန် အားကစားသိပ္ပံဖွင့်လှစ်ခြင်း၊ အားကစားလေ့ကျင့်ရန် အားကစားကွင်းများပြန်လည်ဖောက်လုပ်ပေးခြင်း၊ ကျောင်းတွင်းအားကစားပွဲများ အားကစားလှုပ်ရှားမှုများကို မြှင့်တင်ဆောင်ရွက်ပေးခြင်း အစရှိသော ကျောင်းသားလူငယ်များ အားကစားနှင့်အားကစားကဏ္ဍ မြင့်မားအောင် ဆောင်ရွက်ပေးနေတဲ့အချိန်လည်းဖြစ်ပါတယ်။ ကျွန်တော်တို့အင်းစိန်မြို့နယ်မှာ အခြေခံပညာအထက်တန်းကျောင်းပေါင်း ၁၈ ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်းပေါင်း ၁၁ ကျောင်းနှင့် အခြေခံပညာမူလတန်းကျောင်းပေါင်း ၃၁ ကျောင်းရှိပြီး စုစုပေါင်း ကျောင်းသား

ကျောင်းသူဦးရေ ၃၈၀၀၀ ကျော်နှင့် ဆရာဆရာမပေါင်း ၁၁၀၀ ကျော်ရှိပါသော်လည်း အင်းစိန်မြို့နယ်ပိုင် ကျောင်းပေါင်းစုံအားကစားကွင်းနှင့် ကျောင်းပေါင်းစုံမိုးလုံလေလုံအားကစားမရှိတဲ့အတွက် ကျောင်းသားလူငယ်များအတွက် ပြိုင်ပွဲများကို အချိန်အခါမရွေးဆောင်ရွက်နိုင်ခြင်းမရှိပါသောကြောင့် ကျောင်းသားမိဘများနှင့် ကျောင်းသားလူငယ်များမှာ များစွာစိတ်အားငယ်ကြရပါတယ်။ ထို့အပြင် ကျောင်းသားလူငယ်များအတွက် ကျန်းမာရေးကောင်းမွန်ရန်အတွက်လည်းကောင်း၊ ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံဖွံ့ဖြိုးတိုးတက်ရန်အတွက်လည်းကောင်း၊ ဆေးလိပ်နှင့်အရက် မူးယစ်ဆေးဝါးအန္တရာယ်တို့မှ ကင်းဝေးစေရေးအတွက်လည်းကောင်း ရေရှည်ကိုမျှော်တွေးပြီး စိတ်ပူပင်ကြရပါတယ်။ သို့ပါသောကြောင့် ကျောင်းသားလူငယ်များ ကာယ၊ ဉာဏ၊ စာရိတ္တဖွံ့ဖြိုးတိုးတက်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်ရှိ အ.ထ.က(၃)အင်းစိန်မြေနေရာတွင်လည်းကောင်း ကျောင်းပေါင်းစုံအားကစားကွင်းတစ်ကွင်း၊ အ.ထ.က(၇)အင်းစိန်မြေနေရာတွင် ကျောင်းပေါင်းစုံ မိုးလုံလေလုံအားကစားရုံ တည်ဆောက်ပေးရန်နှင့် ဆောက်လုပ်ပေးမည်ဆိုပါက မည်သည့်အချိန်တွင် ဆောက်လုပ်ပေးမည်ကိုသိရှိလိုတဲ့အတွက် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပညာရေးဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဝင်းမော်ထွန်း(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်ကပဲ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးမောင်မောင်ဦးရဲ့ မေးခွန်းဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်အတွင်း အ.ထ.က(၃) အင်းစိန်မြေနေရာကို မြို့နယ်ကျောင်းပေါင်းစုံအားကစားကွင်းနှင့် အ.ထ.က(၇)အင်းစိန်မြေနေရာကို မြို့နယ်ကျောင်းပေါင်းစုံ မိုးလုံလေလုံအားကစားရုံ ဆောက်လုပ်ပေးပါရန်နှင့် ဆောက်လုပ်ပေးမည်ဆိုပါက မည်သည့်အချိန်ကာလတွင် စတင်ဆောက်လုပ်ပေးမည်ကို သိရှိလိုပါကြောင်း မေးခွန်းနှင့် စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။

ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများခင်ဗျား။ ကျွန်တော်တို့ပညာရေးဝန်ကြီးဌာနအနေနဲ့ ကိုယ်စားလှယ်တော်ကြီး

၏မဲဆန္ဒနယ်ဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်အတွင်း ၂၀၁၈ ခုနှစ် ငွေလုံးငွေရင်း ရန်ပုံငွေစာရင်းမှာ အခြေခံပညာကျောင်းဆောင်များ တည်ဆောက်ရေးလုပ်ငန်းရှစ်ခုကို ထည့်သွင်းဆောင်ရွက်လျက်ရှိပါကြောင်း ဦးစွာတင်ပြအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများတွင် လိုအပ်လျက်ရှိသော ကျောင်းဆောင်သစ်များ၊ အန္တရာယ်ရှိကျောင်းဆောင်များကို ဖျက်သိမ်းပြီး အသစ်ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းများ၊ ဥပမိရုပ်မကောင်းသော ကျောင်းဆောင်များအား အသစ်ဆောက်လုပ်ခြင်းလုပ်ငန်းများ၊ စာသင်သားဦးရေအရ ကျောင်းဆောင်သစ်များတိုးချဲ့ဆောက်လုပ်ခြင်းလုပ်ငန်းများ၊ အားကစားရုံ၊ အားကစားကွင်းနှင့်ခန်းမများ၊ ဝန်ထမ်းအိမ်ရာများ၊ ပညာရေးမှူးရုံးများ ဆောက်လုပ်ခြင်းများကို စာရင်းပြုစုပြီးတော့ ပြည်ထောင်စုဘတ်ဂျက်တွင် တင်ပြရရှိနိုင်ရေးအတွက် နှစ်စဉ်လျာထားဆောင်ရွက်လျက်ရှိပါတယ်။ သို့သော် ပြည်ထောင်စုဘတ်ဂျက်မှ ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီးတော့ သင်ကြားရေးအတွက် ကျောင်းဆောင်မဖြစ်မနေလိုအပ်သည့်ကျောင်းများကို ကျောင်းဆောင်အသစ်ဆောက်လုပ်ခြင်းများကိုသာ ဦးစားပေးဆောင်ရွက်နေရတဲ့ အခြေအနေရှိပါကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ် အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းအတွက် မိုးလုံလေလုံအားကစားရုံ တည်ဆောက်ပေးရန် ရန်ပုံငွေကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာတော့ ဦးစားပေးအနေနဲ့ ထည့်သွင်းလျာထားနိုင်ခြင်းမရှိသော်လည်း လာမည့်ဘဏ္ဍာရေးနှစ်များအတွင်း အပိုင်းလိုက် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီးတော့ လျာထားဆောင်ရွက်ပေးမည်ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း အားကစားကွင်းဆောက်လုပ်ရေးအတွက် လိုအပ်တဲ့ရန်ပုံငွေကိုတော့ ယခု ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ လျာထားဆောင်ရွက်ပေးပြီး ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်ပြီး ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ရိုသေစွာတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများမေးမြန်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။ အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားမှာဖြစ်ပါတယ်။

**အချိန်၊ ၁၁း၁၀။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

**မှုကြမ်း**

[အစည်းအဝေးကို ၃၀ မိနစ်ခန့် ခေတ္တရပ်နားပါသည်။]

**အချိန်။ ၁၁း၄၀။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ အစည်းအဝေးပြန်လည်စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ အစီအစဉ် ၆ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်ပြဖို့ ဖြစ်ပါတယ်။ ဥပဒေကြမ်းကော်မတီကိုဖိတ်ခေါ်ပါတယ်။

**ဦးကျော်စိုးလင်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အားလုံးမင်္ဂလာပါလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး ဦးကျော်စိုးလင်း ဖြစ်ပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point သုံးစွဲခွင့်ပြုပါရန် လေးစားစွာ ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးအထိ ဥပဒေကြမ်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၂၄ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ တို့နှင့်အညီ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကို ၅-၂-၂၀၁၆ ရက်နေ့တွင် ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်က ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ပြီး ကော်မတီဝင် ၁၅ ဦးဖြင့် စတင်ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ပါတယ်။ ဖွဲ့စည်းပြီးသည့်နေ့မှစ၍ ကော်မတီ၏လုပ်ငန်းတာဝန်များကိုလည်း စတင်ဆောင်ရွက်ခဲ့ပါတယ်။ ကော်မတီပြင်ဆင်ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်းပြီးတော့ တင်ပြလိုပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးကာလအတွင်း သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ဖြစ်တဲ့ ၂၂-၃-၂၀၁၈ ရက်နေ့တွင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ

ဦးထွန်းအောင်(ခ)ဦးထွန်းထွန်းဟိန်သည် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်း၍ တာဝန်ထမ်းဆောင်ရတဲ့အတွက် ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းအား ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးကာလဖြစ်တဲ့ ၁၁-၆-၂၀၁၈ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ်(၅၆/၂၀၁၈)ဖြင့် ပြောင်းလဲ တာဝန်ပေးအပ်ခဲ့ပြီး ဥပဒေကြမ်းကော်မတီ၏ လုပ်ငန်းတာဝန်များကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် (၁၅)ဦးဖြင့် ဆက်လက်တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော်ရုံး၏ ၁၆-၂-၂၀၁၇ ရက်စွဲပါ အမိန့်အမှတ် ၁/၂၀၁၇ ဖြင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီတွင် ဒုတိယဗိုလ်မှူးကြီး သန်းဦးလွင်နှင့် ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်း တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှစ်ဦးကို လေ့လာသူအဖြစ် တာဝန်ပေးအပ်ခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်ရုံး၏ ၂၃-၅-၂၀၁၈ ရက်နေ့တွင် လေ့လာသူကိုယ်စားလှယ်များနှင့်စပ်လျဉ်း၍ အမိန့်အမှတ်(၁/၂၀၁၈) ဖြင့် ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်းနှင့် ဒုတိယဗိုလ်မှူးကြီး သန့်ဇော်တို့ကို ပြင်ဆင်တာဝန်ပေးအပ်ခဲ့ပါတယ်။ ရည်ရွယ်ချက်နှင့်ကော်မတီ၏တာဝန်များကို ဆက်လက်တင်ပြလိုပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးကာလအတွင်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏လုပ်ငန်းဆောင်ရွက်ချက်များကို သိရှိနိုင်ရန်အတွက် ရည်ရွယ်ပါတယ်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ-မရှိ၊

(ခ) နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများ၊ ဦးတည်ချက်များနှင့် ညီညွတ်မှုရှိ- မရှိ၊

(ဂ) နိုင်ငံတော်နှင့် အများပြည်သူတို့၏ အကျိုးစီးပွားကို အလေးထားပြီး ကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ခြင်း ရှိ - မရှိ၊

(ဃ) နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြုထိပါးစေမည့် အချက်များပါဝင်ခြင်း ရှိ-မရှိ၊

(င) နိုင်ငံတော်၏ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိ-မရှိ၊

**မူကြမ်း**

(စ) အများပြည်သူ၏ လုံခြုံရေးနှင့် ပစ္စည်းလုံခြုံရေးကို ထိခိုက်ခြင်း ရှိ- မရှိ၊

(ဆ) တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမည့် အရေးအသား၊ အသုံးအနှုန်းများ ပါဝင်ခြင်း ရှိ-မရှိ၊

(ဇ) ပြည်ထောင်စုဝန်ကြီးဌာန တစ်ခုနှင့် အစိုးရအဖွဲ့အစည်းတစ်ခု၏ လုပ်ပိုင်ခွင့်များ၊ အစိုးရဌာန အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု၏လုပ်ပိုင်ခွင့်များ ရောထွေးခြင်း ရှိ- မရှိ၊

(ဈ) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် ဒေသအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များပါ တာဝန်အရရေးဆွဲသော ဥပဒေကြမ်းဖြစ်လျှင် ထိုစာချုပ်များ၊ သဘောတူစာချုပ်များပါ မြန်မာနိုင်ငံက သဘောတူလက်ခံထားသော အချက်များနှင့် လိုက်လျောညီထွေခြင်း ရှိ-မရှိနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးခြင်း ရှိ-မရှိ၊

(ည) သက်ဆိုင်ရာ ဥပဒေကြမ်းနှင့် သက်ဆိုင်သော မူပိုင်းဆိုင်ရာ အချက်အလက်များ ပြည့်စုံစွာ ပါဝင်ခြင်း ရှိ - မရှိ၊

(ဋ) ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်မည့် အခြေအနေရှိ -မရှိ ၊

(ဌ) ဥပဒေကြမ်း၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းချက်များ ပြည့်စုံစွာပါရှိခြင်း ရှိ - မရှိ စသည့် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ နှင့်အညီ ဆောင်ရွက်လျက်ရှိကြောင်း တင်ပြလိုပါတယ်။ အစီရင်ခံသည့် ကာလအတွင်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဆက်လက်တင်ပြလိုပါတယ်။ ယခု အစီရင်ခံသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန် အစည်းအဝေးကာလအတွင်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဖော်ပြအစီရင်ခံအပ်ပါသည်။

ကော်မတီသည် အဓိကအားဖြင့် ပြည်သူ့လွှတ်တော်သို့ ပေးပို့လာသော ဥပဒေကြမ်းများကို စိစစ်၍ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တင်ပြပါတယ်။ ထို့သို့ စိစစ်တဲ့အခါမှာ ဥပဒေကြမ်းကော်မတီသည် ဥပဒေကြမ်းတင်သွင်းလာတဲ့ ဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်း၊ သက်ဆိုင်ရာရေးရာကော်မတီများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်

အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်များနှင့် ဆွေးနွေး၍ အစီရင်ခံစာကို ပြုစုပါတယ်။ ယင်းအစီရင်ခံစာကို ပြည်သူ့လွှတ်တော်သို့ တင်ပြရာတွင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက အကြံပြုချက်များ၊ ဖြည့်စွက်ချက်များ၊ ပြင်ဆင်ချက်များကို တင်သွင်းလာသည့်အခါ ဥပဒေကြမ်းကော်မတီက ယင်းပြင်ဆင်ချက် အဆိုပြုတင်သွင်းသူများအားခေါ်ယူ၍ ညှိနှိုင်းအစည်းအဝေးကျင်းပရာ ပြည်သူ့အတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းနိုင်မည့် ဥပဒေများ ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်ကြရပါတယ်။ ဥပဒေကြမ်းကို ထပ်မံစိစစ်၍ လွှတ်တော်သို့ ထပ်မံတင်ပြပါတယ်။ ထိုသို့ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ အပြီးသတ်တင်ပြရာမှာ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းနှင့်လည်းကောင်း၊ ကိုယ်စားလှယ်များအားလုံးနှင့်လည်းကောင်း၊ အားလုံးသဘောတူပြီးသည်နှင့်အညီ လွယ်ကူခိုင်မာစွာ အတည်ပြုနိုင်ခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့နိုင်ခဲ့ပါတယ်။ မိမိတို့လွှတ်တော်မှစ၍ ဆွေးနွေးသကဲ့သို့ အချို့သောဥပဒေကြမ်းများမှာ အမျိုးသားလွှတ်တော်က စတင်၍ ဆွေးနွေးခြင်းများလည်းရှိပါတယ်။ အမျိုးသားလွှတ်တော်ကလည်း အထက်စာပိုဒ်တွင် တင်ပြခဲ့သည့်နည်းလမ်းအတိုင်း အဆင့်ဆင့်ဆောင်ရွက်ခဲ့ပြီး အပြီးသတ်အတည်ပြုပြီးသော ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့ ပေးပို့လာပါတယ်။ အဆိုပါဥပဒေကြမ်းကိုလည်း အထက်စာပိုဒ်တွင် ဆောင်ရွက်သည့်နည်းလမ်းနှင့်ပင် ပြည်သူ့လွှတ်တော်တွင် အပြီးသတ်အတည်ပြုပါတယ်။

ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အတည်ပြုပြီးသောအခါ အချို့ဥပဒေများမှာ ကွဲလွဲမှုမရှိသော်လည်း ဥပဒေအများစုမှာ ကွဲလွဲမှုများရှိပါတယ်။ လွှတ်တော်နှစ်ရပ်ကွဲလွဲမှုရှိသောဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ်လေ့လာစိစစ်ရန် ပြည်သူ့လွှတ်တော်ဥပဒေကြမ်းကော်မတီနှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတို့က ပူးပေါင်းစိစစ်ပါတယ်။ ထိုသို့စိစစ်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်မှ ကိုယ်စားလှယ်ခုနစ်ဦး၊ အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ်ခုနစ်ဦးနှင့် ဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကတို့ ပါဝင်သော ဥပဒေကြမ်းပူးပေါင်းကော်မတီကို ဖွဲ့စည်းထားရှိပါတယ်။ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီကို ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁-၈-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၄၉/၂၀၁၈)ဖြင့် ဖွဲ့စည်းထားရှိပါတယ်။ နောက်ဆက်တွဲ(က)ဖြင့် အစီရင်ခံသည့်ကာလအတွင်း ပြည်သူ့လွှတ်တော်သို့ ရောက်ရှိလာပြီး စတင်ဆွေးနွေးခဲ့သည့် ဥပဒေကြမ်း (၃၀)ခုကို ဖော်ပြထားရှိပါတယ်။ နောက်ဆက်တွဲ(ခ)ဖြင့် အစီရင်ခံသည့်ကာလအတွင်း အမျိုးသား

လွှတ်တော်၌ စတင်ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်သို့ပေးပို့လာသည့် ဥပဒေကြမ်း(၂၅)ခုကို ဖော်ပြထားရှိပါတယ်။ နောက်ဆက်တွဲ(ဂ)ဖြင့် အစီရင်ခံသည့်ကာလအတွင်း ပြည်သူ့လွှတ်တော်၌ စတင် ဆွေးနွေးသည့် ဥပဒေကြမ်း(၄၈)ခုနှင့် နည်းဥပဒေသုံးခုတို့ကို လွှတ်တော်၌အတည်ပြုခဲ့ပြီး ၎င်းတို့ကို ဖော်ပြထားရှိပါတယ်။ နောက်ဆက်တွဲ(ဃ)ဖြင့် အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်သို့ပေးပို့၍ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့သည့် ဥပဒေကြမ်း(၂၃)ခုကို ဖော်ပြထားရှိပါတယ်။ နောက်ဆက်တွဲ(င)ဖြင့် အစီရင်ခံသည့်ကာလအတွင်း ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့သော ဥပဒေပေါင်း(၅၈)ခုကို ဖော်ပြထားပါတယ်။ နောက်ဆက်တွဲ(စ)ဖြင့် ပြည်သူ့လွှတ်တော်က ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီတွင် ကျင်းပသည့်အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည့် ဥပဒေကြမ်းများအခြေအနေများကို ဖော်ပြထားရှိပါတယ်။

ဥပဒေအသစ်ရေးဆွဲခြင်းနှင့်စပ်လျဉ်း၍ ဆက်လက်တင်ပြလိုပါတယ်။ ဥပဒေကြမ်းကော်မတီသည် ဥပဒေကြမ်းအသစ်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လွှတ်တော်သို့မတင်သွင်းမီ အောက်ပါအခြေအနေများကို အထူးအလေးထား၍စိစစ်ခဲ့ပါတယ်။ (က) တည်ဆဲဥပဒေတစ်ရပ်ရပ်သည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးရှိခြင်း၊ (ခ) နိုင်ငံတော်က ကျင့်သုံးသော ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေမှုရှိစေရေးအတွက် သီးခြားဥပဒေအသစ်တစ်ရပ်ရေးဆွဲရန် လိုအပ်လာခြင်း၊ (ဂ) မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးသော ကုလသမဂ္ဂကွန်ဗင်းရှင်းများနှင့်အညီ ဥပဒေအသစ်ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်ခြင်းစတဲ့အခြေအနေများကို အထူးအလေးထား၍ စိစစ်ခဲ့ပါတယ်။ ၎င်းအပြင် ဥပဒေအသစ်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို သတိမူ၍ ဆောင်ရွက်လျက်ရှိပါတယ်။ (က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုရှိစေရန်၊ (ခ) လက်တွေ့အကောင်အထည်အဖော်ဆောင်ရွက်နိုင်သောဥပဒေဖြစ်စေရန်၊ (ဂ) ဖွဲ့စည်းပုံအခြေခံဥပဒေပါစကားရပ်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် တည်ဆဲစကားရပ်များအနက်အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေကို ကိုးကားဖွင့်ဆိုရန်၊ (ဃ) တည်ဆဲဥပဒေများနှင့် ဆန့်ကျင်မှုမရှိရန်၊ (င) အခြားဌာနတစ်ခုခု၊ အဖွဲ့အစည်းတစ်ခုခု၏ လုပ်ပိုင်ခွင့်ကို ထိပါးခြင်းမရှိစေရန်၊ (စ) အနှစ်သာရပိုင်း၊ မူပိုင်းဆိုင်ရာအချက်အလက်များ ပြည့်စုံစွာပါရှိစေရန်၊ (ဆ) တင်းကြပ်လွန်းသောရေးသားချက်များကို ရှောင်ရှားပြီး ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ဆောင်ရွက်ရန်နှင့် လွယ်ကူသောရေးသားချက်များဖြင့် ရေးသားရန်၊ (ဇ) ဥပဒေတွင် တာဝန်ရှိခြင်းနှင့် တာဝန်ခံခြင်းကိစ္စရပ်များကို တိတိကျကျဖော်ပြသတ်မှတ်ပေးရန်စတဲ့ အချက်များပါပါတယ်။

**မူကြမ်း**

ကော်မတီ၏အစည်းအဝေးများသည် လွှတ်တော်တစ်ရပ်လုံး၏အစိတ်အပိုင်းများဖြစ်သည့်အတွက် ရေးရာကော်မတီများ၏ ဆောင်ရွက်ချက်များသည် လွှတ်တော်ကြီးအတွင်းရှိ လွှတ်တော်ငယ်များ ဖြစ်သည်ဟု မှတ်ယူကြရပါတယ်။ ထို့ကြောင့် ပုံမှန်အားဖြင့် ရေးရာကော်မတီများသည် ပုံမှန်အစည်းအဝေးများ ကျင်းပနေသည့်အပြင် လွှတ်တော်ပြင်ပချိန်ဖြစ်သော ရုံးချိန်များတွင် ရေးရာကော်မတီဆောင်များ၌ ကိုယ်စားလှယ်များသည် မိမိတို့၏ကော်မတီတာဝန်များကို ထမ်းဆောင်ကြရပါတယ်။ ဥပဒေကြမ်းကော်မတီအနေဖြင့် ကော်မတီဝင်အားလုံးသည် လွှတ်တော်ပြီးဆုံးချိန်များတွင် အစည်းအဝေးထိုင်ကြသည့်အပြင် အချို့သောရုံးပိတ်ရက်များ၌လည်း အရေးကြီးသောဥပဒေများ ဆွေးနွေးရသောနေ့ရက်များတွင် လွှတ်တော်၌တာဝန်ချိန် သတ်မှတ်၍လည်းကောင်း ညှိနှိုင်းဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ပဉ္စမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးအထိ ညှိနှိုင်းအစည်းအဝေးကျင်းပချိန်များမှာ ပဉ္စမပုံမှန်အစည်းအဝေးမှာ အကြိမ်ပေါင်း ၇၀ ကြိမ်၊ ဆဋ္ဌမပုံမှန်အစည်းအဝေးမှာ ၁၅ ကြိမ်၊ သတ္တမပုံမှန်အစည်းအဝေးမှာ ၄၆ ကြိမ်၊ အဋ္ဌမပုံမှန်အစည်းအဝေးမှာ ၂၇ ကြိမ်၊ နဝမပုံမှန်အစည်းအဝေးမှာ ၃၆ ကြိမ်၊ ဒသမပုံမှန်အစည်းအဝေးမှာ ၂၆ ကြိမ် အားလုံးစုစုပေါင်း အကြိမ်ရေ ၂၂၀ ကြိမ် ဆောင်ရွက်လျက်ရှိပါတယ်။

လွှတ်တော်ပြင်ပလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ ဆက်လက်တင်ပြလိုပါတယ်။ အစီရင်ခံသည့်ကာလအတွင်း ဥပဒေကြမ်းကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်၏ ခွင့်ပြုချက်ဖြင့် အောက်ပါနိုင်ငံများသို့ သွားရောက်ခဲ့ကြပါတယ်။ လေ့လာခဲ့သည့်နိုင်ငံများစာရင်းကို ကိုယ်စားလှယ်များထံ ဖြန့်ဝေထားသောအစီရင်ခံစာတွင် ဖော်ပြပါရှိပြီး ဖြစ်ပါတယ်။ ပြင်ပနိုင်ငံများသို့ သွားရောက်ခဲ့သည့်အတွက် ရရှိသောအတွေ့အကြုံများကို ဥပဒေကြမ်းများ ရေးဆွဲရာတွင် လက်တွေ့အထောက်အကူပြုနိုင်ရန် ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဆွေးနွေးခြင်းကို ဆက်လက်အစီရင်ခံလိုပါတယ်။ အစီရင်ခံသည့်ကာလအတွင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ တာဝန်ပေးချက်အရ ပြည်သူ့လွှတ်တော်ဆိုင်ရာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့ အစည်းများနှင့်အောက်ပါအတိုင်း တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါတယ်။ ပဉ္စမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးအထိ တက်ရောက်ခဲ့တဲ့ Workshop အကြိမ်ရေ ၉၄ ကြိမ်ရှိပြီး ပြည်တွင်းအဖွဲ့အစည်းများနှင့်တွေ့ဆုံသည့်အကြိမ်ရေမှာ ၅၅ ကြိမ် ဖြစ်ပါတယ်။ ပြည်ပအဖွဲ့အစည်းများနှင့်တွေ့ဆုံသည့်

အကြိမ်အရေအတွက်မှာ ၄၄ ကြိမ်ဖြစ်ပြီးတော့ စုစုပေါင်းတွေ့ဆုံသည့်အကြိမ်ရေမှာ ၁၉၃ ကြိမ် ဖြစ်ပါတယ်။

ဥပဒေကြမ်းကော်မတီ၏သုံးသပ်ချက်ကို ဆက်လက်တင်ပြလိုပါတယ်။ အစီရင်ခံသည့် အစည်းအဝေးကာလအတွင်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို အားရကျေနပ်ဖွယ်ရှိကြောင်း တွေ့ရပါတယ်။ အခြားရေးရာကော်မတီဝင်ကိုယ်စားလှယ်များနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးကြသော ကိုယ်စားလှယ်များ၏စိတ်ဝင်စားမှု၊ အချိန်ပေးမှုနှင့် မျှတသောဆွေးနွေးမှုများကို ကော်မတီအနေနှင့် ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ရှိပါတယ်။ ယင်းဆွေးနွေးပွဲများတွင် တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ လေ့လာပူးပေါင်းဆောင်ရွက်မှုကိုလည်း အသိအမှတ်ပြုရမှာဖြစ်ပါတယ်။ သက်ဆိုင်ရာ ဥပဒေကြမ်းတင်သွင်းသည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များ၏ ဆောင်ရွက်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မှတ်တမ်းတင်ထားရှိပါတယ်။ သို့ရာတွင် ဆက်လက်၍လည်း ကော်မတီ၏ညှိနှိုင်းအစည်းအဝေးတွင် အဆုံးအဖြတ်ပေးနိုင်သော ကိုယ်စားလှယ်ဖြစ်ရန်နှင့် တစ်ဖွဲ့တည်းမှလာသော ကိုယ်စားလှယ်များသည် သက်ဆိုင်ရာအစိုးရဌာနနှင့် ကော်မတီများ၏ အငြင်းမပါသောဆုံးဖြတ်ချက်ကို ရယူခဲ့ရန်လိုအပ်သည်ကို တွေ့ရှိရပါတယ်။ ဥပဒေကြမ်းကော်မတီသည် မည်သည့်ဥပဒေကြမ်းကိုမဆို ပြဋ္ဌာန်းရန် အဆင့်ဆင့်ဆောင်ရွက်ရာတွင် ပြည်သူ့မျက်နှာကို ရှေးရှုပြီး ဆောင်ရွက်ကြသည့်အပြင် ကော်မတီ၏လုပ်ငန်းများဆောင်ရွက်ရာတွင် အချိန်ပိုများစွာ ဆောင်ရွက်ခဲ့ရသော်လည်း ငြီးငြင်ခြင်းမရှိ ဆောင်ရွက်ပေးခဲ့သော ကော်မတီဝန်ထမ်းများ၏ကြိုးပမ်းမှုကိုလည်း အသိအမှတ်ပြုကြပါတယ်။ အမှန်အားဖြင့် လုပ်ငန်းပမာဏများပြားလှသောကြောင့် ဤဥပဒေကြမ်းကော်မတီဝန်ထမ်းအင်အား ပိုမိုရရှိရန် လိုအပ်ပါတယ်။ အထူးသဖြင့် ဥပဒေကြမ်းများကို ကိုယ်စားလှယ်များက စိတ်ဝင်စားမှုပိုရှိကြပြီး ကော်မတီတွင်ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးများတွင် တက်ရောက်သူများလည်း များပြားလှတဲ့အတွက် ရုံးခန်းနေရာထိုင်ခင်းလည်း ပိုမိုလိုအပ်ပါတယ်။ မည်သို့ပင်ဆိုစေကာမူ ပြည်သူများအကျိုးအတွက် ပိုမိုပြည့်စုံမျှတကောင်းမွန်သော ဥပဒေများ ပေါ်ထွန်းပြီး ပြဋ္ဌာန်းနိုင်ရေးကို မျှော်မှန်း၍ အစွမ်းကုန်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း အစီရင်ခံတင်ပြအပ်ပါတယ်။

နိဂုံးချုပ်အနေဖြင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဥပဒေပြုရေးလုပ်ငန်းများ၌ စိန်ခေါ်မှုအမျိုးမျိုးနှင့် ကြုံတွေ့နေရသော်လည်း တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့်အညီ လိုက်နာ

ဆောင်ရွက်ပြီး ပါတီစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲများမထားဘဲ ကော်မတီဝင်များအားလုံးက စည်းလုံးညီညွတ်စွာဖြင့် တာဝန်ထမ်းဆောင်နေကြသည့်အပြင် ရေးရာကော်မတီဥက္ကဋ္ဌများ အပါအဝင် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ဘာသာရပ်အလိုက်ကျွမ်းကျင်ပညာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဥပဒေပြုရေးလုပ်ငန်းများကို ချောမွေ့အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးကာလအတွင်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် နိုင်ငံတော်၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးတွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် တရားမျှတသောဥပဒေ၊ အကျိုးဖြစ်ထွန်းသောဥပဒေများကို လွှတ်တော်က ပြဋ္ဌာန်းနိုင်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းတင်ပြအစီရင်ခံအပ်ပါသည်။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ။ အားလုံးကို အထူးပဲကျေးဇူးတင်ရှိပါတယ်။

[အစီရင်ခံစာအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။]

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး(၁၈-၅-၂၀၁၇ မှ ၃၁-၈-၂၀၁၇) မှ ဒသမပုံမှန်အစည်းအဝေး (၁၂-၁၁-၂၀၁၈ မှ ၂၀-၁၂-၂၀၁၈)ထိ ဥပဒေကြမ်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာ**

**နိဒါန်း**

၁။ ပြည်သူ့လွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂၄ နှင့် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄၄ တို့နှင့်အညီ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီကို ၅.၂.၂၀၁၆ ရက်နေ့တွင် စတင်ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ ဖွဲ့စည်းပြီးသည့်နေ့မှစ၍ ကော်မတီ၏လုပ်ငန်းတာဝန်များကို အောက်ဖော်ပြပါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၁၅) ဦးဖြင့် ဆောင်ရွက်ခဲ့ပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးထွန်းအောင်(ခ)<br>ဦးထွန်းထွန်းဟိန် | ဥက္ကဋ္ဌ | နောင်ချိုမဲဆန္ဒနယ် |
| (ခ) | ဦးဉာဏ်လင်း | အဖွဲ့ဝင် | ရွှေပြည်သာမဲဆန္ဒနယ် |

| | | | |
|---|---|---|---|
| (ဂ) | ဒေါ်ခင်ဌေးကြွယ် | ॥ | ချောင်းဆုံ မဲဆန္ဒနယ် |
| (ဃ) | ဦးကျော်စိုးလင်း | ॥ | ပြည်ကြီးတံခွန်မဲဆန္ဒနယ် |
| (င) | ဦးဝေလှိုင်ထွန်း | ॥ | ပုသိမ်မဲဆန္ဒနယ် |
| (စ) | ဦးပါထန်း | ॥ | မတူပီမဲဆန္ဒနယ် |
| (ဆ) | ဦးအောင်စိန် | ॥ | ထားဝယ်မဲဆန္ဒနယ် |
| (ဇ) | ဦးစိုင်းဖိုးမြတ် | ॥ | မူဆယ်မဲဆန္ဒနယ် |
| (ဈ) | ဦးဘရှိန် | ॥ | ကျောက်ဖြူမဲဆန္ဒနယ် |
| (ည) | ဦးမင်းသိန်း | ॥ | တောင်တွင်းကြီးမဲဆန္ဒနယ် |
| (ဋ) | ဦးဌေးငွေ | ॥ | မြောင် မဲဆန္ဒနယ် |
| (ဌ) | ဦးဇော်ဝင်း | ॥ | ထန်းတပင်မဲဆန္ဒနယ် (ပဲခူးတိုင်းဒေသကြီး) |
| (ဍ) | ဦးခင်မောင်ဝင်း | ॥ | လမ်းမတော်မဲဆန္ဒနယ် |
| (ဎ) | ဗိုလ်မှူးချုပ်မောင်မောင် | ॥ | တပ်မတော်သားကိုယ်စားလှယ် |
| (ဏ) | ဦးစတီဖန် | အတွင်းရေးမှူး | ကျိုင်းတုံမဲဆန္ဒနယ် |

**ကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း**

၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေး ကာလအတွင်း သတ္တမပုံမှန်အစည်းအဝေး ဒုတိယနေ့ဖြစ်သည့် ၂၂-၃-၂၀၁၈ ရက်နေ့တွင် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်သည် ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌတာဝန်ကို လွှဲပြောင်းထမ်းဆောင်ရပါသည်။ သို့ဖြစ်ပါ၍ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌတာဝန်ကို ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ဦးခင်မောင်ဝင်းအား ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အငြမ်းမပုံမှန်အစည်းအဝေး ကာလဖြစ်သော ၁၁-၆-၂၀၁၈ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် (၅၆/၂၀၁၈) ဖြင့် ပြောင်းလဲ တာဝန်ပေးအပ်ခဲ့ပြီး ဥပဒေကြမ်းကော်မတီ၏ လုပ်ငန်းတာဝန်များကို အောက်ဖော်ပြပါ ပြည်သူ့ လွှတ်တော် ကိုယ်စားလှယ် (၁၅) ဦးဖြင့် ထမ်းဆောင်လျက်ရှိပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးခင်မောင်ဝင်း | ဥက္ကဋ္ဌ | လမ်းမတော်မဲဆန္ဒနယ် |
| (ခ) | ဒေါက်တာဝေဖြိုးအောင် | အဖွဲ့ဝင် | သာကေတမဲဆန္ဒနယ် |
| (ဂ) | ဒေါ်မာမာခိုင် | ״ | သထုံမဲဆန္ဒနယ် |
| (ဃ) | ဦးစတီဖန် | ״ | ကျိုင်းတုံမဲဆန္ဒနယ် |
| (င) | ဦးဝေလှိုင်ထွန်း | ״ | ပုသိမ်မဲဆန္ဒနယ် |
| (စ) | ဦးပါထန်း | ״ | မတူပီမဲဆန္ဒနယ် |
| (ဆ) | ဦးအောင်စိန် | ״ | ထားဝယ်မဲဆန္ဒနယ် |
| (ဇ) | ဦးစိုင်းဝင်းအေး(ခ)<br>ဦးစိုင်းထွန်းအေး | ״ | မိုင်းရှူးမဲဆန္ဒနယ် |
| (ဈ) | ဦးဘရှိန် | ״ | ကျောက်ဖြူမဲဆန္ဒနယ် |
| (ည) | ဦးမင်းသိန်း | ״ | တောင်တွင်းကြီးမဲဆန္ဒနယ် |
| (ဋ) | ဦးငွေးငွေ | ״ | မြောင်မဲဆန္ဒနယ် |
| (ဌ) | ဦးဇော်ဝင်း | ״ | ထန်းတပင်မဲဆန္ဒနယ်<br>(ပဲခူးတိုင်းဒေသကြီး) |
| (ဍ) | ဦးနေမျိုးထွန်း | ״ | ထန်းတပင်မဲဆန္ဒနယ်<br>(ရန်ကုန်တိုင်းဒေသကြီး) |

**မူကြမ်း**

(ဃ) ဗိုလ်မှူးချုပ်မောင်မောင် ။ တပ်မတော်သားကိုယ်စားလှယ်

(ဏ) ဦးကျော်စိုးလင်း အတွင်းရေးမှူး ပြည်ကြီးတံခွန်မဲဆန္ဒနယ်

**တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကို လေ့လာသူများအဖြစ် တွဲဖက်တာဝန်ပေးခြင်း**

၃။ ပြည်သူ့လွှတ်တော်ရုံး၏ ၁၆-၂-၂၀၁၇ ရက်စွဲပါ အမိန့်အမှတ် ၁/၂၀၁၇ ဖြင့် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီတွင် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၂) ဦးကို လေ့လာသူများအဖြစ် တာဝန်ပေးအပ်ခဲ့ပါသည်-

(က) ကြည်း ၁၉၇၆၈ ဒုတိယဗိုလ်မှူးကြီး သန်းဦးလွင် ၊

(ခ) ကြည်း ၂၅၂၅၇ ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်း ။

၄။ ၎င်းလေ့လာသူ ကိုယ်စားလှယ်များနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ရုံး၏ ၂၃-၅-၂၀၁၈ ရက်စွဲပါ အမိန့်အမှတ် ၁/၂၀၁၈ ဖြင့် အောက်ပါအတိုင်း ပြင်ဆင်တာဝန်ပေးအပ်ခဲ့ပါသည်-

(က) ကြည်း ၂၅၂၅၇ ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်း၊

(ခ) ကြည်း ၂၈၆၆၆ ဒုတိယဗိုလ်မှူးကြီး သန့်ဇော်။

**ရည်ရွယ်ချက်**

၅။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးကာလ အတွင်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို သိရှိနိုင်ရန် ရည်ရွယ်ပါသည်။

**ကော်မတီ၏တာဝန်များ**

၆။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှု ရှိ- မရှိ၊

(ခ) နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများ၊ ဦးတည်ချက်များနှင့် ညီညွတ်မှုရှိ- မရှိ၊

(ဂ) နိုင်ငံတော်နှင့် အများပြည်သူတို့၏အကျိုးစီးပွားကို အလေးထားပြီး ကာကွယ်စောင့်ရှောက်ရေးကို ဦးတည်ခြင်း ရှိ - မရှိ၊

(ဃ) နိုင်ငံတော်တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးကို အန္တရာယ်ပြုထိပါးစေမည့် အချက်များ ပါဝင်ခြင်း ရှိ-မရှိ၊

(င) နိုင်ငံတော်၏ပကတိအခြေအနေများနှင့် လိုက်လျောညီထွေမှု ရှိ-မရှိ၊

(စ) အများပြည်သူ၏ လုံခြုံရေးနှင့် ပစ္စည်းလုံခြုံရေးကို ထိခိုက်ခြင်း ရှိ- မရှိ၊

(ဆ) တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိခိုက်ပျက်ပြားစေမည့် အရေးအသား၊ အသုံးအနှုန်းများ ပါဝင်ခြင်း ရှိ-မရှိ၊

(ဇ) ပြည်ထောင်စုဝန်ကြီးဌာန တစ်ခုနှင့် အစိုးရအဖွဲ့အစည်းတစ်ခု၏ လုပ်ပိုင်ခွင့်များ၊ အစိုးရဌာန အဖွဲ့အစည်း တစ်ခုနှင့်တစ်ခု၏လုပ်ပိုင်ခွင့်များ ရောထွေးခြင်း ရှိ- မရှိ၊

(ဈ) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် ဒေသအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များပါ တာဝန်အရ ရေးဆွဲသော ဥပဒေကြမ်းဖြစ်လျှင် ထိုစာချုပ်များ၊ သဘောတူစာချုပ်များပါ မြန်မာနိုင်ငံက သဘောတူ လက်ခံထားသော အချက်များနှင့် လိုက်လျောညီထွေခြင်း ရှိ-မရှိနှင့် နိုင်ငံတော်၏ အချုပ်အခြာ အာဏာကို ထိပါးခြင်း ရှိ-မရှိ၊

(ည) သက်ဆိုင်ရာ ဥပဒေကြမ်းနှင့် သက်ဆိုင်သော မူပိုင်းဆိုင်ရာ အချက်အလက်များ ပြည့်စုံစွာ ပါဝင်ခြင်း ရှိ - မရှိ၊

(ဋ) ဥပဒေကြမ်းပါ ပြဋ္ဌာန်းချက်များကို လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နိုင် မည့် အခြေအနေရှိ -မရှိ ၊

(ဌ) ဥပဒေကြမ်း၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ပြဋ္ဌာန်းချက်များ ပြည့်စုံစွာပါရှိခြင်း ရှိ - မရှိ။

**အစီရင်ခံသည့် ကာလအတွင်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များ**

၇။ ယခုအစီရင်ခံသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးကာလအတွင်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များကို ဖော်ပြအစီရင်ခံအပ်ပါသည်။

၈။ ကော်မတီသည် အဓိကအားဖြင့် ပြည်သူ့လွှတ်တော်သို့ ပေးပို့လာသော ဥပဒေကြမ်းများကို စိစစ်၍ ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တင်ပြပါသည်။ ယင်းသို့ စိစစ်ရာတွင် ကော်မတီသည် ဥပဒေကြမ်း တင်သွင်းလာသည့် ပြည်ထောင်စုဝန်ကြီးဌာန သို့မဟုတ် အဖွဲ့အစည်း၊ သက်ဆိုင်ရာရေးရာကော်မတီများ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်များနှင့် ဆွေးနွေး၍ အစီရင်ခံစာကို ပြုစုပါသည်။ ယင်းအစီရင်ခံစာကို ပြည်သူ့လွှတ်တော်သို့ တင်ပြရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုချက်များ၊ ဖြည့်စွက်ချက်များ၊ ပြင်ဆင်ချက်များကို တင်သွင်းလာသည့်အခါ ဥပဒေကြမ်းကော်မတီက ယင်းပြင်ဆင်ချက် အဆိုပြုတင်သွင်းသူများအား ခေါ်ယူ၍ ညှိနှိုင်းအစည်းအဝေး ကျင်းပရာတွင် ပြည်သူ့အတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းနိုင်မည့် ဥပဒေများ ပြဋ္ဌာန်းနိုင်ရေးအတွက် ဆောင်ရွက်ကြပါသည်။

၉။ ဥပဒေကြမ်းကို ထပ်မံစိစစ်၍ လွှတ်တော်သို့ ထပ်မံတင်ပြပါသည်။ ယင်းသို့ ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်နိုင်မှုကြောင့် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ အပြီးသတ် တင်ပြရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းနှင့်လည်းကောင်း၊ ကိုယ်စားလှယ်များအားလုံးနှင့်လည်းကောင်း၊ အားလုံးသဘောတူပြီးသည်နှင့်အညီ လွယ်ကူခိုင်မာစွာ အတည်ပြုနိုင်ခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့နိုင်ခဲ့ပါသည်။

၁၀။ မိမိတို့လွှတ်တော်မှ စတင်၍ ဆွေးနွေးသကဲ့သို့ အချို့သော ဥပဒေကြမ်းများမှာ အမျိုးသားလွှတ်တော်က စတင်၍ ဆွေးနွေးခြင်းများလည်း ရှိပါသည်။ အမျိုးသားလွှတ်တော်ကလည်း အထက်စာပိုဒ်တွင် တင်ပြခဲ့သည့် နည်းလမ်းအတိုင်း အဆင့်ဆင့်ဆောင်ရွက်ခဲ့ပြီး အပြီးသတ်အတည်ပြုပြီးသော ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်သို့ ပေးပို့လာပါသည်။ အဆိုပါဥပဒေကြမ်း

ကိုလည်း အထက်စာပိုဒ်တွင် ဆောင်ရွက်သည့် နည်းလမ်းနှင့်ပင် ပြည်သူ့လွှတ်တော်တွင် အပြီးသတ် အတည်ပြုပါသည်။

၁၁။ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က အတည်ပြုပြီးသောအခါ အချို့ဥပဒေများမှာ ကွဲလွဲမှုမရှိသော်လည်း ဥပဒေအများစုမှာ ကွဲလွဲမှုများရှိပါသည်။ လွှတ်တော်နှစ်ရပ် ကွဲလွဲမှုရှိသော ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဆွေးနွေးခြင်း မပြုမီ အသေးစိတ်လေ့လာစိစစ်ရန် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတို့က ပူးပေါင်းစိစစ်ပါသည်။ ထိုသို့ စိစစ်နိုင်ရန်အတွက် ပြည်သူ့လွှတ်တော်မှ ကိုယ်စားလှယ် (၇)ဦး အမျိုးသားလွှတ်တော်မှ ကိုယ်စားလှယ် (၇) ဦးနှင့် ဥက္ကဋ္ဌအဖြစ် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယကတို့ ပါဝင်သော ဥပဒေကြမ်းပူးပေါင်းကော်မတီကို ဖွဲ့စည်းထားရှိပါသည်။

၁၂။ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီကို ပြည်ထောင်စုလွှတ်တော်ရုံး၏ ၁-၈-၂၀၁၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၉/၂၀၁၈ ဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းထားရှိပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန် | ဥက္ကဋ္ဌ | ဒုတိယနာယက၊ ပြည်ထောင်စုလွှတ်တော် |
| (ခ) | ဦးခင်မောင်ဝင်း | ဒု-ဥက္ကဋ္ဌ(၁) | လမ်းမတော်မဲဆန္ဒနယ် |
| (ဂ) | ဦးဇော်မင်း | ဒု-ဥက္ကဋ္ဌ(၂) | စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) |
| (ဃ) | ဦးနေမျိုးထွန်း | အဖွဲ့ဝင် | ထန်းတပင်မဲဆန္ဒနယ် (ရန်ကုန်တိုင်းဒေသကြီး) |
| (င) | ဦးစတီဖန် | ॥ | ကျိုင်းတုံမဲဆန္ဒနယ် |
| (စ) | ဦးဇော်ဝင်း | ॥ | ထန်းတပင်မဲဆန္ဒနယ် (ပဲခူးတိုင်းဒေသကြီး) |

**မူကြမ်း**

| | | | |
|---|---|---|---|
| (ဆ) | ဦးဝေလှိုင်ထွန်း | ။ | ပုသိမ်မဲဆန္ဒနယ် |
| (ဇ) | ဗိုလ်မှူးချုပ်မောင်မောင် | ။ | တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် |
| (ဈ) | ဦးအောင်ကြည်ညွှန့် | ။ | မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၄) |
| (ည) | ဒေါ်လှဌေး(ခ)ဒေါ်အုံးကြည် | ။ | မန္တလေးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၄) |
| (ဋ) | ဒေါ်ကျိုန်ငိုက်မန် | ။ | ချင်းပြည်နယ်မဲဆန္ဒနယ် အမှတ်(၇) |
| (ဌ) | ဒေါ်နွယ်နွယ်အောင် | ။ | မွန်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၂) |
| (ဍ) | ဦးကျော်ကျော် | ။ | ရခိုင်ပြည်နယ်မဲဆန္ဒနယ် အမှတ်(၄) |
| (ဎ) | ဦးကျော်စိုးလင်း | အတွင်းရေးမှူး | ပြည်ကြီးတံခွန်မဲဆန္ဒနယ် |
| (ဏ) | ဒေါက်တာ မြတ်ဉာဏစိုး | တွဲဖက်အတွင်းရေးမှူး | ရန်ကုန်တိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၃) |

၁၃။ အစီရင်ခံသည့်ကာလအတွင်း ပြည်သူ့လွှတ်တော်သို့ ရောက်ရှိလာပြီး စတင်ဆွေးနွေးခဲ့ သည့် ဥပဒေကြမ်း (၃၀) ခုကို **နောက်ဆက်တွဲ(က)**ဖြင့် ဖော်ပြထားပါသည်။

၁၄။ အစီရင်ခံသည့် ကာလအတွင်း အမျိုးသားလွှတ်တော်၌ စတင် ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့လာသည့် ဥပဒေကြမ်း (၂၅) ခုကို **နောက်ဆက်တွဲ(ခ)**ဖြင့် ဖော်ပြထားပါသည်။

၁၅။ အစီရင်ခံသည့် ကာလအတွင်း ပြည်သူ့လွှတ်တော်၌ စတင်ဆွေးနွေးသည့် ဥပဒေကြမ်း (၄၈) ခု နှင့် နည်းဥပဒေ (၃) ခုတို့ကို လွှတ်တော်၌ အတည်ပြုခဲ့ပြီး ၎င်းတို့ကို **နောက်ဆက်တွဲ(ဂ)**ဖြင့် ဖော်ပြထားပါသည်။ အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့၍ ပြည်သူ့

လွှတ်တော်တွင် ဆွေးနွေးပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့သည့် ဥပဒေကြမ်း (၂၃) ခု ကို **နောက်ဆက်တွဲ(ဃ)**ဖြင့် ဖော်ပြထားပါသည်။

၁၆။ အစီရင်ခံသည့် ကာလအတွင်း ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့သော ဥပဒေပေါင်း (၅၈) ခုကို **နောက်ဆက်တွဲ(င)**ဖြင့် ဖော်ပြထားပါသည်။ ပြည်သူ့လွှတ်တော်က ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီတွင် ကျင်းပသည့် အစည်းအဝေးသို့ တက်ရောက်ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည့် ဥပဒေကြမ်းများအခြေအနေကို **နောက်ဆက်တွဲ(စ)**ဖြင့် ဖော်ပြထားပါသည်။

**ဥပဒေအသစ်ရေးဆွဲခြင်း**

၁၇။ ဤကော်မတီသည် ဥပဒေကြမ်း အသစ်တစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ လွှတ်တော်သို့ မတင်သွင်းမီ အောက်ပါအခြေအနေများကို အထူးအလေးထား၍ စိစစ်ခဲ့ပါသည်-

(က) တည်ဆဲဥပဒေ တစ်ရပ်ရပ်သည် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးရှိခြင်း၊

(ခ) နိုင်ငံတော်က ကျင့်သုံးသော ဈေးကွက်စီးပွားရေးစနစ်နှင့် လိုက်လျောညီထွေမှုရှိစေရေးအတွက် သီးခြားဥပဒေအသစ် တစ်ရပ်ရေးဆွဲရန် လိုအပ်လာခြင်း၊

(ဂ) မြန်မာနိုင်ငံက ပါဝင် လက်မှတ်ရေးထိုးသော ကုလသမဂ္ဂ ကွန်ဗင်းရှင်းများနှင့် အညီ ဥပဒေအသစ် ရေးဆွဲပြဋ္ဌာန်းရန် လိုအပ်ခြင်း။

၁၈။ ၎င်းအပြင် ဥပဒေအသစ်တစ်ရပ်ရပ် နှင့်စပ်လျဉ်း၍ အောက်ပါအချက်များကို သတိမူ၍ ဆောင်ရွက်လျက်ရှိပါသည်-

(က) ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ညီညွတ်မှုရှိစေရန်၊

(ခ) လက်တွေ့ အကောင်အထည်အဖော် ဆောင်ရွက်နိုင်သော ဥပဒေ ဖြစ်စေရန်၊

(ဂ) ဖွဲ့စည်းပုံ အခြေခံဥပဒေပါ စကားရပ်များကို အနက်အဓိပ္ပာယ် ဖွင့်ဆိုရာတွင် တည်ဆဲ **စကားရပ်များ အနက်အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေ**ကို ကိုးကားဖွင့်ဆိုရန်၊

**မူကြမ်း**

(ဃ) တည်ဆဲဥပဒေများနှင့် ဆန့်ကျင်မှုမရှိရန်၊

( င) အခြားဌာနတစ်ခုခု၊ အဖွဲ့အစည်းတစ်ခုခု၏ လုပ်ပိုင်ခွင့်ကို ထိပါးခြင်း မရှိစေရန်၊

( စ) အနှစ်သာရပိုင်း၊ မူပိုင်းဆိုင်ရာ အချက်အလက်များ ပြည့်စုံစွာ ပါရှိစေရန်၊

(ဆ) တင်းကြပ်လွန်းသော ရေးသားချက်များကို ရှောင်ရှားပြီး ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်ဆောင်ရွက်ရန်နှင့် လွယ်ကူသော ရေးသားချက်များဖြင့် ရေးသားရန်၊

( ဇ) ဥပဒေတွင် တာဝန်ရှိခြင်းနှင့် တာဝန်ခံခြင်း ကိစ္စရပ်များကို တိတိကျကျ ဖော်ပြ သတ်မှတ်ပေးရန်။

၁၉။ ရေးရာကော်မတီ အစည်းအဝေးများသည် လွှတ်တော်တစ်ရပ်လုံး၏ အစိတ်အပိုင်းများ ဖြစ်သည့်အတွက် ရေးရာကော်မတီများ၏ ဆောင်ရွက်ချက်များသည် လွှတ်တော်ကြီးအတွင်းရှိ လွှတ်တော်ငယ်များ ဖြစ်သည်ဟု မှတ်ယူကြပါသည်။ ထို့ကြောင့်လည်း ပုံမှန်အားဖြင့် ရေးရာ ကော်မတီများသည် ပုံမှန်အစည်းအဝေးများ ကျင်းပနေသည့်အပြင် လွှတ်တော်ပြင်ပအချိန် ဖြစ်သော ရုံးချိန်များတွင် ရေးရာကော်မတီဆောင်များ၌ ကိုယ်စားလှယ်များသည် မိမိတို့၏ ကော်မတီတာဝန်များကို ထမ်းဆောင်ကြပါသည်။ ဥပဒေကြမ်းကော်မတီအနေဖြင့် ကော်မတီဝင် အားလုံးသည် လွှတ်တော် ပြီးဆုံးချိန်များတွင် အစည်းအဝေးထိုင်ကြသည့်အပြင် အချို့သော ရုံးပိတ်ရက်များ၌ လည်းကောင်း၊ အရေးကြီးသောဥပဒေများ ဆွေးနွေးရသော နေ့ရက်များတွင် လွှတ်တော်၌ တာဝန်ချိန် သတ်မှတ်၍လည်းကောင်း ညှိနှိုင်းဆွေးနွေးခြင်းများ ဆောင်ရွက်လျက် ရှိပါသည်။ ပဉ္စမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးအထိ ညှိနှိုင်းအစည်းအဝေး ကျင်းပ ချိန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| | | |
|---|---|---|
| ပဉ္စမပုံမှန် အစည်းအဝေး | ၇၀ | ကြိမ် |
| ဆဋ္ဌမပုံမှန် အစည်းအဝေး | ၁၅ | ကြိမ် |
| သတ္တမပုံမှန် အစည်းအဝေး | ၄၆ | ကြိမ် |

**မူကြမ်း**

| | | |
|---|---|---|
| အငှမပုံမှန် အစည်းအဝေး | ၂၇ | ကြိမ် |
| နဝမပုံမှန် အစည်းအဝေး | ၃၆ | ကြိမ် |
| ဒသမပုံမှန် အစည်းအဝေး | ၂၆ | ကြိမ် |
| **စုစုပေါင်း** | **၂၂၀** | **ကြိမ်** |

**လွှတ်တော်ပြင်ပ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း**

၂၀။ အစီရင်ခံသည့် ကာလအတွင်း ဥပဒေကြမ်းကော်မတီဝင်များသည် ပြည်သူ့လွှတ်တော်၏ ခွင့်ပြုချက်ဖြင့် အောက်ပါနိုင်ငံများသို့ သွားရောက်လေ့လာခဲ့ကြပါသည်။ ပြင်ပနိုင်ငံများသို့ သွားရောက်ခဲ့သည့်အတွက် ရရှိသော အတွေ့အကြုံများကို ဥပဒေကြမ်းများ ရေးဆွဲရာတွင် လက်တွေ့ အထောက်အကူပြုနိုင်ရန် ဆောင်ရွက်လျက်ရှိပါသည်-

| စဉ် | အမည် | သွားရောက်ခဲ့သည့်နိုင်ငံ | ရက်စွဲ | အကြောင်းအရာ |
|---|---|---|---|---|
| (က) | ဒေါက်တာ ဝေဖြိုးအောင် | UKRAINE | ၁၇-၅-၂၀၁၇ မှ ၂၁-၅-၂၀၁၇ ထိ | Global Legislative Opennes Conference (NDI) |
| | | NETHERLAND | ၂၃-၇-၂၀၁၈ မှ ၂၇-၇-၂၀၁၈ ထိ | Study Tour and The international AIDS Conference(AIDS 2018) (UNAIDS) |
| (ခ) | ဦးဌေးငွေ | INDIA | ၃၁-၇-၂၀၁၇ မှ ၁၁-၈-၂၀၁၇ ထိ | Bureau of Parliamentary Studies and Training (BPST) |

| စဉ် | အမည် | သွားရောက်ခဲ့သည့်နိုင်ငံ | ရက်စွဲ | အကြောင်းအရာ |
|---|---|---|---|---|
| (ဂ) | ဦးပါထန်း | SWITZERLAND | ၂၁-၇-၂၀၁၇ မှ<br>၃၁-၇-၂၀၁၇ ထိ | ဖက်ဒရယ်မူဝါဒနှင့် ပတ်သက်သည့်လေ့လာရေးခရီးစဉ် |
| (ဃ) | ဦးနေမျိုးထွန်း | MALAYSIA | ၂၄-၈-၂၀၁၇ မှ<br>၂၇-၈-၂၀၁၇ ထိ | ASEAN Real Estate Network Alliance Convention and Exhibition 2017 (ARENA) |
| | | THAILAND | ၂၇-၉-၂၀၁၇ မှ<br>၂၉-၉-၂၀၁၇ ထိ | ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းအခွန်ကောက်ခံခြင်းဆိုင်ရာ အမျိုးသားအဆင့်နှီးနှောဖလှယ်ပွဲများ၏နောက်ဆက်တွဲလုပ်ငန်းစဉ်လေ့လာရေးခရီးစဉ် |
| | | SOUTH-KOREA | ၂၉-၅-၂၀၁၈ မှ<br>၁-၆-၂၀၁၈ ထိ | Korea နိုင်ငံ၏ (Anti-Corruption andCivil Rights Commission ACRC ) သို့ လေ့လာရေးခရီး |
| (င) | ဦးမင်းသိန်း | MONGOLIA | ၁၈-၁၀-၂၀၁၇ မှ<br>၁၉-၁၀-၂၀၁၇ထိ | ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းဆိုင်ရာနိုင်ငံတကာအစည်းအဝေး |

မူကြမ်း

| စဉ် | အမည် | သွားရောက်ခဲ့သည့် နိုင်ငံ | ရက်စွဲ | အကြောင်းအရာ |
|---|---|---|---|---|
| (စ) | ဦးဘရှိန် | THAILAND | ၂၂-၂-၂၀၁၈ မှ ၂၃-၂-၂၀၁၈ ထိ | ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်းအခွန်ကောက်ခံခြင်း ဆိုင်ရာ အမျိုးသားအဆင့်နှီးနှောဖလှယ်ပွဲများ၏နောက်ဆက်တွဲလုပ်ငန်းစဉ် လေ့လာရေးခရီးစဉ် |
| (ဆ) | ဦးကျော်စိုးလင်း | INDONESIA | ၂၆-၇-၂၀၁၈ မှ ၂၇-၇-၂၀၁၈ ထိ | "Regional Parliamentary Workshop on Strengthening Legal Frameworks to Protect Children from Sexual Exploitation in Travel and Tourism"အလုပ်ရုံဆွေးနွေးပွဲ |
| (ဇ) | ဒုတိယဗိုလ်မှူးကြီး မျိုးထက်ဝင်း | JAPAN | ၁၁-၁၁-၂၀၁၈ မှ ၂၄-၁၁-၂၀၁၈ ထိ | "The 14th Study Tour in Japan on Law / Judicial Co-creation Program" |

**နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဆွေးနွေးခြင်း**

၂၁။ အစီရင်ခံသည့် ကာလအတွင်း ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ၏ တာဝန်ပေးအပ်ချက်အရ ပြည်ပလွှတ်တော်ဆိုင်ရာ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် အောက်ပါအတိုင်း တွေ့ဆုံဆွေးနွေးနိုင်ခဲ့ပါသည်-

| စဉ် | ပုံမှန်အစည်းအဝေး | Workshop | Call | |
|---|---|---|---|---|
| | | | ပြည်တွင်း | ပြည်ပ |
| (က) | ပဉ္စမပုံမှန် အစည်းအဝေး | ၂၅ | ၈ | ၈ |
| (ခ) | ဆဋ္ဌမပုံမှန် အစည်းအဝေး | ၄ | ၃ | ၂ |
| (ဂ) | သတ္တမပုံမှန် အစည်းအဝေး | ၁၈ | ၁၂ | ၃ |
| (ဃ) | အဋ္ဌမပုံမှန် အစည်းအဝေး | ၁၁ | ၂၃ | ၂၈ |
| (င) | နဝမပုံမှန် အစည်းအဝေး | ၁၃ | ၅ | ၂ |
| (စ) | ဒသမပုံမှန် အစည်းအဝေး | ၂၃ | ၄ | ၁ |
| | **စုစုပေါင်း** | **၉၄** | **၅၅** | **၄၄** |

**သုံးသပ်ချက်**

၂၂။ အစီရင်ခံသည့် အစည်းအဝေးကာလအတွင်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို အားရ ကျေနပ်ဖွယ်တွေ့ရှိရပါသည်။ အခြားရေးရာကော်မတီဝင် ကိုယ်စားလှယ်များနှင့် ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးကြသော ကိုယ်စားလှယ်များ၏ စိတ်ဝင်စားမှု၊ အချိန်ပေးမှုနှင့်မျှတသော ဆွေးနွေးမှုများကိုလည်း ကော်မတီအနေနှင့် ကျေးဇူးတင်ရှိကြောင်း မှတ်တမ်းတင်ထားရှိပါသည်။ ယင်းဆွေးနွေးပွဲများတွင် တပ်မတော်သား ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ လေ့လာပူးပေါင်း ဆောင်ရွက်မှုကိုလည်း အသိအမှတ် ပြုရမည် ဖြစ်ပါသည်။

၂၃။ သက်ဆိုင်ရာ ဥပဒေကြမ်းတင်သွင်းသည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၏ ဆောင်ရွက်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မှတ်တမ်းတင်ထားရှိပါသည်။ သို့ရာတွင် ဆက်လက်၍လည်း ကော်မတီ၏ ညှိနှိုင်းအစည်းအဝေးတွင် အဆုံးအဖြတ်ပေးနိုင်သော ကိုယ်စားလှယ်ဖြစ်ရန်နှင့် တစ်ဖွဲ့တည်းမှလာသော ကိုယ်စားလှယ်များသည်

သက်ဆိုင်ရာအစိုးရဌာနနှင့် ကော်မတီများ၏ အငြင်းမပါသော ဆုံးဖြတ်ချက်ကို ရယူခဲ့ရန် လိုအပ်သည်ကို တွေ့ရှိရပါသည်။

၂၄။ ဥပဒေကြမ်းကော်မတီသည် မည်သည့်ဥပဒေကြမ်းကိုမဆို ပြဋ္ဌာန်းရန်အဆင့်ဆင့် ဆောင်ရွက်ရာတွင် ပြည်သူ့မျက်နှာကို ရှေးရှုပြီး ဆောင်ရွက်ကြသည့်အပြင် ကော်မတီ၏လုပ်ငန်းများ ဆောင်ရွက်ရာတွင် အချိန်ပိုများစွာ ဆောင်ရွက်ခဲ့ရသော်လည်း ငြိုငြင်ခြင်းမရှိ ဆောင်ရွက်ပေးခဲ့ကြသော ကော်မတီဝန်ထမ်းများ၏ ကြိုးပမ်းမှုကို အသိအမှတ်ပြုကြပါသည်။ အမှန်အားဖြင့် လုပ်ငန်းပမာဏ များပြားလှသောကြောင့် ဤကော်မတီအတွက် ဝန်ထမ်းအင်အား ပိုမိုရရှိရန် လိုအပ်လာပါသည်။ အထူးသဖြင့် ဥပဒေကြမ်းများကို ကိုယ်စားလှယ်များက စိတ်ဝင်စားမှုပိုရှိကြပြီး ကော်မတီတွင် ကျင်းပသည့် ညှိနှိုင်းအစည်းအဝေးများတွင် တက်ရောက်သူလည်း များပြားလှသဖြင့် ရုံးခန်းနေရာ ထိုင်ခင်းလည်း ပိုမိုလိုအပ်လာပါသည်။ မည်သို့ပင်ဆိုစေကာမူ ပြည်သူများအကျိုးအတွက် ပိုမိုပြည့်စုံ မျှတကောင်းမွန်သော ဥပဒေများပေါ်ထွန်းပြီး ပြဋ္ဌာန်းနိုင်ရေးကိုမျှော်မှန်း၍ အစွမ်းကုန် ဆောင်ရွက်သွားကြမည် ဖြစ်ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

**နိဂုံး**

၂၅။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ဥပဒေပြုရေးလုပ်ငန်းများ၌ စိန်ခေါ်မှုအမျိုးမျိုးနှင့် ကြုံတွေ့နေရသော်လည်း တည်ဆဲဥပဒေများ၊ နည်းဥပဒေများနှင့်အညီ လိုက်နာဆောင်ရွက်ပြီး ပါတီစွဲ၊ ဝါဒစွဲ၊ ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲများ မထားဘဲ ကော်မတီဝင်များ အားလုံးက စည်းလုံးညီညွတ်စွာဖြင့် တာဝန်ထမ်းဆောင်နေကြသည့်အပြင် ရေးရာကော်မတီဥက္ကဋ္ဌများ အပါအဝင် ကိုယ်စားလှယ်များ၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ဘာသာရပ်အလိုက် ကျွမ်းကျင်ပညာရှင်များ၏ ပူးပေါင်းဆောင်ရွက်မှုများကြောင့် ဥပဒေပြုရေးလုပ်ငန်းများကို ချောမောအောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

၂၆။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေး ကာလအတွင်း ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် နိုင်ငံတော်၏ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးတွင် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် တရားမျှတသော ဥပဒေ၊ အကျိုးဖြစ်ထွန်းသော ဥပဒေများကို လွှတ်တော်က ပြဋ္ဌာန်းနိုင်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအစီရင်ခံအပ်ပါသည်။

**မူကြမ်း**

**ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ**

**နောက်ဆက်တွဲ(က)**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးကာလအတွင်း ပြည်သူ့လွှတ်တော်တွင် စတင်ဆွေးနွေးသည့် ဥပဒေကြမ်း (၃၀) ခု**

| စဉ် | ဥပဒေကြမ်းအမည် | တင်သွင်းသူ |
|---|---|---|
| ၁။ | မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ ဥပဒေကြမ်း | လွှတ်တော်အခွင့်အရေး ကော်မတီ |
| ၂။ | ခရစ်ယာန် ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ပြည်ထောင်စု တရားလွှတ်တော်ချုပ် |
| ၃။ | အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ॥ |
| ၄။ | မြန်မာနိုင်ငံ လင်မယားကွာရှင်းရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ॥ |
| ၅။ | အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ॥ |
| ၆။ | သစ်တော ဥပဒေကြမ်း | သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ ကော်မတီ |
| ၇။ | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝ နယ်မြေများ ထိန်းသိမ်းရေး ဥပဒေကြမ်း | ॥ |
| ၈။ | ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ | လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့် ပြန်လည်နေရာ |

| စဉ် | ဥပဒေကြမ်းအမည် | တင်သွင်းသူ |
|---|---|---|
| | ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ချထားရေး ဝန်ကြီးဌာန |
| ၉။ | ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း | ။ |
| ၁၀။ | မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်း | ဦးမြင့်ဦး<br>(သနပ်ပင်မဲဆန္ဒနယ်) |
| ၁၁။ | အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ဥပဒေကြမ်း | သာသနာရေးနှင့်<br>ယဉ်ကျေးမှု ဝန်ကြီးဌာန |
| ၁၂။ | စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း | ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၁၃။ | စားသုံးသူ ကာကွယ်ရေး ဥပဒေကြမ်း | စီးပွားရေးနှင့် ကူးသန်း<br>ရောင်းဝယ်ရေးဝန်ကြီးဌာန |
| ၁၄။ | ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ပြန်ကြားရေးဝန်ကြီး ဌာန |
| ၁၅။ | တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့်အကျိုးစီးပွား မြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း | စိုက်ပျိုးရေးမွေးမြူရေးနှင့်<br>ဆည်မြောင်း ဝန်ကြီးဌာန |
| ၁၆။ | ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ ဆိုင်ရာ ဥပဒေကြမ်း | သယံဇာတနှင့် သဘာဝ<br>ပတ်ဝန်းကျင် ထိန်းသိမ်းရေး<br>ဝန်ကြီးဌာန |
| ၁၇။ | မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်း | ကျန်းမာရေးနှင့် အားကစား<br>ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ |
| ၁၈။ | မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကို ပြင်ဆင် | ကျန်းမာရေးနှင့် |

**မူကြမ်း**

| စဉ် | ဥပဒေကြမ်းအမည် | တင်သွင်းသူ |
|---|---|---|
| | သည့် ဥပဒေကြမ်း(၂၀၁၇ ခုနှစ်) | အားကစားဝန်ကြီးဌာန |
| ၁၉။ | မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ဦးဘရှိန်<br>(ကျောက်ဖြူမဲဆန္ဒနယ်) |
| ၂၀။ | မြန်မာသမိုင်းအဖွဲ့ ဥပဒေကြမ်း | သာသနာရေးနှင့်<br>ယဉ်ကျေးမှု ဝန်ကြီးဌာန |
| ၂၁။ | အခြေခံပညာရေး ဥပဒေကြမ်း | ပညာရေးဝန်ကြီးဌာန |
| ၂၂။ | ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ပြန်ကြားရေး ဝန်ကြီးဌာန |
| ၂၃။ | မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း | သယံဇာတနှင့် သဘာဝ<br>ပတ်ဝန်းကျင် ထိန်းသိမ်း<br>ရေး ဆိုင်ရာ ကော်မတီ |
| ၂၄။ | မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကြမ်း | ဥပဒေကြမ်းကော်မတီ |
| ၂၅။ | ၂၀၁၈ ခုနှစ်၊လောင်းကစား ဥပဒေကြမ်း | ပြည်သူ့ရေးရာ<br>စီမံခန့်ခွဲမှု ကော်မတီ |
| ၂၆။ | အိမ်ခြံမြေဝန်ဆောင်မှု ဥပဒေကြမ်း | ပို့ဆောင်ရေး၊ဆက်သွယ်<br>ရေး နှင့်ဆောက်လုပ်ရေး<br>ဆိုင်ရာ ကော်မတီ |
| ၂၇။ | ပညာရေး သုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေး ဥပဒေကြမ်း | ပညာရေးဝန်ကြီးဌာန |
| ၂၈။ | မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၂၉။ | ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်း | လျှပ်စစ်နှင့်စွမ်းအင် |

| စဉ် | ဥပဒေကြမ်းအမည် | တင်သွင်းသူ |
|---|---|---|
| | ဆိုင်ရာ ဥပဒေကြမ်း | ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ |
| ၃၀။ | ပြည်ထောင်စု ရာထူးဝန်အဖွဲ့ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း | ပြည်ထောင်စုရာထူးဝန် အဖွဲ့ |

**မူကြမ်း**

**နောက်ဆက်တွဲ(ခ)**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန် အစည်းအဝေး ကာလအတွင်း အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်သို့ ဆွေးနွေးရန် ပေးပို့လာသည့် ဥပဒေကြမ်း (၂၅) ခု**

| **စဉ်** | **ဥပဒေကြမ်းအမည်** | **တင်သွင်းသူ** |
|---|---|---|
| ၁။ | ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း | ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး |
| ၂။ | အဂတိ လိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း | ဦးဇော်မင်း၊စစ်ကိုင်းတိုင်း ဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၆) |
| ၃။ | စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်း | စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန |
| ၄။ | ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇) | ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ |
| ၅။ | မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေကြမ်း | စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန |
| ၆။ | ဆက်သွယ်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန |

| စဉ် | ဥပဒေကြမ်းအမည် | တင်သွင်းသူ |
| --- | --- | --- |
| ၇။ | ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်း | ဦးကျော်သီဟ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၂) |
| ၈။ | မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ပြည်ထဲရေးဝန်ကြီးဌာန |
| ၉။ | လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း | စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်း ဝန်ကြီးဌာန |
| ၁၀။ | ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေးအက် ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန |
| ၁၁။ | မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ကျန်းမာရေးနှင့်အားက စား ဝန်ကြီးဌာန |
| ၁၂။ | နိုင်ငံ့ဝန်ထမ်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း | ပြည်ထောင်စု ရာထူးဝန်အဖွဲ့ |
| ၁၃။ | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင် သည့် ဥပဒေကြမ်း(၂၀၁၇ ခုနှစ်) | စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန |
| ၁၄။ | စက်မှုဒီဇိုင်း မူပိုင်ခွင့် ဥပဒေကြမ်း | ပညာရေးဝန်ကြီးဌာန |
| ၁၅။ | တီထွင်မှု မူပိုင်ခွင့် ဥပဒေကြမ်း | ။ |

**မူကြမ်း**

| စဉ် | ဥပဒေကြမ်းအမည် | တင်သွင်းသူ |
|---|---|---|
| ၁၆။ | ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေကြမ်း | ။ |
| ၁၇။ | စာပေနှင့် အနုပညာ မူပိုင်ခွင့် ဥပဒေကြမ်း | ။ |
| ၁၈။ | မြန်မာနိုင်ငံ ခရီးသွားလာရေးလုပ်ငန်း ဥပဒေကြမ်း | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန |
| ၁၉။ | ငြိမ်းချမ်းစွာ စုဝေးခြင်းနှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၃) |
| ၂၀။ | အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း | အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင် |
| ၂၁။ | အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း | အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန |
| ၂၂။ | မြန်မာနိုင်ငံစာရင်း ကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး |
| ၂၃။ | ၂၀၁၇ ခုနှစ်၊ မြေသိမ်း ဥပဒေကြမ်း | ဦးဘမျိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅) |
| ၂၄။ | တံတားကြီးများ ဥပဒေကြမ်း | ဆောက်လုပ်ရေးဝန်ကြီး ဌာန |

**မူကြမ်း**

| စဉ် | ဥပဒေကြမ်းအမည် | တင်သွင်းသူ |
|---|---|---|
| ၂၅။ | နယ်နိမိတ် တိုင်းတာပိုင်းခြား သတ်မှတ်ရေးဥပဒေကြမ်း | စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |

**မူကြမ်း**

**နောက်ဆက်တွဲ(ဂ)**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန် အစည်းအဝေး ကာလအတွင်း ပြည်သူ့လွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်သည့် ဥပဒေကြမ်း (၄၈) ခုနှင့် နည်းဥပဒေ (၃) ခု**

| စဉ် | ဥပဒေကြမ်းအမည် | ဆောင်ရွက်ပြီးစီးမှု | တင်သွင်းသူ |
|---|---|---|---|
| ၁။ | ရေနံလက်ယက်တွင်းဆိုင်ရာ ဥပဒေကြမ်း | ပထစပို့ပြီး | လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာန |
| ၂။ | ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန |
| ၃။ | အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ။ | ပြည်ထောင်စု တရားလွှတ်တော်ချုပ် |
| ၄။ | မြန်မာနိုင်ငံ လင်မယားကွာရှင်းရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | အမသမှ ပြန်ပို့ | ။ |
| ၅။ | အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ။ | ။ |
| ၆။ | တရားခံလွှဲပြောင်းပေးရေး ဥပဒေကြမ်း | ပထစပို့ပြီး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၇။ | ရေနံနှင့် ရေနံထွက် ပစ္စည်းဆိုင်ရာ ဥပဒေကြမ်း | ။ | လျှပ်စစ်နှင့် စွမ်းအင် ဝန်ကြီးဌာန |

**မူကြမ်း**

| စဉ် | ဥပဒေကြမ်းအမည် | ဆောင်ရွက်ပြီးစီးမှု | တင်သွင်းသူ |
|---|---|---|---|
| ၈။ | ခရစ်ယာန် ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ။ | ပြည်ထောင်စု တရားလွှတ်တော်ချုပ် |
| ၉။ | တာတမံဥပဒေကြမ်း | ။ | စိုက်ပျိုးရေး၊ မွေးမြူရေး နှင့်ဆည်မြောင်း ဝန်ကြီးဌာန |
| ၁၀။ | တူးမြောင်း ဥပဒေကြမ်း | ။ | ။ |
| ၁၁။ | မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်း | အမသပို့ပြီး | လွှတ်တော်အခွင့်အရေး ကော်မတီ |
| ၁၂။ | ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေး နှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ။ | လူမှုဝန်ထမ်း၊ ကယ်ဆယ် ရေးနှင့်ပြန်လည် နေရာချ ထားရေးဝန်ကြီးဌာန |
| ၁၃။ | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ် ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေကြမ်း | အမသပို့ပြီး | သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာ ကော်မတီ |
| ၁၄။ | စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း | အမသပို့ပြီး | ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၁၅။ | မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဥပဒေကြမ်း | ပထစပို့ပြီး | လွှတ်တော်အခွင့်အရေး ကော်မတီ |
| ၁၆။ | သစ်တောဥပဒေကြမ်း | အမသပို့ပြီး | သယံဇာတနှင့်သဘာဝ |

**မူကြမ်း**

| စဉ် | ဥပဒေကြမ်းအမည် | ဆောင်ရွက်ပြီးစီးမှု | တင်သွင်းသူ |
|---|---|---|---|
| | | | ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ |
| ၁၇။ | မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်း ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း(၂၀၁၇ ခုနှစ်) | ပထစပြန်ပို့ | ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန |
| ၁၈။ | မြန်မာ့သမိုင်းအဖွဲ့ ဥပဒေကြမ်း | အမသပို့ပြီး | သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန |
| ၁၉။ | မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်း | ။ | ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ |
| ၂၀။ | မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများ | ပထစပို့ပြီး | စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| ၂၁။ | တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေး ဥပဒေကြမ်း | ။ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ |
| ၂၂။ | ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်း ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | အမသပို့ပြီး | ပြန်ကြားရေးဝန်ကြီးဌာန |
| ၂၃။ | ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ။ | ပြန်ကြားရေးဝန်ကြီးဌာန |
| ၂၄။ | အမျိုးဇာတ် ပျက်ယွင်းခြင်းမှ ဖယ်ရှားသည့် အက်ဥပဒေ(The Caste Disabilities Removal Act) ကို ပြင်ဆင်သည့် ဥပဒေ ကြမ်း | ပထစပို့ပြီး | ပြည်ထောင်စုတရားလွှတ်တော်ချုပ် |

**မူကြမ်း**

| စဉ် | ဥပဒေကြမ်းအမည် | ဆောင်ရွက်ပြီးစီးမှု | တင်သွင်းသူ |
|---|---|---|---|
| ၂၅။ | စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း | ပထစပို့ပြီး | ပြည်ထောင်စုရှေ့နေချုပ်ရုံး |
| ၂၆။ | ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေး နှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ။ | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၂၇။ | ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများ ဆိုင်ရာ ဥပဒေကြမ်း | ။ | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဆိုင်ရာကော်မတီ |
| ၂၈။ | မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း | မှတ်တမ်းတင် | ဦးဘရှိန်<br>(ကျောက်ဖြူမဲဆန္ဒနယ်) |
| ၂၉။ | တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေး နှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း | အမသပို့ပြီး | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန |
| ၃၀။ | အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ် ဥပဒေကြမ်း | ။ | သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |
| ၃၁။ | မြန်မာနိုင်ငံ တိုင်းရင်းဆေး ကောင်စီဥပဒေကြမ်း | ။ | ဦးမြင့်ဦး<br>(သနပ်ပင်မဲဆန္ဒနယ်) |
| ၃၂။ | မြန်မာ့သမိုင်းအဖွဲ့ ဥပဒေကြမ်း | ပထစပို့ပြီး | သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန |
| ၃၄။ | မြန်မာ့ပုလဲ လုပ်ငန်းဥပဒေကို ဒုတိယအကြိမ် | အမသပို့ပြီး | သယံဇာတနှင့် သဘာဝ |

**မူကြမ်း**

| စဉ် | ဥပဒေကြမ်းအမည် | ဆောင်ရွက်ပြီးစီးမှု | တင်သွင်းသူ |
|---|---|---|---|
| | ပြင်ဆင်သည့် ဥပဒေကြမ်း | | ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ |
| ၃၅။ | မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကြမ်း | ။ | ဥပဒေကြမ်းကော်မတီ |
| ၃၆။ | ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ပထစပို့ပြီး | ပြန်ကြားရေးဝန်ကြီးဌာန |
| ၃၇။ | မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်း | ။ | ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီ |
| ၃၈။ | သစ်တောဥပဒေကြမ်း | ပထစပို့ပြီး | သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ |
| ၃၉။ | စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများ | ။ | ဆောက်လုပ်ရေးဝန်ကြီးဌာန |
| ၄၀။ | မြန်မာ့သတ္တုတွင်း နည်းဥပဒေများ | အမသပို့ပြီး | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ |
| ၄၁။ | လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် ကျန်းမာရေး ဥပဒေကြမ်း | ။ | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၄၂။ | ၂၀၁၈ ခုနှစ်၊ လောင်းကစားဥပဒေကြမ်း | ။ | ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုကော်မတီ |
| ၄၃။ | စားသုံးသူ ကာကွယ်ရေး ဥပဒေကြမ်း | ။ | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန |
| ၄၄။ | မြန်မာ့ပုလဲ လုပ်ငန်းဥပဒေကို ဒုတိယအကြိမ် | ပထစပို့ပြီး | သယံဇာတနှင့် သဘာဝ |

| စဉ် | ဥပဒေကြမ်းအမည် | ဆောင်ရွက်ပြီးစီးမှု | တင်သွင်းသူ |
|---|---|---|---|
| | ပြင်ဆင်သည့် ဥပဒေကြမ်း | | ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ |
| ၄၅။ | အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဥပဒေကြမ်း | ။ | သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန |
| ၄၆။ | မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကြမ်း | ။ | ဥပဒေကြမ်းကော်မတီ |
| ၄၇။ | မြန်မာနိုင်ငံ တိုင်းရင်းဆေး ကောင်စီဥပဒေကြမ်း | ။ | ဦးမြင့်ဦး (သနပ်ပင်မဲဆန္ဒနယ်) |
| ၄၈။ | တောင်သူလယ်သမား အခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း | ။ | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန |
| ၄၉။ | ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေကြမ်း | အမသပို့ပြီး | လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန |
| ၅၀။ | မြန်မာ့သတ္တုတွင်း နည်းဥပဒေများ | ပထစပို့ပြီး | သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီ |
| ၅၁။ | မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်း | အမသပို့ပြီး | ဆောက်လုပ်ရေးဝန်ကြီးဌာန |

**မူကြမ်း**

**နောက်ဆက်တွဲ(ဃ)**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေးကာလအတွင်း အမျိုးသားလွှတ်တော်၌ စတင်ဆွေးနွေးပြီး ပြည်သူ့လွှတ်တော်သို့ ပေးပို့၍ ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့သည့် ဥပဒေကြမ်း (၂၃) ခု**

| စဉ် | ဥပဒေကြမ်းအမည် | တင်သွင်းသူ |
|---|---|---|
| ၁။ | မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင်ခွင့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန |
| ၂။ | ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး ဥပဒေကြမ်း | ။ |
| ၃။ | ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး |
| ၄။ | အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း | ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၆) |
| ၅။ | ဆက်သွယ်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန |
| ၆။ | စာရင်းအင်း ဥပဒေကြမ်း | စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန |
| ၇။ | ပြည်ထောင်စု စာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း( ၂၀၁၇ ) | ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ |

**မှုကြမ်း**

| စဉ် | ဥပဒေကြမ်းအမည် | တင်သွင်းသူ |
|---|---|---|
| ၈။ | မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါး များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ပြည်ထဲရေးဝန်ကြီးဌာန |
| ၉။ | မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေကြမ်း | စီမံကိန်းနှင့် ဘဏ္ဍာရေး ဝန်ကြီးဌာန |
| ၁၀။ | စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေကြမ်း | စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန |
| ၁၁။ | ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ် ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း | အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၁၂။ | သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ် တီထွင်မှု ဥပဒေကြမ်း | ပညာရေးဝန်ကြီးဌာန |
| ၁၃။ | နိုင်ငံ့ဝန်ထမ်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း | ပြည်ထောင်စုရာထူးဝန်အဖွဲ့ |
| ၁၄။ | မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန |
| ၁၅။ | အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း | အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင် |
| ၁၆။ | မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇ ခုနှစ်) | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန |
| ၁၇။ | မြန်မာနိုင်ငံ ခရီးသွားလာရေး လုပ်ငန်း ဥပဒေကြမ်း | ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီး ဌာန |
| ၁၈။ | ၂၀၁၇ ခုနှစ်၊ မြန်မာ့ ကျောက်မျက်ရတနာ ဥပဒေကြမ်း | ဦးကျော်သီဟ၊ မန္တလေးတိုင်း |

**မူကြမ်း**

| စဉ် | ဥပဒေကြမ်းအမည် | တင်သွင်းသူ |
|---|---|---|
| | | ဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၁၂) |
| ၁၉။ | စာပေနှင့် အနုပညာ မူပိုင်ခွင့် ဥပဒေကြမ်း | ပညာရေး ဝန်ကြီးဌာန |
| ၂၀။ | အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း | အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အား ဝန်ကြီးဌာန |
| ၂၁။ | မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၂၂။ | ကုန်အမှတ်တံဆိပ် မူပိုင်ခွင့် ဥပဒေကြမ်း | ပညာရေးဝန်ကြီးဌာန |
| ၂၃။ | စက်မှုဒီဇိုင်းမူပိုင်ခွင့် ဥပဒေကြမ်း | ״ |

**မူကြမ်း**

**နောက်ဆက်တွဲ(င)**

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေး ကာလအတွင်း ထုတ်ပြန်ပြဋ္ဌာန်းခဲ့သည့် ဥပဒေများ (၅၈) ခု**

| စဉ် | အမည် |
|---|---|
| ၁။ | ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၈/၂၀၁၇) |
| ၂။ | ၂၀၁၇ ခုနှစ်၊ ရေခွန်နှင့် တာတမံခွန် ဥပဒေ(၉/၂၀၁၇) |
| ၃။ | မြန်မာ့ကမ်းရိုးတန်းနှင့် ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းလုပ်ကိုင် ခွင့် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၁၀/၂၀၁၇) |
| ၄။ | ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၁၁/၂၀၁၇) |
| ၅။ | ပြည်သူ့စာရင်းကိုင်များ ပျက်ကွက်မှု အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ(၁၂/၂၀၁၇) |
| ၆။ | ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဥပဒေ(၁၃/၂၀၁၇) |
| ၇။ | မြန်မာနိုင်ငံ ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေ(၁၄/၂၀၁၇) |
| ၈။ | ရေနံလက်ယက်တွင်း ဆိုင်ရာ ဥပဒေ(၁၅/၂၀၁၇) |
| ၉။ | တရားခံလွှဲပြောင်းရေး ဥပဒေ(၁၆/၂၀၁၇) |
| ၁၀။ | အထူးကုန်စည်ခွန် ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၁၇/၂၀၁၇) |
| ၁၁။ | အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ |

**မှူကြမ်း**

| စဉ် | အမည် |
|---|---|
| | (၁၈/၂၀၁၇) |
| ၁၂။ | မြန်မာနိုင်ငံ တံဆိပ်ခေါင်း အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၇)(၁၉/၂၀၁၇) |
| ၁၃။ | ရေနံနှင့် ရေနံထွက် ပစ္စည်းဆိုင်ရာ ဥပဒေ(၂၀/၂၀၁၇) |
| ၁၄။ | အထူးထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၁/၂၀၁၇) |
| ၁၅။ | တာတမံဥပဒေ(၂၂/၂၀၁၇) |
| ၁၆။ | အုပ်ထိန်းသူနှင့် အုပ်ထိန်းခြင်းခံရသူများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၃/၂၀၁၇) |
| ၁၇။ | မြန်မာနိုင်ငံ လင်မယားကွာရှင်းရေး အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၄/၂၀၁၇) |
| ၁၈။ | ခရစ်ယာန် ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၅/၂၀၁၇) |
| ၁၉။ | ဆက်သွယ်ရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၆/၂၀၁၇) |
| ၂၀။ | ဆည်မြောင်းဥပဒေ ( ၂၇ / ၂၀၁၇ ) |
| ၂၁။ | ၂၀၁၇-၂၀၁၈ ခုဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေ(၂၈/၂၀၁၇) |
| ၂၂။ | မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ (၂၉/ ၂၀၁၇) |
| ၂၃။ | စာရင်းအင်း ဥပဒေ(၁/၂၀၁၈) |
| ၂၄။ | ပြည်ထောင်စု စာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂/၂၀၁၈) |
| ၂၅။ | စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ(၃/၂၀၁၈) |
| ၂၆။ | မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ ဥပဒေ(၄/၂၀၁၈) |

**မူကြမ်း**

| စဉ် | အမည် |
|---|---|
| ၂၇။ | ၁၉၄၈ ခုနှစ်၊ ဆိပ်ကမ်းအလုပ်သမားများ အလုပ်စီစဉ်ရေး အက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေ (၅/၂၀၁၈) |
| ၂၈။ | မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေကို ပြင်ဆင် သည့် ဥပဒေ(၆/၂၀၁၈) |
| ၂၉။ | ၂၀၁၈ ခုနှစ်၊ ဧပြီလမှ စက်တင်ဘာလအထိ (၆) လ အမျိုးသားစီမံကိန်းဥပဒေ (၇/၂၀၁၈) |
| ၃၀။ | ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ (၈/၂၀၁၈) |
| ၃၁။ | စာချုပ်စာတမ်းများ မှတ်ပုံတင် ဥပဒေ(၉/၂၀၁၈) |
| ၃၂။ | ၂၀၁၈ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ (၁၀/၂၀၁၈) |
| ၃၃။ | အမျိုးဇာတ်ပျက်ယွင်းခြင်းမှဖယ်ရှားသည့်အက်ဥပဒေကိုပြင်ဆင်သည့်ဥပဒေ(၁၁/၂၀၁၈) |
| ၃၄။ | ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေး နယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်း ဆိုင်ရာဥပဒေ (၁၂/၂၀၁၈) |
| ၃၅။ | ရှေးဦးအရွယ် ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၁၃/၂၀၁၈) |
| ၃၆။ | ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးရေးဆွဲတင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၁၄/၂၀၁၈) |
| ၃၇။ | ၂၀၁၈ ခုနှစ်၊ မြန်မာသမိုင်းအဖွဲ့ ဥပဒေ(၁၅/၂၀၁၈) |
| ၃၈။ | နိုင်ငံ့ဝန်ထမ်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ(၁၆/၂၀၁၈) |
| ၃၉။ | လုပ်ငန်းခွင်သုံး ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေ(၁၇/၂၀၁၈) |

**မူကြမ်း**

| စဉ် | အမည် |
|---|---|
| ၄၀။ | မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၁၈/၂၀၁၈) |
| ၄၁။ | ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၁၉/၂၀၁၈) |
| ၄၂။ | အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေ (၂၀/၂၀၁၈) |
| ၄၃။ | ရုပ်မြင်သံကြားနှင့် ဗီဒီယို ဥပဒေကို ပြင်ဆင်သည့် ဥပဒေ(၂၁/၂၀၁၈) |
| ၄၄။ | သိပ္ပံ၊ နည်းပညာနှင့် ဆန်းစစ်တီထွင်မှု ဥပဒေ(၂၂/၂၀၁၈) |
| ၄၅။ | အခွန်အယူခံခုံအဖွဲ့ ဥပဒေ (၂၃/၂၀၁၈) |
| ၄၆။ | မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၁၈ ခုနှစ်) (၂၄/၂၀၁၈) |
| ၄၇။ | ပြည်သူ့ကျွေးမြီ စီမံခန့်ခွဲမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၈ ခုနှစ်) (၂၅/၂၀၁၈) |
| ၄၈။ | မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဥပဒေ (၂၆/၂၀၁၈) |
| ၄၉။ | မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေ (၂၇/၂၀၁၈) |
| ၅၀။ | ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်၊ အမျိုးသားစီမံကိန်းဥပဒေ (၂၈/၂၀၁၈) |
| ၅၁။ | သစ်တောဥပဒေ (၂၉/၂၀၁၈) |
| ၅၂။ | ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေ (၃၀/၂၀၁၈) |
| ၅၃။ | မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (၃၁/၂၀၁၈) |

မှတ်ချက်။

| စဉ် | အမည် |
|---|---|
| ၅၄။ | ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ (၃၂/၂၀၁၈) |
| ၅၅။ | ပင်လယ်ကြောင်း အကောက်ခွန် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၂၀၁၈ ခုနှစ်) (၃၃/၂၀၁၈) |
| ၅၆။ | ၂၀၁၈ခုနှစ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥပဒေ (၃၄/၂၀၁၈) |
| ၅၇။ | အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြု တက္ကသိုလ်ဥပဒေ (၃၅/၂၀၁၈) |
| ၅၈။ | တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွား မြှင့်တင်ရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ (၃၆/၂၀၁၈) |

မှူကြမ်း

နောက်ဆက်တွဲ(စ)

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးမှ ဒသမပုံမှန်အစည်းအဝေး ကာလအတွင်း ပြည်သူ့လွှတ်တော်၊ ဥပဒေကြမ်းကော်မတီဝင်များ၏ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်း ကော်မတီတွင် ဆောင်ရွက်နိုင်ခဲ့သည့် ဥပဒေကြမ်းများ

| စဉ် | ဥပဒေကြမ်းအမည် | ရက်စွဲ |
|---|---|---|
| ၁။ | နိုင်ငံတော် သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ဥပဒေဆိုင်ရာ အထောက်အကူပေးရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | ၁၈-၅-၂၀၁၇ |
| ၂။ | ရေခွန်နှင့် တာတမံခွန်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက် အစီရင်ခံစာ | ၂၃-၅-၂၀၁၇ |
| ၃။ | လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ထပ်မံစိစစ် လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | ၂၆-၅-၂၀၁၇ |
| ၄။ | လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော ရေနံလက်ယက်တွင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ | ၁၄-၆-၂၀၁၇ |

မူကြမ်း

| စဉ် | ဥပဒေကြမ်းအမည် | ရက်စွဲ |
|---|---|---|
| | လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | |
| ၅။ | နိုင်ငံတော် သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ၂၀၁၇ ခုနှစ်၊ရေခွန်နှင့်တာတမံခွန်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စု လွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | ၂၈-၆-၂၀၁၇ |
| ၆။ | လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု လွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | ၂၈-၆-၂၀၁၇ |
| ၇။ | ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော အထူးကုန်စည်ခွန်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | ၂၆-၇-၂၀၁၇ |
| ၈။ | နိုင်ငံတော် သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စု လွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | ၂၆-၇-၂၀၁၇ |
| ၉။ | လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော တာတမံဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်း ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | ၂၆-၇-၂၀၁၇ |
| ၁၀။ | ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော အစိုးရအောင်ဘာလေထီ ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် | ၁-၈-၂၀၁၇ |

| စဉ် | ဥပဒေကြမ်းအမည် | ရက်စွဲ |
|---|---|---|
| | သဘောထားမှတ်ချက် အစီရင်ခံစာ | |
| ၁၁။ | လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော တူးမြောင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက် နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | ၈-၈-၂၀၁၇ |
| ၁၂။ | နိုင်ငံတော် သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ခရစ်ယာန်ထိမ်းမြားခြင်းဆိုင်ရာ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း နှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | ၁၅-၈-၂၀၁၇ |
| ၁၃။ | ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ကုန်သွယ်လုပ်ငန်းခွန်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | ၃၁-၈-၂၀၁၇ |
| ၁၄။ | နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | ၁၄-၅-၂၀၁၈ |
| ၁၅။ | ရှေးဦးအရွယ်ကလေးသူငယ် ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | ၂၂-၅-၂၀၁၈ |
| ၁၆။ | ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ပြည်ထောင်စု၏ ဘဏ္ဍာငွေအရ အသုံးရေးဆွဲ တင်ပြခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် | ၂၈-၅-၂၀၁၈ |

**မူကြမ်း**

| စဉ် | ဥပဒေကြမ်းအမည် | ရက်စွဲ |
|---|---|---|
| | စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | |
| ၁၇။ | လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော သိပ္ပံ၊ နည်းပညာနှင့် ဆန်းစစ်တီထွင်မှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်း ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | ၃၁-၅-၂၀၁၈ |
| ၁၈။ | ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော အခွန်အယူခံအဖွဲ့ ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | ၅-၆-၂၀၁၈ |
| ၁၉။ | နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | ၅-၆-၂၀၁၈ |
| ၂၀။ | နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ပေါက်ကွဲစေတတ်သော ဝတ္ထုပစ္စည်းများဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိ ချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | ၅-၆-၂၀၁၈ |
| ၂၁။ | နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော သိပ္ပံ၊ နည်းပညာနှင့် ဆန်းစစ်တီထွင်မှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု လွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက် အစီရင်ခံစာ | ၁၄-၆-၂၀၁၈ |
| ၂၂။ | ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော အခွန်အယူခံအဖွဲ့ ဥပဒေကြမ်း နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ ထပ်မံလေ့လာတွေ့ရှိချက် | ၂၁-၆-၂၀၁၈ |

| စဉ် | ဥပဒေကြမ်းအမည် | ရက်စွဲ |
| --- | --- | --- |
| | နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | |
| ၂၃။ | နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော အခွန်အယူခံခုံအဖွဲ့ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက် အစီရင်ခံစာ | ၂၃-၇-၂၀၁၈ |
| ၂၄။ | လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိ ချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | ၉-၈-၂၀၁၈ |
| ၂၅။ | လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေး ကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | ၁၆-၈-၂၀၁၈ |
| ၂၆။ | လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော စုပေါင်းပိုင် အဆောက်အအုံဆိုင်ရာ နည်းဥပဒေများနှင့် စပ်လျဉ်းသည့် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | ၁၆-၈-၂၀၁၈ |
| ၂၇။ | လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော သစ်တော ဥပဒေကြမ်းနှင့် စပ်လျဉ်း သည့် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်း ကော်မတီ၏ လေ့လာ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | ၂၄-၈-၂၀၁၈ |
| ၂၈။ | ပြည်ထောင်စုအစိုးရအဖွဲ့က ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် အမျိုးသား စီမံကိန်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ | ၂၈-၈-၂၀၁၈ |

မူကြမ်း

| စဉ် | ဥပဒေကြမ်းအမည် | ရက်စွဲ |
|---|---|---|
| | လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | |
| ၂၉။ | ပြည်ထောင်စုအစိုးရအဖွဲ့က ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | ၂၈-၈-၂၀၁၈ |
| ၃၀။ | နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြေလွတ်၊ မြေလတ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှု ဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | ၃-၉-၂၀၁၈ |
| ၃၁။ | ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ပြည်သူ့ကြွေးမြီ စီမံခန့်ခွဲမှု ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | ၃-၉-၂၀၁၈ |
| ၃၂။ | ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ၂၀၁၈-၂၀၁၉ ခုနှစ်၊ ပြည်ထောင်စု၏အခွန်အကောက် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | ၆-၉-၂၀၁၈ |
| ၃၃။ | နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | ၁၀-၉-၂၀၁၈ |
| ၃၄။ | နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ | ၁၀-၉-၂၀၁၈ |

| စဉ် | ဥပဒေကြမ်းအမည် | ရက်စွဲ |
| --- | --- | --- |
| | ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | |
| ၃၅။ | နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော သစ်တောဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | ၁၃-၉-၂၀၁၈ |
| ၃၆။ | ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှု ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | ၁၂-၁၁-၂၀၁၈ |
| ၃၇။ | ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ပင်လယ်ကြောင်း အကောက်ခွန် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၈ ခုနှစ်) နှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက် အစီရင်ခံစာ | ၁၅-၁၁-၂၀၁၈ |
| ၃၈။ | လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်း ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | ၂၆-၁၁-၂၀၁၈ |
| ၃၉။ | လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်း ကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | ၂၆-၁၁-၂၀၁၈ |
| ၄၀။ | လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်း ကော်မတီ၏ လေ့လာ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | ၂၉-၁၁-၂၀၁၈ |

**မူကြမ်း**

| စဉ် | ဥပဒေကြမ်းအမည် | ရက်စွဲ |
|---|---|---|
| ၄၁။ | လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | ၃-၁၂-၂၀၁၈ |
| ၄၂။ | လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်း ကော်မတီ၏လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | ၁၀-၁၂-၂၀၁၈ |
| ၄၃။ | လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော မြန်မာ့သတ္တုတွင်းနည်းဥပဒေများနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ | ၁၀-၁၂-၂၀၁၈ |

## ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက ၁၂-၃-၂၀၁၉ ရက်(အင်္ဂါနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**မူကြမ်း**

## ဒေါက်တာသန်းအောင်စိုး၊ မင်းလှမဲဆန္ဒနယ်က တင်သွင်းသည့် လူနှင့်တိရစ္ဆာန်များတွင် ခွေးရူးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းရေးအတွက် ဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများအားလုံးပူးပေါင်းလျက် စီမံချက်ချမှတ်ရေးဆွဲပြီးဆောင်ရွက်ရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာသန်းအောင်စိုး၊ မင်းလှမဲဆန္ဒနယ်က ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့(၂၃-၁-၂၀၁၉ ရက်နေ့)တွင် တင်သွင်းသွားတဲ့ လူနှင့်တိရစ္ဆာန်များတွင် ခွေးရူးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းရေးအတွက် ဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်း များ အားလုံးပူးပေါင်းလျက် စီမံချက်ချမှတ်ရေးဆွဲပြီးဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၇၀ အရ ဆောင်ရွက် သွားမှာဖြစ်ပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆွေးနွေးမယ့်ကိုယ်စားလှယ် ၁၁ ဦးရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ စမ်းချောင်းမဲဆန္ဒနယ်မှ ဦးဘိုဘိုဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးဘိုဘိုဦး(စမ်းချောင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး နှင့် အားလုံးပဲမင်္ဂလာပါခင်ဗျား။ ကျွန်တော်က စမ်းချောင်းမဲဆန္ဒနယ်က ဦးဘိုဘိုဦး ဖြစ်ပါတယ်။ မင်းလှ မဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုးရဲ့အဆိုကို ဝေဖန်အကြံပြုဆွေးနွေးသွားပါမယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က ခွေးရူးရောဂါဆိုတာ အင်မတန်ကြောက်စရာ ကောင်းပါတယ်။ ဖြစ်ပွားတဲ့ရောဂါလက္ခဏာပြရင် ကုလို့မရပါဘူး။ ရာနှုန်းပြည့်သေဆုံးပါတယ်ဆိုပြီး အစချီ ဆွေးနွေးတင်ပြခဲ့မှုဟာ အချက်အလက်မှန်ကန်စွာနဲ့ ထိရောက်စွာပြောကြားခဲ့မှုဖြစ်ပါတယ်။ ကျွန်တော့်ရဲ့မဲဆန္ဒနယ်မြေအတွင်းက မြေနီကုန်းမြောက်ရပ်ကွက်၊ ရှမ်းကုန်းဘုန်းလမ်းနှင့် ဈေးလမ်း ထောင့်ရှိ အနှေးယာဉ်ဂိတ်မှ အနှေးယာဉ်မောင်းသူ ဦးသိန်းဇော်(၃၆) နှစ်ဟာ၂၀၁၇ ခုနှစ် နိုဝင်ဘာလ အတွင်းမှာ ခွေးကိုက်ခံရပြီး ၃၀-၁၂-၂၀၁၇ ရက်နေ့မှာတော့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ ခွေးရူး ရောဂါနှင့် သေဆုံးခဲ့ရပါတယ်။ ကျွန်တော့်မဲဆန္ဒနယ်ဖြစ်တဲ့ စမ်းချောင်းမှာ လမ်းပေါ်မှာ ပိုင်ရှင်မဲ့ခွေး များ အလွန်များပြားစွာရှိပါတယ်။ ခွေးအန္တရာယ်ကင်းရှင်းစေရေးအတွက် ၂၀၁၆ ခုနှစ်မှ ယနေ့တိုင် သက်ဆိုင်ရာအာဏာပိုင်များကို မဲဆန္ဒရှင်များကိုယ်စား ကျွန်တော်ကိုယ်တိုင်တိုင်ကြားခြင်း၊ ဆွေးနွေး ခြင်း၊ ပြည်သူ့လွှတ်တော်ရုံးမှတစ်ဆင့် ကြယ်ပွင့်မပြမေးခွန်းများ မေးမြန်းခြင်းပြုလုပ်ခဲ့ပြီး နောက်ဆုံး

ထူးခြားမှုမရှိသည့်အတွက် အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေး ကော်မတီအထိ စာဖြင့်အကြောင်းကြားခဲ့ရပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဆိုရှင်က လမ်းဘေးခွေးတွေကို စီမံချက်ချမှတ်ပြီး ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မပွားအောင် သင်းကွပ်ခြင်း၊ တားဆေးထိုးခြင်း၊ ခွေးရူးကာကွယ်ဆေးထိုး ခြင်းတွေကို မြို့နယ်အလိုက်ဌာနဆိုင်ရာအားလုံးပူးပေါင်းပြီးတော့ ဆောင်ရွက်သင့်ပါသည်ဟု ဆွေးနွေး တင်ပြချက်မှာ ပါရှိပါတယ်။ ၂၀၁၆ ခုနှစ်မှ ယနေ့တိုင် လမ်းပေါ်မှာ ပျော်နေတဲ့ခွေးများကို အထက်ပါ အတိုင်းလုပ်ပါမယ်လို့ အာဏာပိုင်က ပြောသော်လည်း လက်တွေ့မှာ မအောင်မြင်ပါ။ အရာမထင်ပါ။ ဘာကြောင့်လဲဆိုတာ သက်ဆိုင်သူတို့အသိဆုံးဖြစ်ပါတယ်။ အဆိုရှင်ရဲ့ အထက်ပါအကြံပေးချက်မှာ လိုအပ်တဲ့အချက်က လမ်းပေါ်မှာပျော်နေတဲ့ပိုင်ရှင်မဲ့ခွေးများရဲ့အန္တရာယ်ကို သတိမမူမိခဲ့ခြင်းပါ။ ကာကွယ်ဆေးများထိုးခြင်း၊ သားဆက်ခြားခြင်းတို့ကို ပြုလုပ်ရာမှာ ဆေးပြယ်တဲ့အချိန်၊ သဘာဝအရ ရာသီရောက်တဲ့အချိန်တွေမှာ သာမန်ထက်ပိုပြီး ဒေါသကြီးလာတဲ့ခွေးတွေဟာ Hyper Active လွန်ကဲ စွာထကြွသောင်းကျန်းတတ်ပါတယ်။ အဓိက ခွေးကိုက်ခြင်းကို တားဆီးပေးရမှာဖြစ်ပါတယ်။ လူထုက ခွေးအန္တရာယ်ကို နေ့စဉ်နှင့်အမျှ လမ်းတွေအပေါ်မှာ ကြောက်နေရပါတယ်။ တစ်ပြည်လုံးမှာ ယမန်နှစ်က ခွေးကိုက်လို့ဆေးရုံရောက်တဲ့လူနာပေါင်း ၆၀၀၀ ကျော်ရှိပါတယ်။ ကျွန်တော့်မဲဆန္ဒနယ် စမ်းချောင်းမှာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလအထိ ခွေးကိုက်ခံရလို့ ပြည်သူ့ကျန်းမာရေးဦးစီးဌာနကို ရောက်ရှိလာတဲ့လူနာပေါင်းဟာ တစ်နှစ်အတွင်းမှာ လူနာပေါင်း ၇၂၈ ဦးရှိခဲ့ပါတယ်။ မြို့နယ်ပြည်သူ့ ကျန်းမာရေးဦးစီးဌာနမှာ ဆေးမလုံလောက်တဲ့အတွက် လူနာ ၇၄ ဦးကို တစ်ဆင့်လွှဲပေးခဲ့ရပါတယ်။ တစ်ပြည်လုံးရဲ့ခွေးကိုက်ခံရတဲ့ ၁၁ ရာခိုင်နှုန်းကျော်မှာ စမ်းချောင်းမြို့နယ်မှာ ဖြစ်ပွားနေခဲ့ပါတယ်။ နေပြည်တော်ရှိ မြို့နယ်တစ်မြို့နယ်ရဲ့ရပ်ကွက်တစ်ရပ်ကွက်စာမျှသာရှိတဲ့ စမ်းချောင်းမြို့နယ်မှာ တစ်နိုင်ငံလုံးခွေးကိုက်ခံရမှုရဲ့ ၁၂ ရာခိုင်နှုန်းနီးပါးခံစားနေရမှုကို ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီအနေဖြင့် သတိမူသင့်ပါတယ်။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အခုလိုဖြစ်နေခဲ့ရတာဟာ အဆင်ခြေမဲ့ ယခင်အစိုးရ လက်ထက် ထိုးခဲ့တဲ့နားလည်မှုစာချွန်လွှာကြောင့်ပါ။ ၎င်းစာချွန်လွှာဟာ ဒီလကုန် ၃၁ ရက်နေ့မှာ ပြည့်ပါပြီ။ စာချွန်လွှာသက်တမ်းမတိုးစေလိုပါ။ လူအများအပေါ်ကျရောက်နေတဲ့ ခွေးအန္တရာယ်ကို တားဆီးနိုင်ဖို့ အစိုးရအနေဖြင့် တာဝန်အပြည့်ယူပေးဖို့ လိုပါတယ်ခင်ဗျား။ ခွေးအန္တရာယ်ကြောက်ရွံ့တဲ့ လူထုရဲ့အသံတွေဟာ ကျွန်တော့်ရဲ့ရင်ထဲကို စူးစူးနစ်နစ်နဲ့ နေ့စဉ်နှင့်အမျှဝင်နေပါတယ်။ လေးစား

အပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ အချုပ်အားဖြင့်ဆွေးနွေးရရင် အဆိုရှင်ရဲ့အဆိုဟာ မြေပြင်အခြေအနေ အပေါ် သုံးသပ်ချက်၊ လိုအပ်ချက်တွေရှိနေလင့်ကစား ကောင်းမွန်တဲ့အဆိုတစ်ခုဖြစ်ပါတယ်။ စမ်းချောင်းမြို့နယ်နှင့် အခြားမြို့နယ်များအပေါ်ရှိ လမ်းတွေပေါ်မှာ ပျော်နေတဲ့ပိုင်ရှင်မဲ့ခွေးများရဲ့ အန္တရာယ်ကင်းရှင်းရေးအတွက် သက်ဆိုင်ရာမှ ဆောလျင်စွာကြိုးပမ်းဆောင်ရွက်နိုင်ပါရန် ဆွေးနွေး လိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စည်သူ(လှိုင်ကော်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးကိုမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်ရှင်။ ကျွန်မက မင်းလှ မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုးရဲ့အဆိုကို အကြံပြုဆွေးနွေး သွားမှာဖြစ်ပါတယ်။ Power Point ဖြင့် ရှင်းပြခွင့်ပြုပါရှင်။ ဒီခွေးရူးရောဂါဖြစ်ပွားခြင်းရဲ့ ၉၉ ရာခိုင်နှုန်းက ခွေးကိုက်လို့ဖြစ်ပါတယ်။ WHO၊ FAO၊ OIE ကမ္ဘာ့တိရစ္ဆာန်အဖွဲ့ကလည်း One Health(OH)အနေနဲ့ ခွေးရူးပြန်ရောဂါကို အရေးကြီးတဲ့သုံးမျိုးထဲ ထည့်ထားပါတယ်။ မြန်မာနိုင်ငံမှာ နှစ်စဉ်လူတစ်ထောင်လောက်က ခွေးရူးရောဂါကြောင့် သေဆုံးတယ်လို့ WHO ကပြောပါတယ်။ တိရစ္ဆာန်ကနေ လူကိုကူးတဲ့အဓိကရောဂါခြောက်မျိုးထဲမှာကလည်း ဒီခွေးရူးရောဂါက ပထမ အရေးကြီးဆုံးအဖြစ် ဖော်ပြပါတယ်။ ခွေးရူးရောဂါအုပ်စုသုံးမျိုးခွဲထားရာမှာ အန္တရာယ်အများဆုံး အုပ်စုထဲမှာ မြန်မာနိုင်ငံကပါဝင်နေပါတယ်ရှင်။ ဒီဟာကျတော့ Zoonotic တိရစ္ဆာန်တွေဖြစ်တဲ့ရောဂါ ထဲမှာတော့ Rabies လို့ခေါ်တဲ့ ခွေးရူးရောဂါက ခြောက်ခုထဲမှာ ပထမဦးဆုံးပြထားတဲ့ဇယားဖြစ်ပါ တယ်။ ခွေးရူးရောဂါကို ကျွန်မတို့လူထုကျန်းမာရေးရဲ့ပြဿနာဆိုတာကို အောက်ပါအချက်အလက် တွေနဲ့ ပြောပြနိုင်ပါတယ်။ မြန်မာနိုင်ငံဟာ ခွေးရူးရောဂါဖြစ်ပွားဖို့ အများဆုံးထဲက တစ်နိုင်ငံဖြစ်တယ်။ လူဦးရေတစ်သန်းမှာ ၂၂ ယောက်ဖြစ်တယ်။ တစ်နှစ်မှာ လူတစ်ထောင်ဖြစ်တယ်။ လူသေနှုန်းက ၁၀၀ ရာခိုင်နှုန်းဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ခွေးအကောင်ရေက ၂၀၀၄ ခုနှစ်မှာ ၃.၄ သန်း၊ ၂၀၁၆ ခုနှစ်မှာ ကျတော့ ၆ သန်းအထိဖြစ်လာတဲ့အတွက် ၁၃ နှစ်မှာ နှစ်ဆလောက်တိုးလာတဲ့သဘောအနေအထားမှာ ရှိပါတယ်။ ၈၀ ရာခိုင်နှုန်းက အဲဒီအထဲမှာ ခွေးလေခွေးလွင့်တွေ ဖြစ်နေတာကို တွေ့ရပါတယ်ရှင်။ နေ့စဉ်ကိုက်ခံရတဲ့လူက ခြောက်သိန်းရှိပါတယ်။ အကိုက်ခံရသူတိုင်းက ခွေးရူးရောဂါကြိုတင် ကာကွယ်မှုအချက်အလက်တွေရှိ/မရှိကို မရနိုင်သေးပါဘူး။ WHO ရဲ့ Recommendation အရ ခွေးအကောင်ရေရဲ့ ၇၅ ရာခိုင်နှုန်းလောက်ကို ခွေးရူးရောဂါကာကွယ်ဆေးထိုးနိုင်မယ်ဆိုရင် ခွေးကနေ

လူကိုကူးတဲ့ ခွေးရူးရောဂါကို ကာကွယ်နိုင်မယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ ၇၀ ရာခိုင်နှုန်းကာကွယ်ဆေးထိုးဖို့ဆိုတာ မလွယ်လှပါဘူး။ ခွေးရူးပြန်ရောဂါဆိုတာ ဆင်းရဲတဲ့နိုင်ငံတွေဖြစ်တယ်။ ခွေးကိုက်ရောဂါဖြစ်ပွားတဲ့သူတွေထဲမှာ ၃၀ ရာခိုင်နှုန်းကနေ ၅၀ ရာခိုင်နှုန်းက အသက်ငါးနှစ်အောက်ကလေးတွေဖြစ်ပါတယ်ရှင်။ ကျေးလက်ဒေသမှာ ၈၀ ရာခိုင်နှုန်းဖြစ်တယ်။ မြို့ပြကတော့ ၁၇ ရာခိုင်နှုန်းပဲရှိပါတယ်။ တစ်ကမ္ဘာလုံးခွေးရူးရောဂါကြောင့်သေဆုံးတဲ့ဦးရေက နှစ်စဉ် ၅၅၀၀၀ လောက်ရှိပါတယ်။ ၉၀ ရာခိုင်နှုန်းက အာရှနှင့်အာဖရိကတို့ဖြစ်တယ်။ မွေးမြူရေးနှင့်ကုသရေးဌာနစာရင်းအရဆိုရင် မြန်မာနိုင်ငံဟာ ၂၀၁၇ ခုနှစ်မှာ လူပေါင်း ၆၂၀၀၀ ဟာ ခွေးကိုက်ခံရတယ်။ အဲဒီအထဲမှာ ၄၀ ရာခိုင်နှုန်းဟာ နိုင်ငံရဲ့ရတနာတွေဖြစ်သလို တန်ဖိုးမဖြတ်နိုင်တဲ့ လူ့စွမ်းအားအရင်းအမြစ်ဖြစ်တဲ့ အသက် ၁၅ နှစ်အောက်ကလေးတွေဖြစ်နေတာကို တွေ့ရပါတယ်။ ဒ့ါအပြင် အကိုက်ခံရမှုတွေ ၁၀၀၀ လောက်မှာ သေစေနိုင်တဲ့ခွေးရူးရောဂါကူးစက်မှုကို တွေ့နေရပါတယ်။ ဒါကြောင့်မို့လို့ ခွေးရူးရောဂါက လူထုကျန်းမာရေးအတွက် ပြဿနာဖြစ်လာရပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကမ္ဘာ့ကုသမဂ္ဂက Fight For Rabies 2020, Rabies Zero by 2030 ဆိုပြီးတော့ ရည်မှန်းချက်ထားပါတယ်။ ၂၀၃၀ ခုနှစ်မှာ မြန်မာနိုင်ငံကလည်း ခွေးရူးရောဂါကင်းစင်ဖို့ ရည်မှန်းချက်ချခဲ့ပါတယ်ရှင်။ ခွေးရူးရောဂါကာကွယ်ဖို့အတွက် ကာကွယ်ဆေးထိုးဖို့ နိုင်ငံတကာအဖွဲ့အစည်းဖြစ်တဲ့ Austria INGO Four Paw International, Mingalar Myanmar နှင့် ပူးပေါင်းပြီးတော့ စီမံကိန်းတွေလုပ်နေတယ်ဆိုတာ သိရှိရပါတယ်ရှင်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဆက်စပ်တဲ့အဖွဲ့အစည်းနဲ့ အုပ်ချုပ်ရေးမှူးအဖွဲ့တို့က ပူးပေါင်းပြီး အလုံးရင်းနဲ့ ခွေးရူးရောဂါကာကွယ်ဆေးကို အခမဲ့ထိုးနှံခြင်း(Rabies Strategic Plan)ရေးဆွဲခြင်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှာ စပြီးတော့မှ ခွေးကိုက်ဖြစ်စဉ်ပေါ်မူတည်ပြီးတော့ ဦးစားပေးမြို့နယ်များ လျာထားတာလည်းသိရပါတယ်ရှင်။ ဒါကတော့ ပထမဦးစားပေး၊ ဒုတိယဦးစားပေး၊ တတိယဦးစားပေး ဖြစ်ပါတယ်။ တတိယဦးစားပေးကျတော့ ၂၀၂၁ ခုနှစ်ကနေ ၂၀၂၂ ခုနှစ်မှာပြုလုပ်မှာဖြစ်ပါတယ်။ ဒါပေမဲ့ အဲဒီလိုစီမံချက်ချထားပေမဲ့လို့ စိန်ခေါ်မှုတွေက အများကြီးရှိပါတယ်။ အဲဒါဟာဆိုလို့ရှိရင် ခွေးလေခွေးလွင့်အရေအတွက်တွေက များများနေဆဲဖြစ်တယ်။ အများပြည်သူကြားမှာ ဗိုင်းရပ်စ်ကြောင့်ဖြစ်တဲ့ ဒီခွေးရူးရောဂါက ပျံ့နှံ့မှုအလွန်များပါတယ်။ ခွေးရူးရောဂါကင်းစင်ဖို့ လုပ်ဆောင်ရာမှာ ရန်ပုံငွေမရှိဘူး။ နည်းပညာထောက်ပံ့မှုမပြည့်စုံဘူး။ ရှေ့ပြေးစမ်းသပ်မှုဧရိယာအားနည်းချက်ရှိတယ်။ ကာကွယ်ဆေးထိုးပြီးတော့ နောက်ဆက်တွဲ စောင့်ကြည့်မှုအစီအစဉ် ဆန်းစစ်မှုကလည်း မလုပ်နိုင်ဘူး။

စည်းရုံးလှုပ်ရှားမှုမှာ ပါဝင်နေတဲ့စေတနာ့ဝန်ထမ်းများ လုပ်အားပေးမှုတွေဟာလည်း အားနည်းပါတယ်။ ဆက်စပ်တဲ့အစိုးရအဖွဲ့အစည်း၊ အခြားဌာနဆိုင်ရာ၊ ပြည်သူလူထုများနှင့် ပုဂ္ဂလိကများအားလုံးချိတ်ဆက်ပူးပေါင်းဆောင်ရွက်ရာမှာ အားနည်းပါတယ်။ အဲဒီခေတ်မှာဆိုလို့ရှိရင် ခွေးချစ်သူတွေ၊ တိရစ္ဆာန်ချစ်သူတွေလည်း ပါပါတယ်။ နိုင်ငံအဆင့် One Health တည်ဆောက်ပုံ စနစ်တကျဖွဲ့စည်းထားတာလည်း မရှိပါဘူး။ တိရစ္ဆာန် ရောဂါများဆိုင်ရာအချက်အလက်များရဲ့အရည်အသွေးရှိမှု၊ ခြုံငုံမှုအချက်အလက်ဆိုင်ရာတွေမရှိဘူး။ ပူးပေါင်းစောင့်ကြည့်ခြင်းအစီရင်ခံစာအားနည်းတယ်။ ကာကွယ်ဆေးအတွက် အစိုးရဘတ်ဂျက်မလုံလောက်ဘူး။ ပြည်သူစိတ်ဝင်စားမှု၊ သိမြင်မှုအားနည်းတယ်။ ခွေးကိုက်ရောဂါကာကွယ်ကုသတဲ့ ဌာနလည်းမရှိပါဘူး။ ခွေးတွေကို စနစ်တကျမထိန်းသိမ်းနိုင်တဲ့အပြင် တိရစ္ဆာန်များမှတ်ပုံတင်ခြင်းဟာ အလေ့အထတွေမရှိဘူး။ ဆေးထိုးနိုင်တာမရှိဘူး။ အစာပဲကျွေးတဲ့အတွက်။ ဒါကြောင့်မို့လို့ ဒီကိစ္စအရေးကြီးတယ်ဖြစ်တဲ့အတွက် ကျွန်မ ဒေါက်တာသန်းအောင်စိုးရဲ့အဆိုကို ထောက်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ အလုံမဲဆန္ဒနယ်မှ ဦးရဲလွင် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးရဲလွင်(အလုံမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲလွင် ဖြစ်ပါတယ်။ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး တင်သွင်းသွားတဲ့အဆိုကိုအကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာပေါ်မှာ ဩစတေးလျနိုင်ငံနဲ့ နယူးဇီလန်နိုင်ငံတို့မှအပ အမေရိကန်နိုင်ငံအပါအဝင် ဖွံ့ဖြိုးပြီးနိုင်ငံများမှာ ခွေးရူးရောဂါဖြစ်ပွားလျက်ရှိပြီးတော့ အမေရိကန်နိုင်ငံမှာ တစ်နှစ်လျှင် လူ ၄၀၀၀၀ ခန့်က ခွေးရူးရောဂါဖြစ်ပွားမှုကြောင့် ဆေးကုသခံယူလျက်ရှိကြပါတယ်။ အာရှမှာလည်း ဂျပန်နိုင်ငံနဲ့စင်ကာပူနိုင်ငံတို့မှာနှစ်စဉ်ကာကွယ်ဆေးထိုးခြင်းဖြင့် လူနှင့်တိရစ္ဆာန်များတွင်ဖြစ်ပွားသော ခွေးရူးရောဂါကိုထိန်းချုပ်ကာကွယ်နိုင်ခဲ့ပါတယ်။ အရှေ့တောင်အာရှမှာ ခွေးရူးရောဂါထိန်းချုပ်ရေးနဲ့ပတ်သက်ပြီးတော့အမျိုးသားအဆင့် ခွေးရူးရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေးစီမံကိန်းများကို မလေးရှားနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံနှင့်ထိုင်းနိုင်ငံတို့မှာ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ ခွေးကိုက်ခံရသူများရဲ့ ၄၀ ရာခိုင်နှုန်းက အသက် ၁၅ နှစ်အောက်ကလေးများဖြစ်ကြောင်းလည်း တွေ့ရှိရပါတယ်။ မြန်မာနိုင်ငံမှာ ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ခွေးရူးပြန်ရောဂါကြောင့်သေဆုံးသူစုစုပေါင်း ၂၇၅၂ ဦးရှိခဲ့ပြီးတော့ ၂၀၁၅ ခုနှစ်မှာ ခွေးရူးပြန်ရောဂါကြောင့် သေဆုံးမှုမှာ

လူတစ်သန်းလျှင် နှစ်ဦးသေဆုံးကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၇ ခုနှစ်တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ ခွေးရူးပြန်ရောဂါကြောင့် သေဆုံးသူမှာ ၃၂ ဦးထိရှိခဲ့ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအထိ ခွေးရူးပြန်ရောဂါကြောင့် သေဆုံးသူ ၁၈ ဦးထိရှိခဲ့ပါတယ်။

ခွေးရူးပြန်ရောဂါကို အမျိုးအစားခွဲခြားကြည့်မယ်ဆိုရင် အပြင်းစားခွေးရူးပြန်ရောဂါနှင့် အကြောသေခွေးရူးပြန်ရောဂါဆိုပြီး နှစ်မျိုးခွဲခြားနိုင်ပြီးတော့ ခွေးရူးပြန်ရောဂါဝေဒနာရှင်များရဲ့ ၈၀ ရာခိုင်နှုန်းမှာ အပြင်းစားခွေးရူးပြန်ရောဂါကို ခံစားနေကြရပါတယ်။ ရောဂါလက္ခဏာများကတော့ အကိုက်ခံရတဲ့နေရာမှာ ယားခြင်း၊ နာခြင်း၊ စိတ်ဂနာမငြိမ်ဖြစ်ခြင်း၊ ငြိမ်သက်နေရာမှ ရုတ်တရက် စိတ်ဖောက်ပြန်ခြင်း၊ သရေတစီစီကျခြင်း၊ ရေကိုမြို့ချရန်ကြိုးစားတိုင်း ကြွက်သားကျုံ့တတ်သဖြင့် လည်ချောင်းအကြောဆွဲခြင်း၊ ရေကြောက်ခြင်း၊ ယက်ခပ်လိုက်ပါက လည်ချောင်းနှင့်လည်ပင်း အကြောများ ရုတ်တရက်ဆွဲသွားပြီး ကြောက်လန့်ခြင်း၊ လေကြောက်ခြင်း၊ ဆူညံသံမခံနိုင်ခြင်း၊ အလင်းရောင်ဒဏ်မခံနိုင်ခြင်းစသည်တို့ကို ခံစားရပြီးတော့ ရက်အနည်းငယ်အတွင်း သတိလစ်မေ့မြော၍ အသက်သေဆုံးသည်ထိဖြစ်တတ်ပါတယ်။

နောက်ထပ် ၂၀ ရာခိုင်နှုန်းသော ခွေးရူးရောဂါဝေဒနာရှင်များကတော့ အကြောသေခွေးရူးရောဂါကို ခံစားနေကြရပြီးတော့ ၎င်းရောဂါလက္ခဏာများကတော့ အကိုက်ခံရသည့်နေရာများမှာ ယားခြင်း၊ နာခြင်း၊ ကြွက်သားများအားနည်းခြင်း၊ အကြောသေပျော့ခွေသွားခြင်းဖြစ်တတ်ပြီးတော့ တစ်ကိုယ်လုံးတဖြည်းဖြည်းပျံ့နှံ့သွားကာ စကားပြောရန်ခက်ခဲခြင်း၊ အသက်ရှူရခက်ခဲလာခြင်း၊ အမြင်နှစ်ထပ်ဖြစ်ခြင်း၊ ကြွက်သားများထုံကျင်လာခြင်း စသည့်ရောဂါလက္ခဏာများကိုခံစားရပြီး သတိလစ်မေ့မြောကာ အသက်ဆုံးရှုံးသွားတဲ့အထိ ဖြစ်တတ်ပါတယ်။ ခွေးရူးပြန်ရောဂါကို ပျောက်ကင်းအောင်ကုသရန်ဆေးမရှိသေးသောကြောင့် ရာခိုင်နှုန်းပြည့်သေစေနိုင်သော ဒီရောဂါကိုကာကွယ်ဆေးအချိန်မီထိုးခြင်းဖြင့်သာ အပြည့်အဝကာကွယ်နိုင်မှာ ဖြစ်ပါတယ်။

ဒါကြောင့်ဆေးရုံ၊ ဆေးခန်းများမှာ ကာကွယ်ဆေးအလုံအလောက်ရှိဖို့လည်း လိုအပ်ပါတယ်။ ကာကွယ်ဆေးဟုဆိုရာတွင်လည်း မကိုက်မီကာကွယ်ဆေးထိုးခြင်းနှင့် အကိုက်ခံရပြီးမှ ကာကွယ်ဆေးထိုးခြင်းဟူ၍ နှစ်မျိုးရှိပါတယ်။ ခွေးကိုက်ခံရပြီးမှ ကာကွယ်ဆေးထိုးခြင်းကိုတော့ အကိုက်ခံရပြီးချက်ချင်း သို့မဟုတ် ၂၄ နာရီအတွင်း ပထမအကြိမ် ကာကွယ်ဆေးထိုးခြင်း၊ နောက်အကြိမ်ကာကွယ်ဆေးများကို ဆရာဝန်ညွှန်ကြားချက်အတိုင်းထိုးခြင်းဖြင့် ခွေးရူးရောဂါဖြစ်ပွားမှုက ကာကွယ်နိုင်မှာပဲဖြစ်ပါတယ်။ ခွေးရူးပြန်ရောဂါဟာ ပေါ့ပေါ့ဆဆမနေသင့်သော ရောဂါတစ်မျိုးဖြစ်ပြီး ခွေးရူးကိုက်ခံရ

သည်ဟု သံသယရှိပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသသင့်ပါတယ်။ တိရစ္ဆာန်တစ်ကောင်ကိုက်မိလျှင် မိမိအိမ်မွေးတိရစ္ဆာန်ဖြစ်နေရင်တောင် ဆရာဝန်ဆီအမြန်ဆုံး သွားရောက်ပြသသင့်ပြီး အကိုက်ခံရတဲ့ဒဏ်ရာနဲ့အခြေအနေပေါ်မူတည်ပြီး ခွေးရူးပြန်ကာကွယ်ရန် ဆေးကုသမှုခံယူသင့်၊ မခံယူသင့်ဆုံးဖြတ်ဖို့လိုပါတယ်။ ဒါကြောင့် အိမ်မွေးတိရစ္ဆာန်များဖြစ်တဲ့ ခွေးနဲ့ ကြောင်များအား ကြိုတင်ကာကွယ်ဆေးထိုးထားခြင်းမှလည်း ရောဂါမဖြစ်ပွားအောင်ကာကွယ်သည့် အကောင်းဆုံးနည်းလမ်းတစ်ခုဖြစ်ပါတယ်။

ခွေးရူးရောဂါကာကွယ်ရေးတွင် ပြည်သူလူထုအသိပညာပေးခြင်း၊ အိမ်မွေးကြောင်များ၊ အိမ်မွေးခွေးများအား ကာကွယ်ဆေးထိုးခြင်း၊ ခွေးလေခွေးလွင့်ပေါက်ဖွားမှုကို ထိန်းချုပ်ခြင်းနှင့် ပိုင်ရှင်မဲ့ခွေးလေခွေးလွင့်များအား သုတ်သင်ရှင်းလင်းမှုသည် အထူးအရေးကြီးလိုအပ်ပါတယ်။ မိမိတို့ ကျွေးမွေးထား၍ ပေါက်ဖွားလာသည့်ခွေးများ လမ်းသွားလမ်းလာများကို အနှောင့်အယှက်ပေးပါက ကိုယ်နဲ့မဆိုင်သလိုနေထိုင်ခြင်း၊ ၎င်းခွေးများရောဂါတစ်ခုခုဖြစ်ပွားခဲ့လျှင် ကိုယ်ကျွေးမွေးခဲ့သည့် ခွေးဟု အသိအမှတ်မပြုခြင်းများကိုလည်း တချို့နေရာတော်တော်များများမှာ တွေ့မြင်နေကြရပါတယ်။ ဒါကြောင့် ပြည်သူလူထုအနေနဲ့ ခွေးကိုက်မခံရစေရန် သတိပြုနေထိုင်ခြင်း၊ မိမိအိမ်တွင် ခွေး၊ ကြောင် များ မွေးထားလျှင် ကာကွယ်ဆေးထိုးပေးထားခြင်း၊ ခွေး၊ ကြောင်များအား စနောက်ခြင်းနှင့် လက်ပွန်း တတီးနေခြင်းမှရှောင်ကျဉ်ခြင်း၊ မိဘအုပ်ထိန်းသူများအနေဖြင့်လည်း ကလေးများခွေးကိုက်မခံရ စေရန်ဂရုစိုက်ခြင်း၊ တာဝန်ရှိသူများအနေဖြင့် ခွေးလေ၊ ခွေးလွင့်များကို ဖမ်းဆီး၍ သင့်လျော်ရာ စခန်း များတွင် ထိန်းသိမ်းထားခြင်း သို့မဟုတ် သုတ်သင်ရှင်းလင်းခြင်း၊ လေလွင့်ခွေးမျိုးပွားမှုကို ထိန်းချုပ် ခြင်း၊ ခွေး/ကြောင်မွေးမြူသူများအား ခွေး/ကြောင်အကိုက်ခံရပါက အဆင့်ဆင့်သတင်းပို့ခြင်း၊ ခွေးရူး ရောဂါကာကွယ်ဆေး အချိန်မီထိုးနိုင်ခြင်းစသည့်နည်းလမ်းများဖြင့် ခွေးရူးရောဂါကို ကာကွယ်ဖို့လိုအပ် ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းမှ နှစ်စဉ် စက်တင်ဘာလ ၈ ရက်နေ့ကို ခွေးရူးရောဂါနေ့အဖြစ် သတ်မှတ်၍ ခွေးရူးရောဂါနေ့ကာကွယ်နှိမ်နင်းခြင်းများကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်လျက်ရှိရာ ယခုနှစ်ရဲ့ဆောင်ပုဒ်မှာ ခွေးရူးရောဂါကာကွယ်ဖို့ သတင်းစကားမျှဝေကာ အသက်ကယ်စို့ ဟူ၍ ဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ အဖွဲ့ဝင်နိုင်ငံများအနေနဲ့ ၂၀၃၀ ပြည့်နှစ်တွင် ကမ္ဘာ့နိုင်ငံ များတွင် ခွေးရူးရောဂါကြောင့် သေဆုံးမှုလုံးဝမရှိစေရေးအတွက် ရည်မှန်းချက်ထားဆောင်ရွက်လျက် ရှိရာ မြန်မာနိုင်ငံမှာလည်း ခွေးရူးပြန်ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းကို ၁၉၉၇ ခုနှစ်က

စတင်ကာ စောင့်ကြပ်ကြည့်ရှုရသောရောဂါ ၁၇ မျိုးတွင်ထည့်သွင်း၍ ကျေးလက်ဌာနခွဲအဆင့်မှ ဗဟို အဆင့်ထိသတင်းပို့စနစ်ဖြင့် ဆောင်ရွက်လျက်ရှိတယ်လို့ သိရှိရပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့်လည်း ခွေးရူးပြန်ရောဂါဖြစ်ပွားသေဆုံးမှုအား လျှော့ချနိုင်ရန်အတွက် ကျန်းမာရေးပညာပေး လုပ်ငန်းများ ပိုမိုအားဖြည့်ဆောင်ရွက်ခြင်း၊ ဌာနဆိုင်ရာများ၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်မှုတိုးမြှင့်ဆောင်ရွက်ခြင်း၊ ပြည်သူလူထုမှာလည်း ခွေးရူးပြန်ရောဂါကာကွယ်နိုင်ရေး လုပ်ငန်းများကို သက်ဆိုင်ရာဝန်ကြီးဌာနများ၏ နှိုးဆော်ချက်များအား ပူးပေါင်းလိုက်နာဆောင်ရွက် ခြင်းဖြင့် ခွေးရူးပြန်ရောဂါအန္တရာယ်များ ကင်းဝေးနိုင်ပါစေကြောင်း ပြောကြားရင်း ဒေါက်တာ သန်းအောင်စိုး၏အဆိုအား လေးလေးနက်နက်ထောက်ခံအကြံပြုဆွေးနွေးရင်း နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်ခင်စိုးစိုးကြည်(ပြည်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါရှင်။ ကျွန်မကတော့ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်စိုးစိုးကြည် ဖြစ်ပြီး မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုးရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာ ဖြစ်ပါတယ်။ အဆိုကို အပိုင်းနှစ်ပိုင်းခွဲပြီး ဆွေးနွေးလိုပါတယ်။ ပထမပိုင်းအနေနဲ့က ကျွန်မတို့နိုင်ငံရဲ့ ဓလေ့ထုံးစံနဲ့ ခွေးရူးရောဂါအပေါ်ထားရှိတဲ့ နားလည်မှုသဘောထားဖြစ်ပါတယ်။ ဒုတိယအချက် ကတော့ ရောဂါဖြစ်ပွားမှုကို ဘာကြောင့်လျှော့ချဖို့လိုအပ်သလဲဆိုတဲ့အချက်နဲ့ ဘယ်လိုဆောင်ရွက် ကြမလဲဆိုတဲ့အပိုင်းပဲဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးရှင်။ ကျွန်မတို့မွေးမြူကြတဲ့ အိမ်မွေးတိရစ္ဆာန်တွေထဲမှာ ခွေးကလေးများနှင့်ကြောင်များဟာ ရာခိုင်နှုန်းအများဆုံးဖြစ်ပါတယ်။ ဒီအထဲမှာ ခွေးကလေးများဟာ ချစ်စရာကောင်းပြီးတော့ သူတို့ဟာ သင်ကြားပေးရင်တတ်မြောက်လွယ်တယ်။ မှတ်သားနိုင်မှုစွမ်းအား လည်း မြင့်မားတာဖြစ်တဲ့အတွက် ကျွန်မတို့အတွက် အကူအညီအရဆုံးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့ဟာ အိမ်အတွက်လုံခြုံရေးလေးသာမက လုံခြုံရေးတပ်ဖွဲ့တွေဟာ ရန်သူ့သတင်းရှာဖွေဖို့၊ မိုင်းရှာဖို့ လုပ်ငန်းများမှာအသုံးချနိုင်တဲ့အတွက် ထောက်လှမ်းရေးတပ်ဖွဲ့များအတွက် အလွန်သစ္စာ ရှိတဲ့ ရဲဘော်ရဲဘက်များလည်းဖြစ်ပါတယ်။

တချို့မိသားစုတွေဆိုရင် ခွေးကလေးတွေဟာ သူတို့ရဲ့မိသားစုဝင်တစ်ဦးလို သတ်မှတ်ပြီးတော့ နေထိုင်ကြတာဖြစ်ပါတယ်။ ဒီလို ရင်းနှီးလှတဲ့အတွက် ဒီခွေးတွေ၊ ကြောင်တွေက ကူးစက်တဲ့ ခွေးရူးရောဂါကို ကျွန်မတို့နိုင်ငံမှာ သိပ်အလေးမထားတတ်ကြပါဘူး။ ခွေးရူးရောဂါရဲ့အန္တရာယ် ကြီးမားမှုကိုလည်း မေ့လျော့နေတတ်ကြတာထုံးစံဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်မွေးထားတဲ့ ခွေးတွေ၊ ကြောင်တွေကို ကာကွယ်ဆေးထိုးဖို့ဆိုတာ မြို့ပေါ်မှာရှိတဲ့ လူနည်းစုလောက်ကပဲလုပ်တဲ့ အလေ့အကျင့်ဖြစ်တာကို တွေ့ရပါတယ်။ ဒါ့အပြင် ကျွန်မတို့ရဲ့ နိုင်ငံသားအများစုဟာ ကျန်းမာရေး အသိပညာနဲ့ပတ်သက်ရင် အားနည်းကြတာကို ဆက်လက်ဆွေးနွေးလိုပါတယ်။ ခွေးရူးရောဂါနဲ့ ပတ်သက်ရင်လည်း သိရှိနားလည်တဲ့အချက်တွေဟာ လွဲမှားနေတတ်ပါတယ်။ ခွေးရူးကိုက်မှ ခွေးရူး ရောဂါဖြစ်တာ ခွေးကောင်းကိုက်ရင် ဘာမှပြဿနာမရှိဘူးလို့ ထင်မှတ်ကြပါတယ်။ အဆိုရှင်ဆွေးနွေး သွားသလိုပါပဲ။ ခွေးရဲ့သွားနဲ့ခြစ်မိရုံလောက်ဆိုရင်တော့ လုံးဝအလေးမထားကြပါဘူး။ ကျန်းမာရေး ဌာန၊ ဆေးရုံ၊ ဆေးခန်းကို မသွားကြပါဘူး။ အဲဒီလိုမသွားရတဲ့အကြောင်းအရင်းတစ်ချက်ထဲမှာ ယခင် တုန်းက ခွေးရူးကာကွယ်ဆေးထိုးရတယ်ဆိုလို့ရှိရင် ချက်ရဲ့ပတ်လည်မှာ တစ်နေ့တစ်လုံးနဲ့ ၁၄ ရက် ထိုးကြရပါတယ်။ ဒါဟာ နာလည်းနာတဲ့အပြင် သုံးလုံးမြောက်လောက်ကစပြီးတော့ ချက်ပတ်လည်မှာ နီရဲရောင်ရမ်းတယ်။ တချို့ဆိုရင် ဖျားတဲ့အထိခံစားရတယ်။ ဒါကိုကြောက်တဲ့အတွက်လည်း ကျွန်မတို့ရဲ့ ပြည်သူတွေဟာ ဆေးရုံ၊ ဆေးခန်းမသွားကြတာ ပါပါတယ်။ ဒါကြောင့်မို့လို့ ခွေးကိုက်တာကတော့ ပြဿနာမရှိပါဘူး။ မြန်မာ့ဓလေ့အရ ရေမန်းသောက်မယ်၊ အုန်းသီးနဲ့မန်းမယ်၊ ဆေးမှုန့်သိပ်တယ်။ ဒါတွေကို ဆောင်ရွက်ကြပါတယ်။ ဒါပေမဲ့ ယခုအချိန်ထိ ကိုယ့်ကိုကိုက်တဲ့ခွေးဟာ ခွေးရူးကာကွယ်ဆေး မထိုးထားဘူးဆိုရင် မိမိကလည်း ခွေးရူးပြန်နိုင်ခြေရှိတယ်ဆိုတာကို မသိတဲ့သူကတော့ များနေဆဲ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီလိုအလေးမထားမိရာက ကာကွယ်ဆေးမထိုးမိလို့ရှိရင် ခွေးရူးပြန်ပြီ ဆိုရင်တော့ ရာခိုင်နှုန်းပြည့်နီးပါးသေဆုံးကြရတာဖြစ်ပါတယ်။ ကျွန်မတို့ငယ်စဉ်ကျောင်းတက်တုန်းက ကျွန်မတို့ဆရာကပြောဖူးတာရှိပါတယ်။ ခွေးရူးပြန်ရောဂါဟာ ခွေးရူးကောင်းစား တစ်မွန်းတည့်ဆိုတဲ့ အတိုင်းပဲ ၂၄ နာရီထက်ကျော်ပြီးတော့ ခွေးရူးပြန်ပြီဆိုရင် အသက်ရှင်ဖို့ခက်ခဲပါတယ်။ ပြီးတော့ ခံစားရတဲ့ဝေဒနာတွေကလည်း ပြင်းထန်ပါတယ်။ ဦးနှောက်အာရုံကြောတွေကိုထိခိုက်တာမို့လို့ အကြောသေတာရှိသလို တက်တဲ့ဝေဒနာကိုလည်း နောက်ဆုံးအချိန်မှာ အပြင်းအထန်ခံစားကြပါတယ်။ ဆေးနဲ့ထိန်းချုပ်လို့မရတဲ့အခါ ကျွန်မတို့က ခုတင်မှာတုတ်နှောင်ထားတဲ့အထိ လုပ်ကြရပါတယ်။ ရေငတ်လှပေမဲ့ ရေကိုမြို့ချလို့မရတာဖြစ်တဲ့အတွက် အလွန်သနားစရာကောင်းပါတယ်။ ခွေးရူးရောဂါ

က တိရစ္ဆာန်ကသာ လူကိုကူးစက်တာဖြစ်ပြီး လူလူချင်းမကူးစက်ပါဘူးလို့ ဘယ်လိုပင်ပြောပေမဲ့ ဒီလိုဝေဒနာတွေကိုမြင်တဲ့ ကျွန်မတို့ရဲ့ဝန်ထမ်းတွေဟာ လူနာကိုပြုစုပေးရာမှာလည်း စိုးရိမ်ကြောက်ရွံ့ကြတာအမှန်ပဲဖြစ်ပါတယ်။ ဒါပေမဲ့ ခွေးရူးရောဂါဟာ ခွေးကိုက်ပြီးလို့ ရက် ၂၀ လောက်ကစပြီး နောက်ပိုင်းနှစ်ချီကြာတာဖြစ်တဲ့အတွက် ခွေးရူးရောဂါကို ကျွန်မတို့က အလေးမထားတာလည်း ပါပါတယ်။ ဒါကြောင့်မို့လို့ ပြည်သူတွေကိုသိစေချင်တာတော့ မိမိကိုကိုက်တဲ့ခွေးဟာ ကောင်းနေပေမဲ့လည်း ဒီခွေးဟာကာကွယ်ဆေးမထိုးထားရင် သူ့ရဲ့တံတွေးရည်ထဲမှာ ခွေးရူးရောဂါပိုးပါလာနိုင်ခြေရှိတဲ့အတွက် ကာကွယ်ဆေးထိုးကိုထိုးရမှာဖြစ်ပါတယ်။

ဒုတိယပိုင်းအနေနဲ့တော့ ခွေးရူးရောဂါဖြစ်ပွားမှုကို ကျွန်မတို့က ဘာကြောင့်လျှော့ချဖို့ လိုအပ်သလဲဆိုတဲ့အချက်ပါပဲ။ ပထမအချက်အနေနဲ့တော့ ရှေ့ကကိုယ်စားလှယ်တွေဆွေးနွေးသွားတဲ့အတိုင်း ခွေးကိုက်ခံရတဲ့သူတွေဟာ ၁၅ နှစ်အောက်ကလေးတွေက များနေတဲ့အချက်ပါ။ နောက်တစ်ခုကတော့ ခွေးရူးပြန်ရင် အသက်ဆုံးရှုံးဖို့က ရာနှုန်းပြည့်ဖြစ်တဲ့အပြင် လူကိုကိုက်ပြီးမှ လူကိုထိုးမယ့်ကာကွယ်ဆေးဟာ အခုအချိန်မှာဆိုရင် ယခင်ဆေးတွေလိုနာကျင်မှုမရှိတော့ပေမဲ့လည်း ကုန်ကျစရိတ်ကလည်း များပါတယ်။ ခွေးရူးရောဂါကာကွယ်ဆေးအတွက် တစ်ယောက်အတွက် ကျပ် ၅၀၀၀၀၊ ၆၀၀၀၀ လောက်ကုန်ကျတာဖြစ်ပါတယ်။ နိုင်ငံတော်ကလည်း လုံလောက်အောင်ထောက်ပံ့ပေးနိုင်ဖို့အတွက် ဘဏ္ဍာငွေကတော့ အကန့်အသတ်ရှိနေပါသေးတယ်။

ဒါကြောင့်မို့လို့ ခွေးတွေကိုကာကွယ်ဆေးထိုးထားမယ်ဆိုလို့ရှိရင် တစ်နှစ်တစ်ခါပဲ ထိုးရမှာဖြစ်ပြီးတော့ ပုံမှန်အခုက ကျပ် ၃၀၀၀၊ ၅၀၀၀ လောက်သာ ကုန်ကျပါတယ်။ ဒါကြောင့်မို့လို့ ခွေးအများစုအတွက် စီမံချက်နဲ့ထိုးနှံမယ်ဆိုရင်တော့ ဒီ့ထက်သက်သာမှာဖြစ်ပါတယ်။ ကျွန်မတို့နိုင်ငံမှာ ဒါကြောင့်မို့လို့ ပထမဦးဆုံးလုပ်သင့်တာကတော့ ခွေးမွေးသူတိုင်းဟာ ကိုယ့်ရဲ့ခွေးကို တစ်နှစ်တစ်ခါ ကာကွယ်ဆေးထိုးဖို့လိုတယ်ဆိုတာကို အသိပညာပေးဖို့ကို ကျွန်မတို့ကျန်းမာရေးဝန်ကြီးဌာနနဲ့ တိမွေးကုဌာနက ဆောင်ရွက်သင့်ပါတယ်။ တကယ်လို့ဆေးထိုးဖို့လိုအပ်လာပြီဆိုလို့ရှိရင်လည်း ကိုယ့်ခွေးကိုဆေးထိုးဖို့ အလွယ်တကူထိုးနိုင်အောင် ချိတ်ဆက်ဆောင်ရွက်နိုင်အောင်လို့လည်း စီစဉ်ဆောင်ရွက်ပေးသင့်ပါတယ်။

ဒုတိယတစ်ချက်အနေနဲ့ကတော့ လမ်းပေါ်မှာရှိတဲ့ပိုင်ရှင်မဲ့ခွေးတွေကို ဘယ်လိုလုပ်ဆေးထိုးကြမလဲ။ သူတို့တွေ တိုးပွားမလာအောင် ကျွန်မတို့ ဘယ်လိုဆောင်ရွက်ကြမလဲ။ ဒါကတော့ တော်တော်လေးကို လုပ်ကိုင်ဖို့ခက်ခဲတယ်ဆိုတာလည်းသိပါတယ်။ ဒါပေမဲ့လည်း မဖြစ်မနေ

ဆောင်ရွက်ကိစ္စထဲမှာလည်း ပါနေတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်မတို့က ကိုယ့်မြို့နယ်အလိုက် ပြည်သူတွေနဲ့အတူ အားလုံးပူးပေါင်းဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်တစ်ခုဖြစ်ပါတယ်။ ဒီအခါမှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စည်ပင်၊ အုပ်ချုပ်ရေးက အဆင့်ဆင့်၊ တစ်ခါ တိရစ္ဆာန်ကာကွယ်စောင့်ရှောက်တဲ့သူတွေ၊ ခွေးချစ်တဲ့သူတွေ နိုင်ငံတကာအဖွဲ့အစည်းတွေ အားလုံးဟာမြို့နယ်အလိုက်ပူးပေါင်းဆောင်ရွက်ကြဖို့ လိုအပ်နေပါတယ်။ ခွေးရူးရောဂါကြောင့် သေဆုံးရတဲ့သူဟာ ကိုးမိနစ်မှာ တစ်ယောက်လောက်ဖြစ်နေတဲ့အတွက် အာဆီယံ ဒေသတွင်းရော တစ်ကမ္ဘာလုံးကပါ နည်းဗျူဟာတွေရေးဆွဲပြီးတော့ ဆောင်ရွက်လျက်ရှိတာကို တွေ့ရပါတယ်။

ကျွန်မတို့နိုင်ငံအနေနဲ့လည်း ခွေးများမှာခွေးရူးရောဂါဖြစ်ပွားမှုလျှော့ချဖို့အတွက် အမျိုးသား စီမံကိန်း (၂၀၁၈-၂၀၃၀) ကိုရေးဆွဲထားပါတယ်။ ၂၀၃၀ ခုနှစ်မှာ ခွေးရူးရောဂါကြောင့် သေဆုံးသူ မရှိရေးကိုလည်း ဆောင်ရွက်လျက်ရှိပါတယ်။ ယခုအခါမှာ စတင်ဆောင်ရွက်နေတာဟာ လယ်ဝေး၊ ညောင်ဦး၊ မှော်ဘီသုံးမြို့နယ်ပဲ ဖြစ်ပါတယ်။ ဒါကိုဆိုရင် ကျွန်မတို့က နောက်ထပ်ဘယ်နှစ်မြို့နယ်ကို နှစ်အလိုက် တိုးချဲ့ဆောင်ရွက်မလဲ။ ဒါကိုလည်း စီစဉ်ဆောင်ရွက်သင့်သလို ကိုယ့်မြို့နယ်အလိုက် ကိုယ်စားလှယ်များပါ ပူးပေါင်းပါဝင်ပြီးတော့မှ ယခုလက်ရှိအချိန်မှာလည်း တတ်နိုင်သရွေ့ပူးပေါင်း ဆောင်ရွက်ဖို့ တိုက်တွန်းရင်းနိဂုံးချုပ်လိုက်ရပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစံရွှေဝင်း(ရေကြည်မဲဆန္ဒနယ်)**။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုအဆင့် ဝန်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာစံရွှေဝင်း ဖြစ်ပါတယ်။ ဒေါက်တာသန်းအောင်စိုးရဲ့အဆိုနဲ့ ပတ်သက်ပြီးတော့ ကျွန်တော့်အနေနဲ့ တင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ခွေးရူး ပြန်ရောဂါဟာ ကမ္ဘာပေါ်မှာရှိတဲ့ရောဂါ ၁၈ မျိုးနဲ့အတူ အမေ့လျော့ခံရောဂါတစ်ခုအဖြစ်နဲ့ အချိန် ကြာမြင့်စွာရပ်တည်ခဲ့ရတဲ့အတွက် အခုချိန်မှာဆိုရင်တော့ ကျွန်တော်တို့နိုင်ငံအတွက် အခြေအနေ တစ်ခုကိုတော့ ပြန်လည်လုပ်ရမယ်ဆိုတဲ့ အခြေအနေတစ်ခုကို ရောက်ရှိလာတာဖြစ်ပါတယ်။ သာမန် အားဖြင့် မြန်မာလိုကတော့ ခွေးရူးပြန်ရောဂါလို့ခေါ်ပေမယ့် အင်္ဂလိပ်လို Rabies လို့ခေါ်ပြီး ခွေးတင်မကဘူး တခြားသောတိရစ္ဆာန်အများအပြားရဲ့ ကိုက်တာတွေလည်း ခွေးရူးပြန်ရောဂါ ဖြစ်နိုင်

ပါတယ်။ ဒီ Rabies ရောဂါဖြစ်လို့ရှိရင်တော့ သေဆုံးမှုနှုန်းကတော့ ၉၀ ရာခိုင်နှုန်းမက ၁၀၀ ရာခိုင်နှုန်းရှိပါတယ်။ တစ်ကမ္ဘာလုံးမှာတော့ ခွေးရူးပြန်ရောဂါကြောင့် အသက်ရှင်တဲ့လူဟာ အခုချိန်ထိ တရားဝင်ရှစ်ယောက်ပဲ ရှိပါတယ်။ ခုနစ်ယောက်ကတော့ ခွေးကိုက်လို့ဖြစ်ပြီးတော့ တစ်ယောက်ကတော့ လင်းနို့ကိုက်လို့ဖြစ်ပါတယ်။ အကိုက်ခံရဖို့ ဒီလိုကယ်တင်ဖို့အတွက်လည်း အကုန်အကျတွေ၊ စရိတ်တွေမျိုးစုံ ကျွန်တော်တို့ကုန်တာဖြစ်တဲ့အတွက် မဖြစ်ခင်ကြိုတင်ကာကွယ်ခြင်းကိုလည်း အလေးအနက်ဆောင်ရွက်သင့်တဲ့ ရောဂါတစ်ခုဖြစ်ကြောင်း တင်ပြလိုပါတယ်။ ကျေးဇူးပြုပြီး Power Point ဖြင့်တင်ပြခွင့်ပြုပါခင်ဗျား။

မြန်မာနိုင်ငံကိုကြည့်လိုက်တဲ့အခါကျတော့ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအတွင်းမှာ ခွေးကိုက်ခံရတာအများဆုံးဖြစ်ပါတယ်။ ကျန်းမာရေးဌာနရဲ့ စာရင်းများအရတော့ ၂၀၁၇ ခုနှစ်မှာ လူနှစ်သိန်းနီးပါးနဲ့ ၂၀၁၈ ခုနှစ်မှာလည်း တစ်သိန်းခွဲကျော်ကျော်အထိ ခွေးကိုက်ခံနေရတာကို ကျွန်တော်တို့တွေ့ရပါတယ်။ ဒီနေရာမှာ စာရင်းမဲ့၊ အင်းမဲ့ပုဂ္ဂိုလ်တွေလည်း အများကြီးပါနိုင်တာဖြစ်တဲ့အတွက် ဒီထက်ပိုများမယ်လို့ ကျွန်တော်တို့ယူဆရပါတယ်။ တစ်ပြိုင်နက်ထဲမှာ ကာကွယ်ဆေးဖြန့်ဖြူးမှုအခြေအနေမှာ ၂၀၁၇ ခုနှစ်မှာ အလုံးပေါင်း လေးသိန်းခွဲကျော်၊ ၂၀၁၈ ခုနှစ်အတွင်းမှာ အလုံးပေါင်း ၃၈၀၀၀၀ ကျော် ဖြန့်ပေးနိုင်ခဲ့တာဖြစ်ပါတယ်။ နောက်တစ်ခုကတော့ ခွေးရူးပြန်ရောဂါမဖြစ်အောင်ကာကွယ်တဲ့နစ်မှာ ကာကွယ်ဆေးတစ်ခုတည်းသာမကဘဲနဲ့ ဆိုးဝါးတဲ့အခြေအနေ RIG လို့ခေါ်တဲ့ Rabies Immunoglobin ဆိုတာ ထည့်ပေးရပါတယ်။ ဒီပစ္စည်းနဲ့ထည့်မယ်ဆိုရင်လည်း ပြီးခဲ့နှစ် နှစ်နှစ်အတွင်းမှာ ဖြန့်ဝေပေးတဲ့ဆေးလုံးအရေအတွက် ဖြစ်ပါတယ်။ အဲဒီတော့ ခွေးကိုက်ခံရလို့ရှိရင် ကျွန်တော်တို့က အဆင့်သုံးဆင့်သတ်မှတ်ထားတာ ရှိပါတယ်။ ပထမကတော့ သာမန်အဆင့်၊ ဒုတိယကတော့ နည်းနည်းဆိုးဝါးအဆင့်နဲ့ နောက်ဆုံးကတော့ အဆိုးဝါးဆုံးအဆင့်ဖြစ်ပါတယ်။ အဆိုးဝါးဆုံးအဆင့်မှာတော့ ကာကွယ်ဆေးတစ်ခုတည်းသာမကဘဲနဲ့ ပဋိပစ္စည်းကိုပါ ထိုးနှံပေးရတာဖြစ်တယ်။ ကုန်ကျစရိတ်များကိုလည်း ခန့်မှန်းကုန်ကျစရိတ်များကိုလည်း ဘေးမှာဖော်ပြထားတာဖြစ်ပါတယ်။ ခွေးရူးပြန်ရောဂါကာကွယ်ဆေးတစ်လုံးရဲ့တန်ဖိုးကတော့ သာမန်အားဖြင့် ၁၂၀၀၀ လောက်ရှိပြီးတော့ ပဋိပစ္စည်းတစ်လုံးရဲ့တန်ဖိုးက ၁၆၅၀၀ လောက်ရှိတာဖြစ်ပါတယ်။ နှစ်မျိုးလုပ်လို့ရပါတယ်။ တစ်ခုကတော့ ပုံမှန်ကတော့ ကြွက်သားထဲမှာထိုးနေတာဖြစ်ပါတယ်။ နောက်ပိုင်းမှာတော့ အရေပြားထဲကို ထိုးနှံရမယ့်ကိစ္စတွေကိုလည်း ဆောင်ရွက်နေတာရှိပါတယ်။ ကြွက်သားထဲကို ထိုးနှံမယ်ဆိုရင် လူတစ်ယောက်အတွက် ၃၆၀၀၀ လောက်ကုန်ပြီးတော့ အရေပြားထဲ

ကိုထိုးမယ်ဆိုရင်တော့ ၁၂၀၀၀ လောက်ပဲကုန်ကျတာဖြစ်ပါတယ်။ ဒါကတော့ တရားဝင်ကျန်းမာရေး ဦးစီးဌာနရယ်၊ ကုသရေးဌာနရယ် ထုတ်ပြန်ချက်ဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်အတွင်းမှာ ၁၅၂ ယောက် သေဆုံးပြီးတော့ ၂၀၁၈ ခုနှစ်အတွင်းမှာတော့ ၆၉ ယောက်သေဆုံးတာဖြစ်ပါတယ်။ ကမ္ဘာ့ကျန်းမာရေး အဖွဲ့ရဲ့ Estimated ကတော့ တစ်နှစ်ကို လူ ၁၀၀၀ လောက် ကျွန်တော်တို့တိုင်းပြည်မှာ သေနေတယ် ဆိုပြီးတော့ ပြောနေတာဖြစ်ပါတယ်။

ဒါကတော့ ခွေးရူးပြန်ရောဂါကာကွယ်ရေးအတွက် ဆောင်ရွက်နိုင်မယ့်အခြေအနေတွေကို တင်ပြထားခြင်းဖြစ်ပါတယ်။ ပထဆုံးလူမှာဆိုရင်တော့ နှစ်မျိုးဆောင်ရွက်လို့ရပါတယ်။ ပထမတစ်ခု ကတော့ ခွေးကိုက်မခံရမီ ခွေးနဲ့ထိတွေ့မှုများတဲ့လူတွေ ကြိုတင်ကာကွယ်ဆေးနှံတဲ့ကိစ္စဖြစ်ပြီးတော့ ဒုတိယအချက်ကတော့ စောစောကတင်ပြသလို ခွေးကိုက်ခံရပြီးတဲ့ နောက်မှာ အခြေအနေသုံးခု ပေါ်မှာမူတည်ပြီးတော့ ကာကွယ်ဆေးထိုးခြင်း၊ ခွေးရူပြန်ပဋိဇီဝတွေ ထိုးပေးခြင်းဆိုတဲ့ ကိစ္စလေးတွေ ကို ဆောင်ရွက်ပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ တကယ့်တကယ် ကျွန်တော်တို့အရေးကြီး ဆောင်ရွက်ရာမှာတော့ ခွေးနဲ့ပတ်သက်နဲ့ကိစ္စဖြစ်ပါတယ်။ ခွေးနဲ့ပတ်သက်တဲ့ ကိစ္စမှာ အဓိကအားဖြင့် လေးမျိုးဆောင်ရွက်နိုင်ပါတယ်။ (၁)ကတော့ ခွေးတွေအားလုံးကို ကာကွယ်ဆေးထိုးပေးဖို့ဖြစ်ပါ တယ်။ ဒီလိုကာကွယ်ဆေးထိုးဖို့ဆိုတာလည်း အပြောလွယ်ပေမယ့် အလုပ်အင်မတန်ခက်ပါတယ်။ စောစောက ကိုယ်စားလှယ်တစ်ဦးတင်ပြထားသလို လက်ရှိကျွန်တော်တို့ မြန်မာနိုင်ငံမှာ ခွေးအများကြီးကိုထိုးပေးနိုင်တာ သုံးမြို့နယ်ပဲရှိပါသေးတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ မြို့နယ်ပေါင်းတွေနဲ့ ချိန်ကြည့်လိုက်လို့ရှိရင် နှစ်ပေါင်းများစွာထိ ဆက်လုပ်နေရဦးမှာဖြစ်ပါတယ်။ သို့သော်လည်း ဒီကာကွယ်ဆေးထိုးပေမယ့် ခွေးတွေဟာ ခွေးရူးပြန်ရောဂါမရနိုင်ပေမယ့် သူတို့ရဲ့ တိုက်ခိုက်မှု၊ သူတို့ရဲ့ကိုက်ခဲမှုတွေကိုတော့ ရှောင်လွှဲနိုင်မှာမဟုတ်တဲ့အတွက် ဒါလည်း စဉ်းစားစရာအချက်တစ်ခု အဖြစ်နဲ့ ကျွန်တော့်အနေနဲ့တင်ပြလိုပါတယ်။ ဒုတိယတစ်ချက်ကတော့ ခွေးခြံတွေ၊ ခွေးဂေဟာတွေ စသည်ဖြင့် ဒါတွေထူထောင်ဖို့ဖြစ်ပါတယ်။ ဒီလိုထူထောင်ဖို့ကလည်း ခွေးတွေကို ကျွန်တော်တို့က ကျွေးမွေးသုတ်သင်ရမယ့်စရိတ်တွေ အများကြီးရှိတာဖြစ်တဲ့အတွက် အများကြီးစဉ်းစားစရာဖြစ်တဲ့ အကြောင်းတစ်ခု ဖြစ်ပါတယ်။ တတိယတစ်ချက်ကတော့ သားဆက်ခြားအောင် ဆောင်ရွက်ပေးခြင်း ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာတော့ ခွဲစိပ်ပြီးတော့ သားဆက်ခြားခြင်း၊ ဆေးထိုးပေးခြင်းနဲ့ ဓာတုပစ္စည်းများနဲ့သားဆက်ခြားခြင်းဆိုပြီးတော့ အဓိကဆောင်ရွက်ပေးနိုင်တဲ့ သုံးခုရှိပါတယ်။ ဒီသုံးခု ထဲမှာတော့ တချို့မြို့နယ်တွေမှာ ခွေးချစ်သူများနဲ့ပေါင်းပြီးတော့ ဒါတွေကို ဆောင်ရွက်နေတာ ဖြစ်ပါ

တယ်။ နောက်ဆုံးအဆင့်ကတော့ အကြင်နာဖြင့်သုတ်သင်ခြင်းဖြစ်ပါတယ်။ ခွေးတွေကိုသုတ်သင်ဖို့ ဖြစ်ပါတယ်။ သို့သော် ဒီကိစ္စနဲ့ပတ်သက်လို့လည်း တစ်နိုင်ငံလုံးမှာရှိတဲ့ ခွေးချစ်သူများအနေနဲ့ ဒါတွေကို ကန့်ကွက်တာတွေ၊ မကျေနပ်တာတွေစသည်ဖြင့် အများကြီးဖြစ်တဲ့ ကိစ္စတွေလည်းရှိနေပါတယ်။ ကျွန်တော်တို့ဘက်က ဒါတွေကိုစဉ်းစားတဲ့အခါမှာ ဒီအချက်လေးချက်ထဲမှာ ကျွန်တော်တို့တိုင်းပြည် အတွက် ဘယ်ဟာကိုဆောင်ရွက်ရမလဲ၊ ဘယ်ဟာကို ထိထိရောက်ရောက် ဆောင်ရွက်မလဲဆိုတာ အဓိကစဉ်းစားဖို့လိုတယ်ဆိုတဲ့အကြောင်းလေး တင်ပြလိုပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်း ဌာနပေါင်းစုံပူးပေါင်းဆောင်ရွက်မှသာလျှင် ခွေးရူးပြန်ရောဂါကို ကာကွယ်နိုင်မှာဖြစ်တဲ့အကြောင်း လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လှိုင်မဲဆန္ဒနယ်မှ ဦးအောင်ကျော်ကျော်ဦး ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးအောင်ကျော်ကျော်ဦး(လှိုင်မဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ လှိုင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ကျော်ဦးဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ခွေးရူးရောဂါဖြင့် ၁၀၀ ရာခိုင်နှုန်းသေပါတယ်။ တစ်ယောက်မှ ရှင်တဲ့လူ မရှိပါဘူး။ ရန်ကုန်မြို့ရဲ့လမ်းမတော်တော်များများမှာ ခွေးလေခွေးလွင့်များ ကြီးစိုးနေပါတယ်။ ညဥ့်နက် ချိန်မှာ အလုပ်ကပြန်လာသူများ အကြောင်းတစ်ခုခုကြောင့် ဟိုဟိုဒီဒီသွားလာသူများအတွက် အမြဲတမ်း ခြိမ်းခြောက်ခံနေရတဲ့ အခြေအနေဖြစ်ပါတယ်။ ခွေးလေခွေးလွင့်ပြဿနာဟာ ရန်ကုန်တစ်မြို့ထဲတင် မဟုတ်ဘဲနဲ့ တစ်နိုင်ငံလုံးအတိုင်းအတာအထိ ပြဿနာတစ်ခုဖြစ်နေပါတယ်။ မွေးမြူရေးနှင့် ဆေးကုသရေးဦးစီးဌာန ပညာရှင်များလေ့လာတွေ့ရှိချက်အရ မြန်မာနိုင်ငံမှာရှိတဲ့ ခွေးလေခွေးလွင့် များထဲက ၇၅ ရာခိုင်နှုန်းဟာ ခွေးရူးရောဂါပိုးရှိတယ်လို့ ဆိုပါတယ်။ ခွေးလေခွေးလွင့်လေးကောင်မှာ သုံးကောင်က ခွေးရူးရောဂါပိုးရှိတဲ့သဘော ဖြစ်ပါတယ်။ ခွေးကိုက်ခံရတဲ့နှုန်း ခွေးရူးရောဂါနှင့် သေဆုံးတဲ့နှုန်းကလည်း နှစ်စဉ်မြင့်တက်နေပါတယ်။ မြန်မာနိုင်ငံမှာ နှစ်စဉ်ခွေးရူးရောဂါနှင့် လူ ၁၀၀၀ ခန့်သေဆုံးတယ်လို့ WHO ရဲ့ အစီရင်စာမှာဖော်ပြထားပါတယ်။ ခွေးရူးရောဂါကာကွယ်ဆေး ပြတ်လပ် သည်အထိ ခွေးကိုက်ခံရမှုနှုန်းကလည်း မြင့်တက်နေပါတယ်။ ခွေးရူးရောဂါကာကွယ်ဆေးပြတ်လပ်မှု ကြောင့် ပြည်သူ့ဆေးရုံအများစုမှာ ဆေးတစ်လုံးကို လူနာငါးယောက်ထိုးနိုင်တဲ့စနစ်ကို ကျင့်သုံးဖို့ ဆိုပြီးတော့ ဝန်ကြီးဌာနက ညွှန်ကြားထားရတဲ့အထိ ဖြစ်ပါတယ်။ ဆေးရုံဟာ ကျန်းမာရေးဌာနမှာ ဆေးပြတ်ရင် အပြင်မှာဝယ်ပြီးတော့ ဆေးဝယ်ထိုးရပါတယ်။ ပြည်တွင်းမှာ တံဆိပ်သုံး လေးမျိုးလောက်

ရှိပါတယ်။ တစ်လုံးကို ၈၀၀၀ မှ ၁၅၀၀၀ အထိရှိပါတယ်။ ငါးကြိမ် ငါးလုံးထိုးရပါတယ်။ သူနဲ့တွဲပြီးတော့ မေးခိုင်ကာကွယ်ဆေး၊ ပိုးသတ်ဆေး၊ အနာကြပ်ဆေး၊ အနာကိုဆေးကြောသန့်စင်တာတွေ လုပ်ရပါတယ်။ အဲဒီအတွက် အနည်းဆုံးတစ်သိန်းကုန်ပါတယ်။ တစ်နှစ်ကို လူတစ်သိန်းအကိုက်ခံရရင် တစ်ယောက်ကို တစ်သိန်းနှုန်းနဲ့ သိန်းပေါင်းတစ်သိန်း ခွေးရူးအတွက် ကုန်ကျမှာဖြစ်ပါတယ်။ ဒါကြောင့် ခွေးရူးကင်းစင်ကမ္ဘာတစ်ခွင် ၂၀၃၀ ခုနှစ်တွင်လို့ဆိုပေမဲ့ ၂၀၂၅ ခုနှစ်ကို Target Years အဖြစ်ထားပါတယ်။ ဒါကြောင့် လာမယ့်ခုနစ်အတွင်းမှာ ခွေးရူးရောဂါဘယ်လိုလျှော့ချမလဲ မဟာဗျူဟာ၊ နည်းဗျူဟာရေးဆွဲအကောင်အထည်ဖော်ရမှာ ဖြစ်ပါတယ်။ Pilot Project အနေနဲ့ OIE အထောက်အပံ့နဲ့ ညောင်ဦး၊ လယ်ဝေးနဲ့ မမှော်ဘီမြို့နယ်တွေမှာ ခွေးရူးရောဂါကာကွယ်ဆေး အလုံးအရင်းနဲ့ ထိုးတဲ့ကိစ္စတွေကို ဆောင်ရွက်ခဲ့ပါတယ်။ အလုံးအရင်းနဲ့ကာကွယ်ဆေးထိုးခြင်းဟာ ခွေးရူးရောဂါရဲ့ ၇၀ ရာခိုင်နှုန်းလျှော့ချပေးနိုင်မယ်လို့ ဆိုပါတယ်။ ကာကွယ်ဆေးထိုးရာမှာတော့ အခက်အခဲတွေ အများကြီး ကြုံတွေ့ရပါတယ်။ အဓိကတော့ ဘတ်ဂျက်ဖြစ်ပါတယ်။ ဘတ်ဂျက်မရှိရင် ဘာမှလုပ်လို့မရပါဘူး။ ခွေးလေခွေးလွင့်တွေပေါက်ချင်တိုင်းပေါက်၊ ပွားချင်တိုင်းပွားနေတဲ့ဟာကို ဘယ်လိုစီမံခန့်ခွဲမလဲ၊ ဘယ်လိုထိန်းချုပ်မလဲ။ ခွေးလေခွေးလွင့်တွေကို ရောဂါပိုးဘယ်လောက်ထိ သယ်ဆောင်ဖြန့်ဖြူးသလဲ၊ ခွေးရူးရောဂါအပြင် တခြားအန္တရာယ်တွေပါ ဘယ်လောက်ထိရှိသလဲဆိုတာ စဉ်းစားစရာဖြစ်ပါတယ်။ ခွေးလေခွေးလွင့်တွေဟာ တောမှာနည်းပါတယ်။ မြို့ပေါ်မှာများပါတယ်။ စည်ပင်သာယာအနေနဲ့ ခွေးလေခွေးလွင့်သုတ်သင်ရေးနည်းဥပဒေတွေ ရှိပြီးသားဖြစ်ပါတယ်။ ဒါပေမဲ့ လက်တွေ့အကောင်အထည်ဖော်မှုမရှိပါဘူး။ စိန်ခေါ်မှုတွေကလည်းရှိပါတယ်။ ခွေးရူးရောဂါဟာ ကြောက်စရာကောင်းတယ်ဆိုတာ လူတိုင်းလက်ခံသိရှိထားပေမယ့် ခွေးရူးရောဂါဖြစ်စေတဲ့ ခွေးလေခွေးလွင့်တွေကို အဆိပ်ချသုတ်သင်ပြန်ရင်လည်း မကြိုက်ကြပြန်ဘူး။ တခြားနည်းလမ်းရှိလား၊ မရှိဘူးလား၊ ဘာလား၊ ညာလားနဲ့အော်ကြပြန်ပါတယ်။ အဲဒီတော့ အစာကျွေးရုံနဲ့ ခွေးချစ်သူအမည် ခံလို့မရပါဘူး။ အစအဆုံးတာဝန်ယူမှုဖြစ်မှာပါ။ ခွေးလေခွေးလွင့်တွေကို ထိန်းချုပ်ဖို့ စည်ပင်နဲ့မွေးကုတင်မရပါဘူး။ ပြည်သူကပါဝင်မှပါ။ အောင်မြင်မှာဖြစ်ပါတယ်။ သင်းကွပ်တဲ့နည်းလမ်းကိုလည်း သုံးရင်လည်း ဖမ်းဖို့ခက်ပါတယ်။ ကုန်ကျစရိတ်လည်းများပါတယ်။ တစ်ကောင်ကို အနည်းဆုံးနှစ်သောင်းရှိပါတယ်။ အားလုံးကုန်အောင်သင်းဖို့လည်းမလွယ်ပါဘူး။ ခွေးလေခွေးလွင့် ဘာကြောင့်ရှင်သန်ပေါက်ဖွားနေရသလဲ။ သူတို့မှာ အသက်ရှင်နေထိုင်ဖို့ အစာရေစာပတ်ဝန်းကျင်ရှိလို့ ဖြစ်ပါတယ်။ မြို့ထဲကအမှိုက်ပုံတွေ၊ အမှိုက်တောင်းတွေ၊ ဈေးထဲကအသား ငါးဆိုင်တွေ၊ သားသတ်တဲ့နေရာတွေကထွက်လာတဲ့ အသားတွေအပြင်

မြန်မာလူမျိုးတွေရဲ့ ချစ်ခင်သနားတဲ့စိတ်၊ ကုသိုလ်ရချင်တဲ့စိတ်ကြောင့် စားကြွင်းစားကျန်တွေ ကျွေးလေ့ကျွေးထရှိတာလည်း ပါဝင်ပါတယ်။ ကိုယ့်ကုသိုလ်ကြောင့် အများဒုက္ခရောက်ရင် ဘယ်လို ဖြစ်မလဲဆိုတာ စဉ်းစားကြည့်စေလိုပါတယ်။ အမှိုက်တွေ၊ စားကြွင်းစားကျန်တွေ စည်းမဲ့ကမ်းမဲ့ပစ်ပါ တယ်။ အဲဒီထဲကနေပြီးတော့ ခွေးလေခွေးလွင့်တွေ ရှင်သန်ပေါက်ဖွားနိုင်တဲ့ အစာအဟာရတွေပါ ပါတယ်။ ဒါကိုလည်း Source တစ်ခုအဖြစ် စည်းရုံးပညာပေးဖို့လိုပါတယ်။ One Health လူသား တွေက အဓိကဖြစ်ပါတယ်။ လူသားတွေကျန်းမာအန္တရာယ်ကင်းစွာ အသက်ရှင်ရပ်တည်ဖို့အတွက် ဦးစားပေးပြီးတော့ စဉ်းစားရမှာဖြစ်ပါတယ်။ နောက်တစ်နည်းကတော့ ခွေးလေခွေးလွင့်တွေကို ဖမ်းဆီး ထိန်းသိမ်းရင် ခွေးစောင့်ရှောက်ရေးနေရာမှာ ကာလတစ်ခုအဖြစ်ထားမယ်။ ဒီကြားထဲမှာ ပြည်သူကို ပွင့်လင်းမြင်သာစွာအသိပေးမယ်။ ခွေးချစ်သူများလာကြည့်၊ မွေးချင်ရင်ယူသွား။ မွေးပြီဆိုရင် ကိုယ့်ခွေးကိုတာဝန်ခံထိန်းသိမ်းပေး။ သတ်မှတ်ထားတဲ့စည်းကမ်းတွေကိုလိုက်နာ။ ကျန်နဲ့ခွေးတွေ ကိုတော့ သုတ်သင်တဲ့နည်းလမ်းကို ဒီဟာလည်း တစ်ကြိမ်တည်းတော့မရပါဘူး။ ဒါဆိုရင်တော့ ခွေးလေခွေးလွင့်အရေအတွက် လျော့ကျသွားပါမယ်။ ခွေးရူးကာကွယ်ရေးအတွက် တော်တော်လေး ထိရောက်မှာဖြစ်ပါတယ်။ ဒီနည်းလမ်းအတွက် ဝန်ထမ်းလိုပါတယ်။ ခွေးထားဖို့မြေနေရာ Shelter၊ အဆောက်အဦတွေလိုပါတယ်။ ကျွေးမွေးစရိတ်တွေလိုပါတယ်။ လမ်းစရိတ်တွေလိုပါတယ်။ ဘတ်ဂျက် တွေအလုံအလောက်ရှိမှ ဖြစ်မှာပါ။ ကျွန်တော်တို့လှိုင်မြို့နယ် ကျန်းမာရေးဌာနမှာ တစ်ရက်ကိုပျမ်းမျှ သုံးဦးနှုန်းလောက် ခွေးရူးရောဂါကာကွယ်ဆေးထိုးနေရပါတယ်။ ဒါ ကျန်းမာရေးဌာနကိုရောက်လာတဲ့ ဦးရေပဲရှိပါသေးတယ်။ ပြင်ပဈေးဆိုင်းတွေက ဝယ်ယူထိုးနှံတဲ့လူတွေ အများကြီးရှိပါတယ်။ လူထု တွေ့ဆုံပွဲတွေလုပ်တဲ့အခါမှာ ရပ်ကွက်တိုင်းက ခွေးလေခွေးလွင့်ကိစ္စတွေကို တင်ပြပါတယ်။ ကျွန်တော်တို့ကလည်း တစ်ဆင့်ပြန်ပြီးတော့ မြို့နယ်စည်ပင်ကို အကြောင်းကြားပါတယ်။ ဘယ်ရပ်ကွက်မှာတော့ ခွေးကိုက်ခံရတဲ့သူ ဘယ်နှစ်ယောက်ရှိနိုင်ပြီး ရပ်ကွက်သူရပ်ကွက်သားများက ခွေးလေခွေးလွင့်များကို ရှင်းလင်းဖို့တင်ပြပါသဖြင့် ရှင်းလင်းပေးပါရန် အကြောင်းကြားအပ်ပါတယ် ဆိုပြီးတော့ မြို့နယ်စည်ပင်ကို စာပို့ပါတယ်။ မြို့နယ်စည်ပင်ကလည်း လွှတ်တော်ကိုယ်စားလှယ်ကြီး၏ အကြောင်းကြားစာကို ဆောင်ရွက်ရန်အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ တိရစ္ဆာန် ဆေးကုနှင့်သားသတ်ရုံများဌာနများသို့ တင်ပြ၍ လမ်းညွှန်ချက်ခံယူထားပါသည်ဆိုပြီးတော့ စာပြန် ပါတယ်။ အဲဒီနေရာမှာတင် ရပ်သွားပါတယ်။ ဘာ Action မှပါမလာပါဘူး။ ဘာမှအရေးယူ ဆောင်ရွက်တာမရှိပါဘူး။ နိဂုံးချုပ်အနေနဲ့ ပြောချင်တာတော့ ခွေးလေခွေးလွင့်တွေ ရှင်းဖို့၊ ထိန်းချုပ်ဖို့

အမြန်ဆုံးလိုအပ်ပါပြီ။ ပြဿနာတော့တက်နေပါပြီ။ ဟိုလိုလုပ်ပါ။ ဒီလိုလုပ်ပါ။ ဟိုလိုကပိုကောင်းတယ်။ ဒီလိုကပိုကောင်းတယ်။ ဟိုဟာရမှဖြစ်မယ်။ ဒီဟာရမှာဖြစ်မယ်ဆိုပြီးတော့ အငြင်းပွားရမယ့် အချိန်မဟုတ်တော့ပါဘူး။ တာဝန်ရှိတဲ့စည်ပင်ဌာနက ရှိတဲ့အရင်းအမြစ်နဲ့ အများပြည်သူအကျိုးငှာ အမြန်ဆုံး ရှင်းလင်းအရေးယူဆောင်ရွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါက်တာမြင့်သိန်း(ညောင်လေးပင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့် အားလုံးမင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမြင့်သိန်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မင်းလှမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုးရဲ့ ခွေးရူးပြန်ရောဂါ ဖြစ်ပွားမှုလျော့နည်းကျဆင်းရေးအတွက် တင်သွင်းတဲ့အဆိုကို ထောက်ခံဆွေးနွေးမှာ ဖြစ်ပါတယ်။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။

လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ခွေးရူးပြန်ရောဂါဟာ ကမ္ဘာတစ်ဝန်းနိုင်ငံပေါင်း ၁၅၀ ခန့်မှာ ဖြစ်ပွားပါတယ်။ ခွေးရူးပြန်ရောဂါကြောင့် တစ်နှစ်ကို လူပေါင်း ၆၀၀၀၀ နီးပါး အသက်ဆုံးရှုံးကြပြီးတော့ အများစုဟာ အာဖရိကနိုင်ငံနှင့်အာရှနိုင်ငံများက ဖြစ်တာကိုတွေ့ရှိရပါတယ်။ ငှက်ဖျားရောဂါ၊ HIV ရောဂါနှင့် TB ရောဂါတွေလောက် ဖြစ်ပွားမှုမများပါဘူး။ သို့သော်လည်း ခွေးရူးပြန်ရောဂါဖြစ်ကြသူတွေဟာ ဆိုးရွားပြင်းထန်သောဝေဒနာကိုခံစားရပြီး အသက်ဆုံးရှုံးကြရပါတယ်။ ရောဂါဖြစ်တဲ့သူ အများဆုံး ၄၀ ရာခိုင်နှုန်းဟာလည်းပဲ ကလေးသူငယ်များ ဖြစ်ပါတယ်။ ယခင် ခွေးရူးပြန်ရောဂါမဖြစ်ဖူးတဲ့ဒေသတွေမှာလည်း ယခု ခွေးရူးပြန်ရောဂါဖြစ်ပွားလာတတ်ပါတယ်။ ဒီလိုဖြစ်တဲ့ အကြောင်းတွေကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၊ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(OIE)၊ ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့(FAO) နှင့် ကမ္ဘာလုံးဆိုင်ရာ ခွေးရူးပြန်ရောဂါထိန်းချုပ်ရေးအဖွဲ့ကြီး(GARC)တို့က ပူးပေါင်းပြီးတော့ ခွေးရူးပြန်ရောဂါပပျောက်ရေး မဟာဗျူဟာတစ်ရပ်ကို ချမှတ်လုပ်ဆောင်ပါ တယ်။ ဒါကတော့ ၂၀၃၀ ခုနှစ်မှာ ခွေးရူးပြန်ရောဂါကြောင့် လူများအသက်ဆုံးရှုံးမှုမရှိရေးကို ဦးတည်ဆောင်ရွက်ဖို့ပဲ ဖြစ်ပါတယ်။ အလားတူစွာပဲ ခွေးရူးပြန်ရောဂါကြောင့် သေဆုံးမှုများပြားတဲ့ အာဖရိကနိုင်ငံတွေမှာ ဥပမာ- တန်ဇန်းနီးယားတို့၊ တောင်အာဖရိကနိုင်ငံတို့၊ ကင်ညာတိုလိုနိုင်ငံတွေဟာလည်း ခွေးရူးရောဂါဖြစ်ပွားမှုလျော့ကျရေးကို စီမံကိန်းများချပြီး ဆောင်ရွက်နေကြတာကို လေ့လာတွေ့ရှိ

ရပါတယ်။ အာရှနိုင်ငံများထဲကလည်းပဲ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံစတဲ့ နိုင်ငံတွေကလည်းပဲ စီမံကိန်းများချမှတ်ပြီးတော့ ဆောင်ရွက်နေကြတာကို သိရှိရပါတယ်ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ခွေးရူးရောဂါဟာ Zoonotic ခေါ်တဲ့ တိရစ္ဆာန်ကနေ လူကိုကူးစက်တဲ့ရောဂါဖြစ်ပါတယ်။ တိရစ္ဆာန်များထဲကလည်း သွေးနွေးသတ္တဝါများဖြစ်တဲ့ ခွေး၊ ကြောင်၊ ကျွဲ၊ နွား၊ ဆိတ်၊ သိုး၊ မြေခွေး၊ ရက်ကွန်းဝက်ဝံ၊ လင်းနို့စတဲ့အကောင်တွေကနေ ဖြစ်ပြီးတော့ ၎င်းတို့ကတစ်ဆင့် လူကိုကူးစက်တာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာတော့ ခွေးကိုက်ခံရတာကနေ ကူးစက် ခြင်းကနေ အများဆုံးဖြစ်ပါတယ်။ ၉၉ ရာခိုင်နှုန်းကျော်လောက်ရှိတယ်လို့ ခန့်မှန်းနိုင်ပါတယ်။ ဒါကြောင့်မို့လို့ ခွေးရူးပြန်ရောဂါကာကွယ်တားဆီးရေးမှာ ခွေးအစရှိတဲ့ တိရစ္ဆာန်များမှ ခွေးရူးရောဂါပိုင်းရပ်စ်ပိုးမကူးစက်မပြန့်ပွားအောင်ကာကွယ်ရေးနှင့် လူများမှ ခွေးရူးပြန်ရောဂါမဖြစ်ပေါ်အောင် ကာကွယ်ရေးတို့ကို လုပ်ဆောင်ရမှာပဲ ဖြစ်ပါတယ်။ လေးစားအပ်ပါတဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ ခွေးစတဲ့ တိရစ္ဆာန်များမှာ ခွေးရူးရောဂါကာကွယ်ဆေး Anti-Rabies Vaccine ကို ထိုးပေးခြင်းဟာ အထိအရောက်ဆုံးနှင့် တွက်ခြေအကိုက်ဆုံး နည်းလမ်းပဲဖြစ်ပါတယ်။ ဒါကို ကျွန်တော့်ရှေ့ကကိုယ်စားလှယ်များကလည်း တင်ပြသွားပါပြီ။ အရပ်ဒေသတစ်ခုမှာရှိတဲ့ ခွေးကောင်ရေရဲ့ ၇၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးများထိုးပေးနိုင်မယ်ဆိုရင် ဒီဒေသမှာရှိတဲ့ ခွေးရူးရောဂါပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီလို့ သုတေသီများက ဆိုကြပါတယ်။ ဒါပေမဲ့လို့ ဒီလို ကာကွယ်ဆေးထိုးရာမှာ မှန်မှန်ကန်ကန်နဲ့ ထိထိရောက်ရောက်ထိုးဖို့တော့ လိုအပ်ပါတယ်ခင်ဗျား။ ဒါ့အပြင် မိမိတို့အိမ်မှာမွေးမြူထားတဲ့ ခွေး၊ ကြောင်စတဲ့ အိမ်မွေးတိရစ္ဆာန်တွေကို လိုအပ်တဲ့ကာကွယ် ဆေးတွေထိုးပေးရမယ်ဆိုတဲ့ စည်ပင်သာယာကချမှတ်ထားတဲ့ ပြဋ္ဌာန်းချက်တွေကိုလည်း တိရစ္ဆာန်မွေးမြူသူတွေက လိုက်နာဖို့လိုအပ်ပါတယ်။ အခြားသောတိရစ္ဆာန်များကိုလည်း လိုအပ်ရင်ထိုးပေးထားရပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ခွေးလေခွေးလွင့်ဦးရေလျှော့ချရေးကိုလည်းပဲ ကျွန်တော့်ရှေ့ကကိုယ်စားလှယ်များက တင်ပြသွားပါတယ်။ ဒါဟာဆိုလို့ရှိရင် အမြန်ကိုပဲ လိုအပ်ပါတယ်။ ဒီခွေးလေခွေးလွင့်တွေမှာ ဒီရောဂါပိုးဖြစ်တာ ပိုများပါတယ်။ ခွေးလေခွေးလွင့်ကနေပြီးတော့ လူကိုကိုက်တဲ့နှုန်းကလည်း ပိုများပါတယ်။ ဒါကြောင့်မို့လို့ သုတ်သင်ခြင်း၊ သင်းကွပ်ခြင်း၊ သားဆက်ခြားဆေးများထိုးခြင်းစသဖြင့် ဒီလိုထိန်းသိမ်းဖို့လိုပါတယ်။ မြို့၊ ရွာ၊ ရပ်ကွက်တွေဟာ စေတနာရှင်တွေ၊ ဝါသနာတူတွေက

လည်းစုပေါင်းပြီးတော့ ခွေးလေခွေးလွင့်စောင့်ရှောက်ရေးဂေဟာတွေကို ဖွင့်လှစ်ဖို့ကိုလည်း အားပေးရပါမယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ လူမှာ ခွေးရူးပြန်ရောဂါမဖြစ်ဖို့ရာ ခွေးကိုက်မခံရအောင် နေတတ်ဖို့လိုပါတယ်။ လူမှာ ခွေးရူးပြန်ဖြစ်တာရဲ့ ၉၉ ရာခိုင်နှုန်းကျော်က ခွေးကိုက်ခံရလို့ပဲဖြစ်ပါတယ်။ ခွေးရူးရောဂါရှိတဲ့ခွေးရဲ့တံတွေးမှာ ခွေးရူးရောဂါဗိုင်းရပ်စ်ပိုးတွေ ပါပါတယ်။ အဲဒီခွေးကနေ လူကို ကိုက်မိ၊ ကုတ်မိ၊ ခြစ်မိ၊ လျှာနဲ့လျက်မိလို့ အရေးပြားပွန်းပဲ့နေတာကနေပြီးတော့ လူကိုယ်ထဲကို ရောဂါများ ဝင်ရောက်ခြင်းပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခွေးကိုက်မခံရအောင် ပြုမူနေထိုင်နည်း၊ ကာကွယ်နည်းများကို အထူးအားဖြင့် ကလေးသူငယ်များကို သင်ကြားထားဖို့ လိုအပ်ပါတယ်။ ဒါအပြင် ခွေးရူးပြန်ရောဂါနှင့်ပတ်သက်တဲ့ အယူအဆအမှားများကို ပယ်ဖျောက်ဖို့ ခွေးရူးပြန်ရောဂါဖြစ်တတ်တယ်ဆိုတဲ့ သတိအစဉ်ရှိကြဖို့ကိုလည်း လှုံ့ဆော်ပညာပေးရပါတယ်။ ဒါလှုံ့ဆော်ရေးကြော်ငြာတစ်ခုပဲဖြစ်ပါတယ်။ ဒါဟာလည်းပဲ လှုံ့ဆော်ရေးကြော်ငြာတစ်ခုပဲ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ခွေးကိုက်ခံရရင်လည်းပဲ ဒဏ်ရာကို စနစ်တကျ ရှေးဦးပြုစုရမယ်။ နီးစပ်ရာဆေးရုံ၊ ဆေးခန်းများကိုလည်း ကုသမှုကို ခံယူရပါမယ်။ အထူးသဖြင့်ကတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားတဲ့ ခွေးကိုက်ဒဏ်ရာထိတွေ့မှုအဆင့်နဲ့အညီ ခွေးရူပြန်ရောဂါကာကွယ်ဆေးနှင့် ခွေးရူးပြန်ရောဂါကာကွယ်တဲ့ပဋိပစ္စည်းများကို တိကျမှန်ကန်စွာ ထိုးထားဖို့ရာ အရေးတကြီးလိုအပ်ပါတယ်။ ခွေးရူးရောဂါဗိုင်းရပ်စ်ပိုးဟာ လူကိုယ်ထဲကိုရောက်ရှိသွားသော်လည်း ခွေးရူးပြန်လက္ခဏာများမဖြစ်ပေါ်ခင်အထိ ကာကွယ်ဆေးတွေကို ထိရောက်စွာ ထိုးနှံပေးခြင်းအားဖြင့် ခွေးရူးပြန်ခြင်းကို တားဆီးကာကွယ်နိုင်လို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ခွေးရူးပြန်ရောဂါဖြစ်ရင် ၁၀၀ ရာခိုင်နှုန်းအသက်ဆုံးရှုံးမယ်။ ဒါပေမဲ့ မဖြစ်အောင်လည်း ၁၀၀ ရာခိုင်နှုန်းကာကွယ်နိုင်တယ်လို့ အဆိုရှိပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခု ကျွန်တော်တင်ပြခဲ့တဲ့ ခွေးရူးပြန်ရောဂါတားဆီးကာကွယ်ရေးပပျောက်ရေးလုပ်ငန်းစဉ်ကြီးတစ်ခုလုံးမှာ သက်ဆိုင်ရာဌာနအသီးသီးရဲ့ လုပ်ငန်းတာဝန်များ ပါဝင်နေတာကို တွေ့ရှိရပါတယ်။ တစ်ဦးတစ်ဖွဲ့တစ်ယောက်ကောင်းလုပ်ဆောင်လို့မရဘဲနဲ့ ပူးပေါင်းပြီးတော့ စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လိုအပ်တာကိုလည်းပဲ ဆေးမှူးတွင် တွေ့မြင်နိုင်ပါတယ်ခင်ဗျား။ သို့ဖြစ်ပါသောကြောင့် ဒေါက်တာသန်းအောင်စိုးရဲ့အဆိုကို လေးနက်စွာ ထောက်ခံအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မှူးကြမ်း**

**ဥက္ကဋ္ဌ**။ ။ တာမွေမဲဆန္ဒနယ်မှ ဦးတိုးဝင်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးတိုးဝင်း(တာမွေမဲဆန္ဒနယ်)**။ ။ လေးစားရပါသော ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တာမွေမဲဆန္ဒနယ်မှ ဦးတိုးဝင်းဖြစ်ပြီး ဒေါက်တာသန်းအောင်စိုးရဲ့အဆိုကို ထောက်ခံအကြံပြုဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့တစ်တွေရဲ့ မဲဆန္ဒနယ်ကွင်းဆင်းတဲ့အခါတိုင်းမှာ ခွေးကြောက်တဲ့သူတွေရဲ့ ခွေးနှိမ်နင်းရေးညာသံပေးတာဟာ ကျွန်တော်တို့နားဝမှာ မဆံ့အောင် ကျွန်တော်တို့ခံစားပြီး ကြားခဲ့ရပါတယ်။ ခွေးနှိမ်နင်းရေးဘာကြောင့်အဲ့လိုအော်နေကြလဲဆိုရင် (၁) ခွေးကိုက်ခံရတဲ့အခါမှာ ထိတ်လန့်နာကျင်စွာဒဏ်ရာရရှိခြင်း၊ (၂) အခန့်မသင့်ပါက အသက်ပါသေဆုံးရနိုင်ခြင်းစတဲ့ အန္တရာယ်များကို ဖြစ်စေသောကြောင့် ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်ကို Power Point ထိုးပြီးတော့ ပြခွင့်ပြုပါ။ ဒါဟာ ကမ္ဘာပေါ်မှာ ခွေးကိုက်ခံရတဲ့နှုန်း ပျံ့နှံ့နေပုံကို ပြခြင်းဖြစ်ပါတယ်။ အဓိက ကျွန်တော်တို့ အာရှနိုင်ငံနှင့် အာဖရိကနိုင်ငံမှာ အများကြီးပျံ့နှံ့နေတာ ဖြစ်ပါတယ်။ ဒါကတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာပေါ်မှာ အလွန်အင်မတန်ကြောက်စရာကောင်းတဲ့ မြွေအန္တရာယ်ကြောင့် အသက်ဆုံးရှုံးမှုများဟာ အလွန်များလှပါတယ်။ အဲဒီလိုတစ်ကမ္ဘာလုံးဟာ အာရုံစိုက်ပြီးတော့ မြွေအန္တရာယ်ကို ကာကွယ်ခဲ့ကြတာဟာ အခုဆိုရင် မြွေအန္တရာယ်ရဲ့ကြောက်စရာနှုန်းထားနှင့် ခွေးအန္တရာယ်နှုန်းထားကို ယှဉ်ပြခြင်းပဲ ဖြစ်ပါတယ်။ ဒီဇယားကို ကြည့်လိုက်လို့ရှိရင် ကျွန်တော်တို့ ၂၀၁၃ ခုနှစ်ကနေ ၂၀၁၇ ခုနှစ် ငါးနှစ်တာကာလမှာ မြွေကိုက်ခံရသူအရေအတွက်ဟာ ၇၆၈၁၂ ဦးဖြစ်ပြီးတော့၊ ခွေးကိုက်ခံရတာဟာ ၂၀၁၇ ခုနှစ်တစ်နှစ်တည်းမှာတင် ၁၈၀၃၆၇ ဦးဖြစ်နေပါပြီ။ ကုသပေးနိုင်မှုမှာ မြွေကိုကုသပေးနိုင်မှုဟာ ၇၀၀၀၀ကျော်ကုသနိုင်ပြီး၊ သေဆုံးတဲ့အရေအတွက်ဟာ ငါးနှစ်အတွင်းမှာ ၂၇၂၃ ဦးဖြစ်တယ်လို့ သုတေသနစာတမ်းများက ဆိုပါတယ်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ကျွန်တော်တို့ သုတေသနပြုချက်အရ မြန်မာနိုင်ငံမှာ နှစ်စဉ်လူ ၁၀၀၀ ကျော် သေဆုံးနေတယ်လို့ ဆိုပါတယ်။ ဒါကြောင့်မို့လို့ မြွေအန္တရာယ်ထက်ကို ခွေးရူးရောဂါအန္တရာယ်ဟာ အရမ်းကြောက်စရာကောင်းနေပြီဆိုတာကို ဒါမီးမောင်းထိုးပြနေပါတယ်။ ခေါင်းလောင်းထိုးနေပြီ ဖြစ်ပါတယ်။ ကျွန်တော်တို့ ခွေးအကိုက်ခံရမှုအန္တရာယ်အမြင့်ဆုံးအုပ်စုထဲမှာ လူကြီးများထက် အသက် ၁၅ နှစ်အောက်ကလေးတွေ ကျွန်တော်တို့ရဲ့ နောင်အနာဂတ်အတွက် သားကောင်းလောင်းလေးတွေဟာ ကျွန်တော်တို့ ၄၅ ကနေ ၅၀ ရာခိုင်နှုန်းအထိ အကိုက်ခံနေ

ရတာဖြစ်တဲ့အတွက်ကြောင့် ဒီခွေးရူးအန္တရာယ်ဟာ အလွန်မှ အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ ဘယ်လိုကောင်းကောင်းထိန်းချုပ်ရမလဲဆိုတာကို စဉ်းစားသင့်တဲ့အချိန်လည်း ဖြစ်နေပါပြီ။

ဒါဟာဆိုလို့ရှိရင် ကျွန်တော်တို့ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ခွေးရူးရောဂါ ခွေးကိုက်ခံရတဲ့နှုန်းဟာ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးစတဲ့ မြို့ကြီးတွေမှာ အများဆုံးဖြစ်ပါမယ်။ ရန်ကုန်တိုင်းဒေသကြီးမှာဆိုရင် တစ်နှစ်ကို သုံးသောင်းကျော် လောက် အကိုက်ခံနေရတာကို တွေ့ရပါလိမ့်မယ်။ ကျွန်တော်တို့ ဆက်လက်ပြီးတော့ ဒါဟာဆိုလို့ရှိရင် လူနှင့် ခွေးအချိုးချကြည့်တဲ့အခါမှာ လူ ၂၂ ယောက်၊ ၂၃ ယောက်မှာ ခွေးတစ်ကောင်နှုန်း ခွေးလေခွေးလွင့် တွေဖြစ်နေတယ်ဆိုတာကို သုတေသနပြုချက်တွေကဆိုပါတယ်။ အရှေ့မှာကိုယ်စားလှယ်တော်ကြီးတွေ ရှင်းသွားပြီးတဲ့အတွက်ကြောင့် အဓိက ဒီကိစ္စကိုပဲ ကျွန်တော်ရှင်းလင်းပြီးတော့ အကြံပြုသွားမှာ ဖြစ်ပါတယ်။ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (OIE) ကနေ တစ်ကမ္ဘာလုံးမှာသုံးနေတဲ့ ခွေးတွေမကိုက် အောင်၊ ခွေးတွေထိန်းချုပ်အောင် နည်းလမ်းတွေ ၁၁ ခုရေးထားပါတယ်။ တစ်ဖက်ကတော့ ကျွန်တော်တို့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကနေပြီး လုပ်ဆောင်နေတဲ့အချက်တွေ ဖြစ်ပါတယ်။ တာဝန်ယူတဲ့ ခွေးမွေးမြူရေးအတွက် ပညာပေးခြင်းဥပဒေရေးဆွဲခြင်း၊ ၂၀၁၈ ခုနှစ် စည်ပင်သာယာရေး ဥပဒေထွက်ပါတယ်။

ခွေးတိရစ္ဆာန်မွေးမြူခြင်းတွေနဲ့ တိရစ္ဆာန်တွေမစင်စွန့်ခြင်းတွေကအစ ဘယ်လိုမပြုလုပ်ရဘူးဆို တဲ့ တားဆီးချက်တွေပါပါတယ်။ အဲဒီအချက်အလက်တွေကို တိတိကျကျခိုင်ခိုင်မာမာနဲ့ ချမှတ်ပြီးတော့ ကာကွယ်ဖို့လိုပါတယ်။ ကျွန်တော်တို့ခွေးချစ်ကြပါတယ်။ ချစ်ကြပေမဲ့ ခွေးချီးကျုံးရမှာကြောက်ကြ ပါတယ်။ ခွေးကိုက်တဲ့အခါ ခွေးပိုင်ရှင်မရှိပါဘူး။ အဲဒီတော့ တကယ်ချစ်တယ်ဆိုလို့ရှိရင် အချစ်ရဲ့ သဘောတရားဟာ တာဝန်ယူခြင်း၊ တာဝန်ခံခြင်းရှိရပါတယ်။ ဒါကြောင့်မို့လို့ တာဝန်ယူခြင်း၊ တာဝန်ခံ ခြင်းကို ဥပဒေချမှတ်ရုံသာမဟုတ်ဘဲနဲ့ ကျွန်တော်တို့ ဒါကိုတိတိကျကျအရေးယူပြီးတော့ ခွေးချစ်သူများ လည်းမနစ်နာရအောင် ချစ်ခွင့်ပေးသင့်တယ်။ ချစ်ခွင့်ကိုလည်းပဲ စည်းနဲ့ကမ်းနဲ့ တာဝန်ယူခြင်း၊ တာဝန်ခံခြင်းဖြစ်အောင် လုပ်သင့်ပါတယ်။ လိုင်စင် သို့မဟုတ် မှတ်ပုံတင်ခြင်းဆိုပြီး ကမ္ဘာမှာသုံးစွဲတဲ့ အခါမှာ ရန်ကုန်မှာ ခွေးမှတ်ပုံတင်လို့ရှိရင် တစ်နှစ်မှာ ၇၀၀ ကျပ်ပဲယူပါတယ်။ အင်မတန်မှပေါများ လွန်းတဲ့လိုင်စင်ခ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဆေးကုသခတို့၊ ဆေးထိုးခတို့ပါ၊ တာဝန်ယူနိုင်လို့ရှိရင် ချစ်တဲ့သူတွေလည်း တာဝန်ရှိရှိနဲ့ တန်ဖိုးရှိရှိချစ်ခွင့်ရကြမှာပါ။ မျိုးဆက်ထိန်းပွားခြင်း ကျွန်တော်တို့နိုင်ငံမှာလည်း စည်ပင်

ကလုပ်ပါတယ်။ ထိန်းသိမ်းဖမ်းဆီးခြင်း ကျွန်တော်တို့ နိုင်ငံမှာလည်း လုပ်ပါတယ်။ ဖမ်းဆီးထိန်းသိမ်း စောင့်ရှောက်ခြင်း ပိုင်ရှင်မွေးလူရှိရင် ပြန်ပေးပါတယ်။ အဓိကအချက်ကတော့ အချိန်ကိုချုံ့ပြီးပြောရ ရင် ဒီကိစ္စတွေလုပ်ဖို့ဆိုရင် ရန်ပုံငွေလိုပါတယ်။ ရန်ပုံငွေအတွက်ကို Eco System လို့ခေါ်တဲ့ သတ္တဝါ လေးတွေကနေပြီးတော့ သတ္တဝါလေးတွေအတွက် ပြန်ပြီးတော့မှ ရန်ပုံငွေရှာတဲ့စနစ်တွေကို သုံးလို့ ရပါတယ်။ ဥပမာ-မြွေအန္တရာယ်ကို ကြောက်တဲ့အခါမှာ မြွေဖမ်းသူတွေ၊ မြွေရောင်းချသူတွေပေါ်လာတဲ့ အခါမှာ အဲဒီမြွေဟာ တဖြည်းဖြည်းနည်းသွားပြီးတော့မှ မြွေအန္တရာယ်ဟာ တဖြည်းဖြည်းနဲ့ နည်းပါး သွားတာကို တွေ့ရတယ်။

ဒါပေမဲ့လို့ တန်ဖိုးရှိတဲ့ သေဆုံးခြင်းဖြင့် ခွေးတွေကို အဆိပ်ကျွေးပြီးသတ်မည့်အစား တန်ဖိုးရှိတဲ့ ခုနပြောတဲ့ Eco System နဲ့ပြောင်းပြီးတော့မှ လုပ်နိုင်တဲ့ Ideology တွေ စဉ်းစားဖို့လိုပါတယ်။ ကမ္ဘာအရပ်ရပ်မှာရှိတဲ့ ခွေး Training School တွေကနေပြီးတော့ ခွေးတွေကို ပြောင်းပြီးတော့မှ မွေးမြူပြီးတော့ Training ပေးပြီးတော့ ခွေးပြပွဲတွေကနေ ရန်ပုံငွေတွေရှာလို့ရပါတယ်။ ခွေးလောက အတွက် ခွေးတွေကနေ ပြန်ပြီးအကျိုးပြုတဲ့အခါမှာ ဒီခွေးလေးတွေဟာ တန်ဖိုးရှိရှိသေဆုံးသွားခြင်းနှင့် လူ့လောကကြီးကိုလည်း တဖြည်းဖြည်းနဲ့ အန္တရာယ်ပြုရာနည်းပါးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီအစီအစဉ်တွေကို စီစဉ်ချမှတ်ပြီးတော့ နိုင်ငံတကာကပညာရှင်တွေ၊ ခွေး Training School တွေ၊ ခွေးချစ်သူတွေ၊ အဖွဲ့အစည်းတွေပေါင်းပြီးတော့မှ အစိုးရနဲ့ပူးပေါင်းပြီး အမြန်ဆုံးဒီမှာချမှတ်ထားတဲ့ အစီအစဉ်တွေ၊ Plan တွေကို ပိုမိုပြီး အောင်မြင်အောင်ဆောင်ရွက်နိုင်ပါစေလို့ ဆုတောင်းရင်းနဲ့ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းထွန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဗိုလ်မှူးဝင်းမင်းထွန်း(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲမင်္ဂလာပါ။ ကျွန်တော်က တပ်မတော်သာပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းထွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မင်းလှမဲဆန္ဒနယ်က ဒေါက်တာ သန်းအောင်စိုးရဲ့အဆိုကို အကြံပြုထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ Power Point သုံးစွဲခွင့်ပြု နိုင်ပါရန် တင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ခွေးရူးပြန် ရောဂါဟာ လူသားတို့ရဲ့သမိုင်းကြောင်းမှာ အလွန်ရှေးကျတဲ့ ရောဂါများထဲက တစ်ခုအပါအဝင်ဖြစ်ပါ

တယ်။ ခွေးရူးပြန်ရောဂါဟာ နိုင်ငံပေါင်း ၁၅၀ ကျော်မှာဖြစ်ပွားလျက်ရှိပြီးတော့မှ အရှေ့တောင်အာရှမှာတော့ ခွေးရူးပြန်ရောဂါဖြစ်ပွားခြင်းရဲ့ ၉၉ ရာခိုင်နှုန်းဟာ ခွေးကိုက်ခြင်းကြောင့် ဖြစ်ပါတယ်။

ခွေးရူးပြန်ရောဂါဟာ ကြိုတင်ကာကွယ်မှုပြုလုပ်နိုင်သလို တိကျထိရောက်တဲ့ ကုသမှုမျိုးမရှိရင်လည်း လူနာကိုရာနှုန်းပြည့် သေစေနိုင်ပါတယ်။ ၂၀၁၈ ခုနှစ် သုတေသနစာတမ်းတစ်ရပ်အရ မြန်မာနိုင်ငံမှာ ခွေးရူးပြန်ရောဂါကြောင့် သေဆုံးမှုက ငှက်ဖျားရောဂါထက် ပိုများတာကို တွေ့ရှိရပါတယ်။ နိုင်ငံတော်အနေနဲ့ကတော့ စည်ပင်သာယာရေးဥပဒေများဖြစ်တဲ့ ရန်ကုန် ၂၀၁၈ ခုနှစ်၊ မန္တလေး ၂၀၀၂ ခုနှစ်၊ နေပြည်တော် ၂၀၀၉ ခုနှစ်၊ ၂၀၁၀ ခုနှစ် တပ်မြို့စည်ပင်သာယာရေးဥပဒေတွေမှာ မြို့တော်နယ်နိမိတ်အတွင်းမှာ အန္တရာယ်ဖြစ်စေနိုင်တဲ့တိရစ္ဆာန်များကို အဆိပ်ကျွေးသုတ်သင်ခြင်းအပါအဝင် သင့်တော်သောနည်းလမ်းများဖြင့် ဖယ်ရှားရှင်းလင်းခြင်း၊ အချိန်မရွေးဖမ်းဆီးခြင်း၊ တိရစ္ဆာန်ထိန်းသိမ်းရုံသို့ပို့ဆောင်ခြင်း၊ စီမံခန့်ခွဲခြင်းများ ဆောင်ရွက်နိုင်သည်လို့ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။

မြန်မာနိုင်ငံတစ်ဝန်းလုံးမှာ Estimate ခွေးကောင်ရေ လေးသန်းခန့်ရှိပြီးတော့မှ ၇၀ ရာခိုင်နှုန်းကတော့ Romi or Stray or Cavanese Dogs တွေဖြစ်ပါတယ်။ နိုင်ငံတော်အဆင့်နဲ့ WHO တို့ရဲ့ သဘောတူညီချက်အရ ၂၀၃၀ မှာ မြန်မာနိုင်ငံ ခွေးရူးပြန်ရောဂါကင်းစင်သောနိုင်ငံ zero by 30 ဖြစ်စေရမယ်လို့ ရည်မှန်းချက်ထားပြီး ဆောင်ရွက်ရမှာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ လိုအပ်တဲ့ Framework တွေဖြစ်တဲ့။ Socio-cultural တွေအပိုင်းမှာဆိုလို့ရှိရင် အဓိကပြည်သူ့ကျန်းမာရေးဆိုင်ရာရောဂါတစ်ခုဖြစ်တဲ့ ခွေးရူးပြန်ရောဂါကို ထိန်းချုပ်ဖို့အတွက် ပြည်သူလူထုတစ်ရပ်လုံးက ကျယ်ပြန့်စွာပါဝင်ဖို့လိုပါတယ်။ ဒါ့အပြင် ခွေးနှင့်ပတ်သက်တဲ့ September 28 World Rabies Day လိုမျိုး The End Rabies Campaign စတဲ့ လူထုလုပ်ရှားမှုတွေမှာလည်း Community Involvement Engagement ကိုအားပေးရပါမယ်။ ခွေးချစ်သူများ၊ အသင်းအဖွဲ့များ၊ ခွေးပိုင်ဆိုင်သူတွေအနေနဲ့ကတော့ မိမိတို့ရဲ့ Pet Dogs များကို စနစ်တကျ မှတ်ပုံတင်ပြီးတော့မှ OIE Standard နှင့်အညီ Dog Vaccination ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ခွေးကိုက်ရင် ဘယ်လိုလုပ်မလဲဆိုတာကို ကြော်ငြာ LED ဆိုင်းဘုတ်များထောင်ခြင်း၊ Facebook နှင့် Twitter အသုံးပြုခြင်း၊ Pamphlet၊ သတင်းစာ၊ ရေဒီယို၊ TV များမှ Health Education ပေးခြင်းအားဖြင့် ကလေးတွေ၊ လူကြီးတွေကို ခွေးကိုက်ခြင်းမှ ကာကွယ်နိုင်ပြီးတော့မှ First Aid ကိုလည်းသိရှိနိုင်မှာ ဖြစ်ပါတယ်။

ခွေးကိုက်ခံရပြီးတဲ့နောက်မှာ ခွေးရူးပြန်ရောဂါကာကွယ်ဆေး၊ Post-Exposure Prophylaxis ထိုးရမယ်ဆိုတဲ့အသိစိတ်ကို ပြည်သူလူထုက နားလည်သဘောပေါက်အောင်ဆောင်ရွက်ကြရမှာ ဖြစ်ပါ

တယ်။ Technique ပိုင်းဆိုင်ရာအနေနဲ့ကတော့ တိရစ္ဆာန်နှင့်ပြည်သူ့ကျန်းမာရေး ထိရောက်တဲ့ စောင့်ရှောက်မှုစနစ်ခိုင်မာဖို့အတွက် လိုအပ်ချက်တွေကို ရှာဖွေပြီးတော့မှ ဖြည့်ဆည်းပေးသင့်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ Dog and Human Vaccines and Immunoglobulin တွေကို ခွေးကိုက်ခံရသူတွေကို ထိရောက်စွာပံ့ပိုးပေးရပါမယ်။ ဒ့ါအပြင် Pre-Exposure Prophylaxis နှင့် Post-Exposure Prophylaxis ကိုလည်း Guideline တွေ၊ Standard Operating Procedure တွေအတိုင်း ပြည့်ဝစွာထိုးနှံပေးဖို့ လိုအပ်ပါတယ်။ ကာကွယ်ဆေး၊ ကုသဆေးများဝယ်ယူရာမှာလည်း လိုအပ်ချက်အတိုင်း လုံလောက်စွာဝယ်ယူပြီးတော့မှ ဆေးရုံ၊ ဆေးခန်းတွေမှာ ဆေးပြတ်လပ်မှုမရှိစေ ရေးထိရောက်စွာ ဖြန့်ဖြူးပေးရပါမယ်။ ခွေးရူးပြန်ရောဂါအဖြစ်မှန်ကန်မြန်ဆန်စွာ အတည်ပြုသတ်မှတ် ဖို့အတွက် အဆင့်မြင့်ပစ္စည်းစုံလင်စွာတပ်ဆင်ထားတဲ့ Based and Mobile ဓာတ်ခွဲခန်းများနှင့် လေ့ကျင့်ခန်းပြောရတဲ့ ပညာရှင်များလည်း ခန့်ထားပေးဖို့လိုအပ်ပါတယ်။ သံသရာရှိခွေးတွေကို အနီးကပ်စောင့်ကြည့်ခြင်း၊ ခွေးရူးပြန်ရောဂါရှိ/မရှိ ခွေးများကိုစစ်ဆေးခြင်းနှင့် မှတ်တမ်းတင်ထား ရှိခြင်းများကိုလည်း ပြုလုပ်ရပါမယ်။ Organization ပိုင်းဆိုင်ရာမှာတော့ One Health Approach တွေနဲ့သွားရမှာဖြစ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ One Health(OH) Strategy ကို တိုးမြှင့်ပြီးတော့မှ ကဏ္ဍအလိုက်ပူးပေါင်းပါဝင်မှုကို နိုင်ငံ့အဆင့်အချိန်မြင့် လုပ်ဆောင်ရပါမယ်။ ပြည့်စုံ ကောင်းမွန်တဲ့အဆင့်ဆင့်၊ အမိန့်ပေးစနစ်(Chain of Command)ရှိတဲ့ အုပ်ချုပ်စီမံမှုကိုလည်း တည်ထောင်ဖို့လိုအပ်ပါတယ်။ စီမံချက်မှာ နိုင်ငံ့အဆင့်ဒေသအလိုက် ဦးစားပေးနေရာတွေကို ညီညွတ် မျှတစွာဆောင်ရွက်နိုင်ဖို့အတွက် Plan, Do, Check, Act ဆိုတဲ့ PDCA စနစ်နဲ့ ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ရရှိနိုင်တဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ၊ အုပ်ချုပ်ထောက်ပံ့မှုတွေ၊ အခြေခံ အဆောက်အဦများနှင့်လည်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ဖို့လိုအပ်ပါတယ်။ အလေးထားဦးစားပေး ရမည့် ဒါမှမဟုတ် အထူးထောက်ပံ့ရမည့်နေရာ၊ အချိန်၊ ရာသီဥတုကို လည်းသတ်မှတ်ဖို့လိုအပ် ပါတယ်။ Policy ပိုင်းဆိုင်ရာ Political Support ကမရှိမဖြစ် လိုအပ်ပြီးတော့မှ ခွေးရူးပြန်ရောဂါကို အမြစ်ပြတ်သုတ်သင်ဖယ်ရှားဖို့အတွက် နိုင်ငံတော်အစိုးရက Regional၊ Sub-National၊ National Level များမှာ အပြည့်အဝထောက်ပံ့ပေးမှသာအောင်မြင်နိုင်မှာ ဖြစ်ပါတယ်။ International Support ရရှိဖို့ကတော့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့နဲ့ နိုင်ငံတကာကိုယ်စားလှယ်တွေ ပါဝင်တဲ့ Seminar တွေ၊ Conference တွေ၊ workshop တွေ မကြာခဏပြုလုပ်ပေးခြင်း ဆောင်ရွက်ရပါမယ်။ ကျေးလက်၊ မြို့နယ်၊ ခရိုင်ချင်းဆိုင်ရာ စေ့စပ်ညှိနှိုင်းဆောင်ရွက်မှုတွေအနေနဲ့ကတော့ ခွေးရူးပြန်

ရောဂါဖြစ်ပွားမှုအကြောင်းကို သတိပေးခြင်း၊ သင်ခန်းစာအတွေ့အကြုံဖလှယ်ခြင်းများကို ဆောင်ရွက်ပြီးတော့ သင့်တော်တဲ့ခွေးရူးနှိမ်နင်းရေးစီမံချက်များကို စုပေါင်းရေးဆွဲရပါမယ်။ ခွေးကောင်ရေတိုးပွားမှုကို လျှော့ချထိန်းချုပ်ဖို့အတွက် Dog Birth Spacing ကိုလည်းရေရှည်စီမံကိန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ရပါမယ်။ ခွေးလေခွေးလွင့်များကို Most Dog Recommendation စီမံချက်ချပြီးတော့မှ Pilot Project နဲ့ ဆောင်ရက်နေပြီဖြစ်သော်လည်း ယခုထက် ကျယ်ပြန့်စွာလုပ်ဆောင်ဖို့လိုအပ်နေပါတယ်။ Resources အပိုင်းမှာတော့ ခွေးရူးပြန်ရောဂါပပျောက်ရေးလှုပ်ရှားမှု စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရေရှည်အားပေးထောက်ပံ့မှုလိုအပ်ပါတယ်။ အဲဒီလိုဆောင်ရွက်တဲ့အခါမှာ နိုင်ငံများ၊ မူဝါဒချမှတ်သူများက ခွေးရူးပြန်ရောဂါပပျောက်ရေးမဟာဗျူဟာမှာ ဘတ်ဂျက်တွေပိုမိုချထားပေးခြင်း၊ အလှူရှင်များကိုဆွဲဆောင်စည်းရုံးခြင်းအားဖြင့် ခွေးရူးပြန်ရောဂါပပျောက်ရေးရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ရောဂါကာကွယ်ရေးနှင့်ပတ်သက်တဲ့ ပုဂ္ဂလိကနှင့်ပြည်သူပိုင် ရင်းနှီးမြှုပ်နှံမှုနှင့်အတူ အကျိုးတူစုစပ်လုပ်ငန်းများလုပ်ဆောင်မှုကိုလည်းအားပေးပါမယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အားဖြင့် မြန်မာနိုင်ငံဟာ အာဆီယံနိုင်ငံများမှာ ခွေးရူးပြန်ရောဂါဖြစ်ပွားမှုနဲ့သေဆုံးမှုအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိပါတယ်။ ရောဂါဖြစ်ပွားမှုများရတဲ့ အဓိကစိန်ခေါ်မှုတွေကတော့ အမျိုးသားအဆင့်ခွေးရူးပြန်ရောဂါကာကွယ်မှုမဟာဗျူဟာမူကြမ်း ရေးဆွဲထားပြီးဖြစ်သော်လည်း အတည်ပြုအကောင်အထည်မဖော်နိုင်သေးခြင်း၊ ရောဂါရဲ့ဆိုးကျိုးနဲ့ ခွေးများကို ထိန်းချုပ်နိုင်မည့်နည်းလမ်းလိုအပ်ချက်တွေကို ပြည်သူလူထုကသိရှိမှုနည်းပါးခြင်း၊ တိကျတဲ့ဓာတ်ခွဲခန်းနှင့် သုတေသနဆိုင်ရာကန့်သတ်ချက်များရှိခြင်း၊ ရောဂါကိုထိန်းချုပ်ဖို့အတွက် ငွေကြေးသုံးစွဲမှုနည်းပါးခြင်း၊ ပူးပေါင်းဆောင်ရွက်မှုအတွက် ဖန်တီးထုတ်ဝေနိုင်မှုနည်းပါးခြင်း၊ ခွေးအပါအဝင် တိရစ္ဆာန်နှင့်ပတ်သက်တဲ့ တည်ဆဲဥပဒေများကို ပြည်သူလူထုက သိရှိလိုက်နာမှုနည်းပါးခြင်း၊ Dogs bite Human Center များကို နိုင်ငံအနှံ့ များစွာတည်ဆောက်ပေးရန်လိုအပ်နေသေးခြင်းစတဲ့ စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်မှသာ ခွေးရူးပြန်ရောဂါဖြစ်ပွားမှုလျော့နည်းကျဆင်းရေးအတွက် အထောက်အကူပြုမှာဖြစ်ပါကြောင်း အကြံပြုထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မြင်းခြံမဲဆန္ဒနယ်မှ ဦးစိန်မြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိန်မြင့်(မြင်းခြံမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ မြင်းခြံမဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဦးစိန်မြင့်ဖြစ်ပါတယ်။ ကျွန်တော်က မင်းလှမဲဆန္ဒနယ်က ဒေါက်တာသန်းအောင်စိုးရဲ့အဆိုကို ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ နှစ်စဉ်ခွေးရူးများဖြစ်ပေါ်တတ်တဲ့အချိန်ဟာ နွေဦးကာလ နွေကာလမှာဖြစ်ပါတယ်။ မြန်မာတို့ရဲ့ ထုံးစံအရ ခွေးရူးဖြစ်တဲ့ကာလကို လက်ပံပင်ဖူးချိန်၊ လက်ပံပွင့်ချိန်နှင့် ညှိပြီးလည်း မှတ်သားထားကြပါတယ်။ အဲဒါလက်ပံဖူးချိန် ခွေးရူးချိန်၊ လက်ပံလဲဖူး ခွေးလဲရူး၊ လက်ပံလဲပွင့် ခွေးလဲ လွင့်ဆိုတဲ့ သံပေါက်နှင့်မှတ်သားထားကြတာကို တွေ့ရပါတယ်။ အဲဒီတော့ နွေးဦးကာလမှာ အပူကြောင့်သာ ခွေးရူရောဂါပိုထတဲ့သဘောမျိုးဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ အိမ်မွေးတိရစ္ဆာန် တွေဖြစ်တဲ့ ခွေးနှင့်ကြောင်တွေကို ခွေးရူးရောဂါကာကွယ်ဆေးထိုးတာမျိုး သိပ်လည်းမရှိကြပါဘူး။ အိမ်မွေးတိရစ္ဆာန်ကို ဥပဒေနှင့်အညီ သက်ဆိုင်ရာစည်ပင်ဌာနမှာ မှတ်ပုံတင်ပြီးမွေးထားတဲ့အလေ့ အကျင့်လည်း အင်မတန်မှနည်းပါတယ်။ ခွေး၊ ကြောင်တွေကို ခွေးရူးရောဂါကာကွယ်ဆေးထိုးပေးရ မှာကိုလည်း မသိတဲ့သူတော်တော်များများ ရှိပါတယ်။ အဲဒီတော့လူတွေရဲ့ အသိအမြင်နည်းပါးမှု ကြောင့် ဒါမှမဟုတ် ခွေးရူးကိုက်တာပဲဖြစ်စေ၊ ခွေးကောင်းကိုက်ရင်လည်းဖြစ်စေ၊ ဘိန်းတောနည်းနဲ့ ကုသတာများပေမယ့် ခွေးရူးကိုက်ခံရပြီး သုံးနှစ်အတွင်းမှာ အသုဘအိမ်မသွားရဘူး၊ ငှေးတောက် ရွက်မစားရဘူး၊ အသုဘအိမ်သွားရင် ခွေးရူးပြန်တတ်တယ်ဆိုတာဟာ ယုံကြည်ကြဆဲအချိန်လည်း ဖြစ်ပါတယ်။ အဲဒီတော့ ခွေးရူးရောဂါ Virus ပိုးကြောင့် ခွေးမျိုးနွယ်စုတွေမှာ အဓိကဖြစ်ပွားလေ့ ရှိပါတယ်။ ကြောင်၊ ခွေး၊ မြေခွေး၊ ဝံပုလွေ၊ ခွေးအတွေမှာလည်း ဖြစ်ပွားတတ်ပါတယ်။ ခွေးရူးရောဂါ အကိုက်ရမည်ဆိုလျှင် နှစ်ပတ်ကနေမှ သုံးလအတွင်း ရောဂါလက္ခဏာတွေ ပေါ်ပေါက်လေ့ရှိပါတယ်။

အဲဒီတော့ အိမ်မှာမွေးထားတဲ့ ခွေးကိုက်တာဖြစ်တဲ့အတွက်ကြောင့်မို့ ကာကွယ်ဆေးမထိုးခဲ့တဲ့ တစ်ယောက်ဟာ တခြားရောဂါဖြစ်လို့ ဆေးရုံမှာတတ်တဲ့အခါမှာ ခွေးရူးပြန်ရောဂါပေါ်လာတဲ့အတွက် အသက်ဆုံးရှုံးမှု ဖြစ်ခဲ့ပါတယ်။ ခွေးကိုက်ခံရရင် ခွေးကိုက်ခံရတဲ့နေရာကို ဆပ်ပြာရည်သုံးပြီးတော့ ရေများများနဲ့ ၁၅ မိနစ်ခန့် ဆေးကြောဖို့လိုတယ်။ အရက်ပြန်နဲ့လည်း ထပ်ဆေးပေးရမယ်။ ပိုးသတ်ဆေးတစ်မျိုးမျိုး ထပ်ထည့်ပေးရမယ်။ ဒါတွေ၊ နောက်တစ်ခု ခွေးရူးကာကွယ်ဆေးထိုးပေးရ မယ်ဆိုတာကိုလည်း သိရှိဖို့တော့လိုအပ်ပါတယ်။ အဲဒီတော့ ပိုင်ရှင်ရှိခွေးကိုက်ခံရခြင်း၊ ပိုင်ရှင်မဲ့ခွေးလေ ခွေးလွင့်ကိုက်ခံရင်တောင်မှ မြင်းခြံခရိုင်၊ ပြည်သူ့ဆေးရုံကြီး ပြင်ပလူနာဌာန ၂၀၁၈ ခုနှစ် ခွေးကိုက်လို့ ကုသခံလူနာစာရင်းအရ ဇန်နဝါရီလမှာ ၅၈ ဦး၊ ဖေဖော်ဝါရီလမှာ ၉၅ ဦး၊ မတ်လမှာ ၁၁၈ ဦး၊

ဧပြီလမှာ ၈၈ ဦး၊ မေလမှာ ၆၂ ဦး၊ ဇွန်လမှာ ၄၀ ဦး၊ ဇူလိုင်လမှာ ၃၆ ဦး၊ ဩဂုတ်လမှာ ၃၄ ဦး၊ စက်တင်ဘာလမှာ ၂၇ ဦး၊ အောက်တိုဘာလမှာ ၆၂ ဦး၊ နိုဝင်ဘာလမှာ ၇၈ ဦး၊ ဒီဇင်ဘာလမှာ ၃၉ ဦး အားလုံးစုစုပေါင်း ၂၄၂၉ ဦး ဆေးကုသမှုကို ခံယူခဲ့ရပါတယ်။ နွေရာသီဖြစ်တဲ့ ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလတို့မှာ ခွေးကိုက်ခံရမှုအများဆုံးဖြစ်တယ်ဆိုတာကို သွားတွေ့ရပါတယ်။ အဲဒီတော့ ဒီခွေးရူးပြန်ရောဂါကြောင့် သေဆုံးမှုထဲမှာလည်း မြန်မာနိုင်ငံဟာ ဆဌမအဆင့်လိုက်တယ်ဆိုတာကိုလည်း သိရှိရပါတယ်။ ခွေးကိုက်ခံရမှုကြောင့် ခွေးရူးရောဂါမပြန့်ပွားဖို့ ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေး အဖွဲ့ထောက်ပံ့မှုနဲ့ မြင်းခြံမြို့ပရဟိတတိရိစ္ဆာမွေးကုဆရာဝန်များပူးပေါင်းပြီးတော့ ခွေးလေခွေးလွင့်နဲ့ အိမ်မွေးခွေးအကောင်ရေ မြို့ပေါ်မှာဆိုရင် ၁၈၁၂ ကောင်၊ ကျေးရွာမှာ ၅၁၃ ကောင်တို့ကို ခွေးရူးရောဂါကာကွယ်ဆေးထိုးပေးနိုင်ခဲ့ပါတယ်။

မြို့နယ်စည်ပင်သာယာဌာနနဲ့ပူးပေါင်းဆောင်ရွက်၍သာ ဒီမြို့ပေါ်မှာ အဲဒီအရေအတွက်ကို ကာကွယ်ဆေးထိုးပေးနိုင်ခြင်းဖြစ်ပါတယ်။ မြင်းခြံမြို့မှာ ခွေးချစ်သူများအဖွဲ့ဆိုတာ ရှိပါတယ်။ အဲဒီခွေးချစ်သူများအဖွဲ့က ခွေးလေခွေးလွင့်တွေကို ခြံနဲ့တကွစောင့်ရှောက်ထားပြီးတော့ ခွေးအကောင်ရေ ၆၀ ခန့်ကို ခွေးရူးရောဂါကာကွယ်ဆေးထိုးပေးနိုင်ခဲ့ပါတယ်။ ခွေးရူးကိုက်၍ ဆေးထိုးခံရမယ်ဆိုရင်တော့ ဆေးတန်ဖိုးက ၂၅၀၀၀၊ ရိုးရိုးက ၁၅၀၀၀ ။ အဲဒီတော့ ခွေးကိုက်ခံရတဲ့နေ့မှ ရက်အလိုက်၊ လအလိုက်ခြားပြီး လေးကြိမ်ခန့်ထိုးပြီးမှ ခွေးရူးပြန်ရောဂါကို ကာကွယ်နိုင်မှာဖြစ်ပါတယ်။ အဲဒီတော့ ဒါကိုကြည့်မယ်ဆိုရင် ကုသစရိတ်က ကျပ် ၇၀၀၀၀ လောက်ရှိတယ်။ အဲဒီတော့ မြင်းခြံမြို့နယ်တစ်ခုတည်းမှာပဲ ဆေးရုံရဲ့ခွေးကိုက်လူနာစာရင်း ၂၄၂၉ ဦးအတွက်ဆိုရင် သိန်းပေါင်း ၁၇၀၀ ကျော်လောက်ကုန်ကျနိုင်ပါတယ်။ အဲဒီတော့ လူတစ်ဦးအတွက် ကုသစရိတ်ဟာ ကျပ် ၇၀၀၀၀ ဆိုရင် သာမန်ဆင်းရဲသားပြည်သူများဟာ မိမိရဲ့စရိတ်နဲ့ကုသနိုင်ဖို့က များစွာအခက်အခဲရှိပါတယ်။ မြန်မာနိုင်ငံမှာခွေးအကောင်ရေကလည်း ၃.၈ သန်းလောက်ရှိပါတယ်။ အဲဒီခွေးအကောင်ရေတွေကို ခွေးရူးကာကွယ်ဆေးထိုးဖို့က ပုဂ္ဂလိကအဖွဲ့အစည်း၊ ပရဟိတအဖွဲ့အစည်းတွေနဲ့ ဆောင်ရွက်နိုင်မှာမဟုတ်ပါဘူး။ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ အစိုးရရဲ့စီမံမှု၊ ဆောင်ရွက်မှုကိုလည်း လိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ မင်းလှမဲဆန္ဒနယ်က လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုးရဲ့ လူနှင့်တိရစ္ဆာန်များတွင် ခွေးရူးရောဂါ လျော့နည်းကျဆင်းရေးအတွက် ဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများအားလုံး ပူးပေါင်းလျက် စီမံချက်ချမှတ်ရေးဆွဲပြီး ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရ

အား တိုက်တွန်းကြောင်းအဆိုကို ထောက်ခံဆွေးနွေးအပ်ပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်မေဝင်းမြင့် ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာမေဝင်းမြင့်(မရမ်းကုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ မရမ်းကုန်းမဲဆန္ဒနယ်မှ ဒေါက်တာမေဝင်းမြင့် ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုးရဲ့အဆိုကို ထောက်ခံအကြံပြု ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ဆွေးနွေးချက်များပိုမိုပြည့်စုံရန်အတွက် Power Point သုံးစွဲခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ဒီအဆိုမှာ ခွေးရူးရောဂါဖြစ်ပွားမှု လျော့နည်း ကျဆင်းစေရန်ဟုအဆိုရှင်က သုံးနှုန်းသွားတာမှန်ကန်ကြောင်း တင်ပြလိုပါတယ်။ ခွေးရူးရောဂါသည် ကင်းစင်အောင် Eradicate လုပ်နိုင်သော ရောဂါမဟုတ်ဘဲ လျော့နည်းကျဆင်းအောင် Eliminate တာ လုပ်လို့ရသည့်အတွက် လျော့နည်းကျဆင်းနိုင်ရန်ဆိုသည့် အသုံးအနှုန်းဟာ သင့်တော်ပါတယ် ရှင်။ ဒါ့အပြင် အဆိုရှင်က ဌာနဆိုင်ရာများ၊ ပြည်တွင်းအဖွဲ့အစည်းများနှင့် ပြည်ပအဖွဲ့အစည်းများ အတူတကွ ပူးပေါင်းလုပ်ဆောင်ရန်ဆိုသည့်အချက်မှာလည်း သင့်လျော်သည့်အတွက် ကျွန်မအနေနဲ့ ထောက်ခံအပ်ပါတယ်။ ပူးပေါင်းရမည့်ဌာနဆိုင်ရာများကို ဆွေးနွေးတင်ပြရမယ်ဆိုရင် ဒီအဆိုကို အကောင်အထည်ဖော်ရန်အတွက် ဝန်ကြီးဌာနတစ်ခုတည်းနှင့် မလုံလောက်ပါဘူး။ အနည်းဆုံး အောက်ပါဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ ပြည်တွင်း အဖွဲ့အစည်းများအနေနှင့် ဆွေးနွေးရမည်ဆိုလျှင် ခွေးချစ်သူအသင်းအဖွဲ့အစည်းများ၊ တိရစ္ဆာန်ချစ်သူ အဖွဲ့အစည်းများ၊ ကျန်းမာရေးအတွက် တက်ကြွစွာလှုပ်ရှားနေသော အဖွဲ့အစည်းများကလည်း အရေး ပါသောနေရာမှ ပါဝင်ပတ်သက်နေသည်ဖြစ်တာကိုလည်း သတိပြုရမှာဖြစ်ပါတယ်။ ပြည်ပအဖွဲ့ အစည်းများအနေဖြင့်ဆိုလျှင် WHO၊ FAO၊ OIE နှင့် Four Paws ကဲ့သို့သော နိုင်ငံတကာ အဖွဲ့အစည်းများရဲ့ အခန်းကဏ္ဍကလည်း အရေးကြီးပါသဖြင့် ပြည်တွင်းပြည်ပပူးပေါင်းလုပ်ဆောင်ရန် တင်ပြချက်ကို လည်းသဘောတူလက်ခံပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌကြီးရှင်။ မြန်မာနိုင်ငံမှာ ခွေးရူးရောဂါနှင့်ပတ်သက်တဲ့ ပကတိအခြေအနေများကို တင်ပြရမယ်ဆိုရင် မြန်မာနိုင်ငံမှာတစ်နှစ်လျှင် ခွေးရူးရောဂါကြောင့် နှစ်အလိုက်သေဆုံးမှုစာရင်းများကို Slide များဖြင့် ဖော်ပြထားပါတယ်။ ၂၀၁၄ ခုနှစ်ကနေ ၂၀၁၈ ခုနှစ်အထိ ခွေးရူးရောဂါကြောင့် သေဆုံးမှုကျဆင်းခဲ့တာကိုတွေ့ရမှာဖြစ်ပါတယ်။ ဒီ Slide ကတော့ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် Rabies Immunoglobulin (RIG) ထိုးရတဲ့စာရင်းဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးနှင့်မန္တလေးတိုင်းဒေသကြီးတို့မှာ ကာကွယ်ဆေးအများဆုံးထိုးပေးခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ဒီအချက်အလက်တွေဟာ ဆေးရုံသို့ရောက်ရှိလာတဲ့ Iceberg Theory အရ ရေထဲရှိ ရေခဲတုံး၏ရေပေါ်ပေါ်နေသောအပိုင်းသာဖြစ်ပြီး ဆေးရုံဆေးခန်းသို့ရောက်ရှိမလာသော လူနာများဟာ ဒီထက်မက များပြားစွာရှိနိုင်ပါတယ်။ ဒီ Slide ကတော့ နိုင်ငံတော်မှ ခွေးရူးရောဂါကာကွယ်ဆေးအတွက် ကုန်ကျစရိတ်ဖြစ်ပါတယ်။ အကယ်၍သာ ခွေးရူးရောဂါကို အဆိုပါအတိုင်း ထိရောက်စွာလျှော့ချနိုင်မယ်ဆိုရင် သန်းပေါင်းများစွာသော အသုံးစရိတ်ကို တိုင်းပြည်အတွက်လိုအပ်နေသော ဖွံ့ဖြိုးရေးကဏ္ဍများမှာ အသုံးပြုနိုင်မှာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ကျွန်မအနေနဲ့ ဒီအဆိုနှင့်ပတ်သက်ပြီး အချက်ငါးချက်ကို အကြံပြုတင်ပြမှာဖြစ်ပါတယ်။ အကြံပြုတင်ပြချက်(၁)ဒီအဆိုကိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် အစိုးရဝန်ကြီးများသာမက ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ အကြံပြုချက်(၂) မြို့ကြီးများတွင် ခွေးနှင့်ကြောင်များကို မွေးမြူရာတွင်တာဝန်ယူမှု၊ တာဝန်ခံမှုဖြင့် စနစ်တကျမွေးမြူရန်၊ အကြံပြုချက်(၃) ခွေးလေခွေးလွင့်များကို စနစ်တကျစီမံခန့်ခွဲရန်၊ အကြံပြုချက်(၄) ခွေးနှင့်ကြောင်များကို ကာကွယ်ဆေးမှန်မှန်ထိုးရန်နှင့် ခွေးရူးရောဂါကူးစက်ခံရနိုင်သူများကိုလည်း ကာကွယ်ဆေးထိုးရန် အရေးကြီးကြောင်းတင်ပြလိုပါတယ်။ အဘယ်ကြောင့်ဆိုသော် ခွေးတစ်ကောင်ကို တစ်နှစ်ကာကွယ်ဆေးထိုးရန်ဆေးသည် ကျပ်ထောင်ဂဏန်းမျှသာကုန်ကျမည်ဖြစ်သော်လည်း ခွေးကိုက်ခံရသူတစ်ဦးအနေဖြင့် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးရန် ကျပ်နှစ်သောင်းခွဲမှ ကျပ် ၁၂၀၀၀၀ ကျော်အထိကုန်ကျမှာဖြစ်ပါတယ်။ ထို့ကြောင့် ခွေးနှင့်ကြောင်များကို ကြိုတင်ကာကွယ်ဆေးထိုးခြင်းသည် ကုန်ကျစရိတ်သက်သာပြီး ထိရောက်သောနည်းလမ်းဖြစ်သဖြင့် အချိန်အဟုန်ဖြင့် ဆောင်ရွက်သင့်ပါတယ်။

အကြံပြုချက်(၅) ခွေးရူးကာကွယ်ဆေးများကို ဈေးနှုန်းချိုသာစွာ အရည်အသွေးမီစွာလုံလုံလောက်လောက်ရရှိရေးအတွက် စီမံချက်များချမှတ်ဆောင်ရွက်ရန်နှင့် လိုအပ်ပါက ကမ္ဘာပေါ်ရှိ နိုင်ငံများတွင် ကျင့်သုံးနေသည့်အတိုင်း ခွေးရူးကာကွယ်ဆေးများအား Ready to fill bulk အနေဖြင့်

ဝယ်ယူ၍ ထုတ်လုပ်မှုနောက်ဆုံးအဆင့်ကိုသာ ပြည်တွင်း၌ထုတ်လုပ်ခြင်းဖြင့် ကုန်ကုစရိတ်သက်သာစွာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှာဖြစ်ပါတယ်။ ယခုအချိန်သည် ခွေးရူးရောဂါဖြစ်ပွားမှုတွေများပြီး ခွေးရူးကာကွယ်ဆေးပြတ်လပ်နေသည်ဟု ကြားသိရပါသဖြင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ခွေးရူးရောဂါ ကာကွယ်ဆေးအမြန်ဆုံးရရှိအောင် ဆောင်ရွက်သင့်ပါတယ်။

နိဂုံးချုပ်အနေဖြင့် တင်ပြရရင် ၂၈-၉-၂၀၁၈ ရက်နေ့တွင် ကြေညာခဲ့သည့် ကမ္ဘာ့ခွေးရူးရောဂါတိုက်ဖျက်ရေးနှင့်ဆောင်ပုဒ်မှာပါရှိသော ခွေးရူးရောဂါကာကွယ်ဖို့ သတင်းစကားမျှဝေကာအသက်ကယ်စို့(Rabies Share The Massage Save Alife)ဆိုသည့်အတိုင်း အကြံပြုတင်ပြရင်းမင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး၏ လူနှင့်တိရစ္ဆာန်များတွင် ခွေးရူးရောဂါဖြစ်ပွားမှုလျော့နည်းကျဆင်းရေးအတွက် ဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ အားလုံးပူးပေါင်းလျက်စီမံချက် ချမှတ်ရေးဆွဲပြီးဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကိုထောက်ခံဆွေးနွေးအကြံပြုတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

## ဒေါက်တာသန်းအောင်စိုး၊ မင်းလှမဲဆန္ဒနယ်က တင်သွင်းသည့်အဆိုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အဆိုနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဆွေးနွေးရန်ဖြစ်ပါတယ်။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုးအနေနဲ့လူနှင့်တိရစ္ဆာန်များမှာ ခွေးရူးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်းဖို့ ဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများအားလုံးပူးပေါင်းပြီး စီမံချက်ချမှတ်ဆောင်ရွက်ရန် တိုက်တွန်းခြင်းအဆိုတင်သွင်းထားမှုရှိပါတယ်။ ယင်းအဆိုနှင့်စပ်လျဉ်းပြီး ဆက်စပ်နှီးနွယ်နေတဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့တို့ရဲ့သုံးသပ်ချက်၊ ရှင်းလင်းတင်ပြချက်နှင့်အတူ ပြန်လည်ရှင်းလင်းဆွေးနွေးတင်ပြပါမယ်။ အဆိုရှင်နဲ့ အဆိုအပေါ်မှာ သုံးသပ်အကြံပြုဆွေးနွေးသွားကြတဲ့လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့ မိမိတို့ရဲ့ပညာရပ်နဲ့

အတွေ့အကြုံများအပေါ်မှာ အခြေခံပြီး ဆွေးနွေးတဲ့ ဆွေးနွေးချက်တွေဟာ အလေးအနက်ထားသင့်တဲ့ အချက်များဖြစ်ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ရှင်းလင်းဆွေးနွေးတင်ပြခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်။ ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်တဲ့ခွေးရူးရောဂါဟာ ကူးစက်ခံရတဲ့ လူနှင့်တိရစ္ဆာန်တွေကို အသက်ဆုံးရှုံးစေတဲ့အထိ အန္တရာယ်ရှိကြောင်း အားလုံးသိမြင်ကြပြီးဖြစ်ပါတယ်။ ရောဂါဖြစ်စေတဲ့ ဗိုင်းရပ်စ်ပိုးကြောင့် ခွေးများမှာ အဓိကဖြစ်ပွားသလို ကြောင်၊ ကျွဲ၊ နွား၊ သိုး၊ ဆိတ်စတဲ့ တိရစ္ဆာန်များမှာလည်း ဖြစ်ပွားတတ်တဲ့ရောဂါဖြစ်ကြောင်း သိရှိရပါတယ်။ ခွေးရူးရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်ဖို့အတွက် မွေးမြူထားတဲ့ခွေးတွေကို အသက်သုံးလမှစပြီး ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံခြင်းနှင့် ကာကွယ်ဆေးကို တစ်နှစ်တစ်ကြိမ် ပုံမှန်ထိုးနှံပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ခွေးလေခွေးလွင့်များနှင့်ပတ်သက်ပြီး ကာကွယ်ဆေးထိုးနှံခြင်းနှင့် ခွေးထီး၊ ခွေးမတွေကို သင်းကွပ်ခြင်း၊ သန္ဓေတားဆေးများ ထိုးနှံပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ တကယ်တော့ လက်တွေ့မှာ ဆောင်ရွက်ရမယ့်လုပ်ငန်းပမာဏဟာ ကြီးမားကျယ်ပြန့်ပြီးတော့ ပြည်သူ့အားလိုအပ်ချက်ရှိတဲ့လုပ်ငန်းစဉ်ကြီး ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေနဲ့ ၂၀၁၂ ခုနှစ်ကစပြီး ခွေးရူးပြန်ရောဂါကာကွယ်ဆေးများနှင့် ၂၀၁၄ ခုနှစ်ကစပြီး ခွေးရူးပြန်ကာကွယ်တဲ့ပဋိပစ္စည်းများတို့ကို နိုင်ငံတော်ဘဏ္ဍာငွေနဲ့ နှစ်စဉ်တောင်းခံဝယ်ယူဖြည့်တင်းမှုနှင့်အတူ တိုင်းဒေသကြီး/ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများနှင့် ဗဟိုအဆင့်ဆေးရုံများ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှာရှိတဲ့ မြို့နယ်ဆေးရုံများမှာ ခွေးကိုက်ခံရတဲ့လူနာတွေကို အခမဲ့ထိုးနှံပေးလျက်ရှိပါတယ်။ မိမိတို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေနဲ့ ၂၀၁၃ ခုနှစ်ကစပြီး ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(OIE)နှင့်ပူးပေါင်း၍ ခွေးရူးရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းတွေကို အားစိုက်ဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလမှာ Four Paws International(Austria INGO)နှင့်ပူးပေါင်းပြီး ခွေးရူးရောဂါကာကွယ်ဆေးထိုးခြင်းသင်တန်းများ ဖွင့်လှစ်ခြင်း၊ အိမ်မွေးခွေး၊ ကြောင်တွေနှင့် ခွေးလေခွေးလွင့်များ ဖမ်းဆီးပြီး ရောဂါကာကွယ်ဆေးထိုးခြင်းများကို ဆောင်ရွက်ခဲ့ပါတယ်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေနဲ့ ခွေးရူးရောဂါနှင့်ပတ်သက်ပြီး အစုလိုက်၊ အပြုံလိုက်ခွေးရူးရောဂါကာကွယ်ဆေးထိုးနှံခြင်းကို ရှေ့ပြေးဆောင်ရွက်နိုင်ဖို့ လယ်ဝေးမြို့နယ်၊ ညောင်ဦးမြို့နယ်နှင့် မှော်ဘီမြို့နယ်

သုံးမြို့နယ်မှာ အခမဲ့ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းကို ၂၀၁၃ ခုနှစ်ကနေ ၂၀၁၈ ခုနှစ်အတွင်း Pilot Project အနေနဲ့ ဆောင်ရွက်ခဲ့ပါတယ်။ အဆိုပါကာလမှာပဲ ယင်းမြို့နယ်သုံးမြို့နယ်အပါအဝင် တစ်နိုင်ငံလုံးမှာ ခွေးကောင်ရေလေးသိန်းခန့် ကာကွယ်ဆေးထိုးနှံခြင်းကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ခဲ့ပြီး ယခု ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာလည်း ခွေးကောင်ရေတစ်သန်း ကာကွယ်ဆေးထိုးနှံရေး အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ခွေးရူးရောဂါ ကူးစက်မှုထိန်းချုပ်ရေးနှင့် ရောဂါကူးစက်ခံရမှုလျော့နည်းကျဆင်းရေးအတွက် ကမ္ဘာ့မူဘောင်၊ အာဆီယံမူဘောင်နှင့်အညီ အမျိုးသားအဆင့်စီမံချက်ကို ရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အစီအမံများလည်း ညှိနှိုင်းလုပ်ကိုင်ထားပြီး ဖြစ်ပါတယ်။ သို့သော်လည်းပဲ မိမိတို့ကျေးလက်ဒေသမှာ ခွေးကိုက်ခံဒဏ်ရာရပြီဆိုရင် နနွင်းသိပ်၊ ခုံဖိနပ်ဖြင့် ရိုက်တဲ့ကုထုံးကနေပြီးတော့ လက်ရှိအသိပညာပေးနိုင်ဖို့အတွက် လိုအပ်ချက်တွေလည်း ရှိနေပါတယ်။ ပြည်သူလူထု(Public Awareness)ရဖို့ ခွေးရူးရောဂါနှင့်ပတ်သက်တဲ့ အသိပညာပေးဟောပြောပွဲတွေကို မီဒီယာတွေကတစ်ဆင့် ပညာပေးနိုင်ဖို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေနဲ့ နှစ်စဉ်စက်တင်ဘာလ ၂၈ ရက်နေ့ ကမ္ဘာ့ခွေးရူးရောဂါတိုက်ဖျက်ရေးနေ့ကျရောက်တိုင်း တိုင်းဒေသကြီး/ပြည်နယ်တွေမှာ အခမဲ့ကာကွယ်ဆေးထိုးခြင်းနှင့် ပညာပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ပုဒ်များ သတ်မှတ်ကြေညာပြီး နှိုးဆော်၊ လှုံ့ဆော်သတိပေးဆောင်ရွက်လျက်ရှိပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်ကြီးများ ဆွေးနွေးသွားခဲ့သကဲ့သို့ ၂၀၃၀ ခုနှစ်မှာ ခွေးရူးရောဂါဖြစ်ပွားမှု သုညရည်မှန်းချက်အောင်မြင်ရေး တစ်ခုတည်းသော ကျန်းမာရေးအစီအမံကိုလည်း ချမှတ်ထားပြီးဖြစ်ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ စည်ပင်သာယာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီးတော့ ယခုထက်ပိုမိုအလေးအနက်ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် လွှတ်တော်ကိုယ်စားလှယ်ကြီးတင်သွင်းတဲ့ လူနှင့်တိရစ္ဆာန်များမှာ ခွေးရူးရောဂါဖြစ်ပွားမှုလျော့နည်းကျဆင်းဖို့ ဌာနဆိုင်ရာများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများအားလုံးပူးပေါင်းပြီး စီမံချက်ရေးဆွဲဆောင်ရွက်ရန်အဆိုနှင့်စပ်လျဉ်းပြီး လက်ရှိအခြေအနေမှာ မိမိတို့ရဲ့အရင်းအမြစ်အခြေခံစွမ်းအားများအပေါ်မှာ အခြေပြုပြီး အကန့်အသတ်များကျော်လွှားနိုင်ရေး စီမံမှုများနှင့်အတူ

သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေတဲ့အပြင် ပြည်တွင်းပြည်ပအဖွဲ့အစည်းများပါ ဆက်စပ်ပြီး အနာဂတ်အတွက် မျှော်မှန်းချက်ထားစီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိနေပြီဖြစ်တဲ့အတွက် အဆိုကို မှတ်တမ်းတင်ပေးနိုင်ပါရန် ရှင်းလင်းဆွေးနွေး တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။အဆိုရှင်ရဲ့သဘောထားပြောပါ။

**ဒေါက်တာသန်းအောင်စိုး(မင်းလှမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားရပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးမင်္ဂလာပါ။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ မင်းလှမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းအောင်စိုး ဖြစ်ပါတယ်။ ၂၃-၁-၂၀၁၉ ရက်နေ့ ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး တတိယနေ့မှာ ခွေးရူးရောဂါလျော့နည်းကျဆင်းရေးအတွက် အဆိုကို တင်သွင်းခဲ့ပါတယ်။ ဒီအဆိုကို ဆွေးနွေးဖြစ်အောင် ထောက်ခံတင်ပြပေးခဲ့တဲ့ ဒေါက်တာမင်းသိန်း၊ ရေဦးမဲဆန္ဒနယ်ကို ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ဒီအပြင် ကျွန်တော့်ရဲ့အဆိုကို စိတ်ဝင်တစားပါဝင်ဆွေးနွေးပေးကြတဲ့ တပ်မတော်သားကိုယ်စားလှယ်အပါအဝင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၁၁ ကိုလည်း အထူးကျေးဇူးတင်ရှိပါတယ်။ ပထမဦးဆုံးကတော့ ကျွန်တော်ပြောချင်တာက ကမ္ဘာ့ခွေးရူးရောဂါကာကွယ်ရေးနေ့ (World Rabies Day) ဆိုတာ နှစ်စဉ် စက်တင်ဘာလ ၂၈ ရက်နေ့ကို သတ်မှတ်ပြီး ကျင်းပလာခဲ့ကြတာ ဖြစ်ပါတယ်။ အဲဒါကလည်း ခွေးရူးရောဂါကာကွယ်ဆေးကို အောင်အောင်မြင်မြင် တီထွင်ထုတ်လုပ်နိုင်ခဲ့တဲ့ Louis Pasteur ကွယ်လွန်တဲ့နေ့ကို အထိမ်းအမှတ်တစ်ခုအနေနဲ့ ပြုလုပ်ထားတာကို ပထမဦးစွာကျွန်တော်ပြောလိုပါတယ်။ ဒုတိယအချက်အနေနဲ့ကတော့ ဒီခွေးရူးရောဂါလျော့နည်းကျဆင်းအောင် သက်ဆိုင်ရာဌာနဆိုင်ရာတွေအားလုံး၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းတွေ အားလုံးပူးပေါင်းဆောင်ရွက်ရမယ်လို့ ကျွန်တော်တင်ပြခဲ့ပါတယ်။ ကျွန်တော်ထင်တဲ့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ မြို့တော်စည်ပင်သာယာရေးကော်မတီတွေ ဒီအပြင် တောင်မှ တခြားလိုအပ်မယ်ထင်တဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ စီပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒီလိုဝန်ကြီးဌာနတွေလည်း ပေါင်းစပ်ဖွဲ့စည်းဖို့လိုတယ်ဆိုတာ ထောက်ပြဆွေးနွေးသွားတဲ့အတွက်လည်း အများကြီးကျေးဇူးတင်ရှိပါတယ်။ ဒီအပြင်မှာ ခွေးရူးရောဂါအနေနဲ့က မြွေကိုက်တဲ့ရောဂါတွေ၊ ငှက်ဖျားရောဂါတွေထက်တောင် သေဆုံးမှုနှုန်းများနေတယ်ဆိုတာမျိုး ထောက်ပြတာလည်းပဲ အင်မတန်စိတ်ဝင်စားစရာ

ကောင်းပါတယ်။ မြန်မာနိုင်ငံမှာလည်းပဲ ဒီခွေးရူးရောဂါကို ဟိုတုန်းက ခွေးရူးရောဂါကုဆေးရုံဆိုပြီးတော့ မော်ကွန်းတိုက်လမ်းမှာ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့မှာ ဖွင့်လှစ်ထားတာ ရှိပါတယ်။ အဲဒီနောက်မှာမှ အခု ဒီအဆောက်အဦကို National Health Laboratory အမျိုးသားကျန်းမာရေးဓာတ်ခွဲဌာနဆိုပြီးတော့ ခွေးရူးရောဂါကုဆေးရုံကိုလည်း ဒီလိုပြောင်းလဲဖွင့်လှစ်ထားတာ တစ်ဖြည်းဖြည်းနဲ့ ခွေးရူးရောဂါအတွက် ဆောင်ရွက်ခဲ့ကြသလို ဒီဘက်ပိုင်းမှာလည်း ကျန်းမာရေးဓာတ်ခွဲဌာနအနေနဲ့ ဖွင့်လှစ်ဆောင်ရွက်ထားတဲ့ အဆောက်အဦတစ်ခုရှိတယ်ဆိုတာကိုလည်း တင်ပြလိုပါတယ်။ ဒီအပြင် အခုလိုမျိုး ခွေးရူးရောဂါကို ဆွေးနွေးတင်ပြရတဲ့အထဲမှာ ဝန်ကြီးဌာနအနေနဲ့လည်းပြ ဒီလုပ်ငန်းကြီးဟာ အရေးကြီးမှန်းတော့သိပါတယ်။ ဒါပေမဲ့ မြို့နယ်သုံးခုမှာလည်း စမ်းသပ်ဆောင်ရွက်တာ အောင်အောင်မြင်မြင်ရှိခဲ့ပါပြီ။ ဆောင်ရွက်နေတဲ့အတွက်မို့လို့လည်း ဒါကိုမှတ်တမ်းတင်ပေးပါလို့ ပြောခဲ့ပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ဒီလောက်အရေးကြီးတဲ့ရောဂါတစ်ခုကို ဆောင်ရွက်နေတဲ့ဟာကို အင်မတန်အားရဝမ်းသာဖြစ်မိပါတယ်။ ဒီအပြင်လည်း တစ်ဆင့်ထက်တစ်ဆင့်တိုးတိုးပြီး ဆောင်ရွက်သွားစေချင်တဲ့အတွက် ကျွန်တော့်ရဲ့အဆိုကို မှတ်တမ်းတင်စောင့်ကြည့်အဖြစ် ခွင့်ပြုပေးနိုင်ပါရန် ပြည်သူ့လွှတ်တော်ကြီးကို လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါက်တာသန်းအောင်စိုး၊ မင်းလှမဲဆန္ဒနယ်က တင်သွင်းသွားတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးက ဆွေးနွေးပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းခဲ့ပါတယ်။ အဆိုရှင်ကလည်း မှတ်တမ်းတင်စောင့်ကြည့်ပေးရန်ရှင်းလင်းပြောကြားသွားပါတယ်။ ဒါကြောင့် ဒီအဆိုနှင့်စပ်လျဉ်းပြီး မှတ်တမ်းတင်စောင့်ကြည့်ရန် လွှတ်တော်ကသဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဒေါက်တာသန်းအောင်စိုး တင်သွင်းတဲ့အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာပါတယ်။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ရပ်နားကြောင်းနှင့် အစည်းအဝေး (၂၄)ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၀ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၄)ရက်မြောက်နေ့ကို ၂၀၁၉ ခုနှစ်၊ မတ်လ ၁၃ ရက်(ဗုဒ္ဓဟူးနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၃း၁၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၂၃)ရက်မြောက်နေ့ကို ၁၃း၁၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မှူကြမ်း**

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ (၁၁.၃.၂၀၁၉) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့် ပုဂ္ဂိုလ်များ





U Hla Kyaw U Ba Shein




U Hla Kyaw U Kyaw Min Hlaing




U Min Thein U Win Maw Tun




U Maung Maung U Win Maw Tun





U Thet Naing Oo U Win Maw Tun




U Sai Maung Pwint U Win Maw Tun

pyithu.hluttaw.mm



U Maung Maung Oo



U Win Maw Tun

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်